# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် ၂၀၁၅ ခုနှစ်၊ မေ ၂၈ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၃၆]


ဒါန၌ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း

လှူဒါန်းခြင်းသည်

မြတ်သောမင်္ဂလာ မည်၏။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

"လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး"

စာမျက်နှာ-၃



# မျက်နှာပြင်နှစ်ဖက်ကို ဗားနစ်အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားသည့် တစ်သောင်းကျပ်တန်ငွေစက္ကူ ဇူလိုင် ၁ ရက်တွင် စတင်ထုတ်မည်




မျက်နှာဘက်




ကျောဘက်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**နေပြည်တော်**

**ကြေညာချက်**

**(၂၀၁၅ ခုနှစ် မေလ ၂၈ ရက်)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ထုတ်ဝေထားရှိသည့် ငွေစက္ကူများ၏ ခိုင်မာလုံခြုံမှုအတွက် လုံခြုံမှုအဆင့်အတန်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက် နေ့တွင် ထုတ်ဝေခဲ့သော တစ်သောင်းကျပ်တန်ငွေစက္ကူ၏ တရားဝင်လှည့်လည်သုံးစွဲငွေအဖြစ် တည်ရှိနေမှုကို မထိခိုက်စေဘဲ ယင်းငွေစက္ကူ၏ လုံခြုံမှုအဆင့်အတန်း ပိုမိုမြင့်မားစေ၍ အရည်အသွေး ပိုမိုကောင်းမွန်စေရန်၊ အသုံးပြုနိုင်မှု သက်တမ်းပိုမိုရှည်ကြာစေရန်နှင့် အတုအပပြုလုပ်ခြင်းမှ ကာကွယ်ရန်အလို့ငှာ တောက်ပသော မြစိမ်းရောင်ဂဏန်းပုံစံ အသစ်၊ ရေစာအသစ်နှင့် ငွေစက္ကူ၏ မျက်နှာပြင်နှစ်ဖက်ကို ဗားနစ် (Varnish) အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားသည့် တစ်သောင်းကျပ်တန်ငွေစက္ကူကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ စတင်ထုတ်ဝေမည်ဖြစ်ပါသည်။

မူလတစ်သောင်းကျပ်တန်ငွေစက္ကူ၏ မျက်နှာစာ ညာဘက်အောက်ထောင့်တွင် ရိုက်နှိပ်ထားသည့် ရိုးရိုးဂဏန်း "၁၀၀၀၀"အစား တောက်ပသည့်မြစိမ်းရောင် "၁၀၀၀၀" ဂဏန်းကို ပြောင်းလဲထည့်သွင်းထားပါသည်။ ငွေစက္ကူကို အနေအထားပြောင်းလဲကြည့်လျှင် ယင်းဂဏန်း၏ တောက်ပမှုအလင်းရောင်သည် အထက်အောက် ရွေ့လျားနေသည့်အပြင် ဂဏန်း၏အရောင်သည် မြစိမ်းရောင်မှ အပြာရင့်ရောင်သို့ ပြောင်းလဲနိုင်ပါသည်။ တစ်သောင်းကျပ်တန် ငွေစက္ကူမျက်နှာစာ၏ လက်ဝဲဘက်အပိုင်းတွင် ပုံစံသစ်ဖြင့် ပြုလုပ်ထားသည့် ကြာဖြူပွင့်ပုံရေစာပါရှိပြီး၊ ငွေစက္ကူကို အလင်းရောင်တွင်ကြည့်ပါက ရေစာကိုတွေ့နိုင်ပါသည်။ ငွေစက္ကူကို ဖုံးအုပ်ကာကွယ်ထားသည့် ဗားနစ်(Varnish)အလွှာသည် ပြင်ပမှရေခိုး ရေငွေ့များ၊ အရည်များနှင့် အရောင်စွန်းထင်းနိုင်သည့် အရာများကြောင့် ငွေစက္ကူအရည်အသွေးနိမ့်ကျပျက်စီးခြင်းကို ကာကွယ်စေသဖြင့် ငွေစက္ကူ၏အသုံးပြုနိုင်မှုသက်တမ်းကို ပိုမိုရှည်ကြာစေပါသည်။ ၎င်းအပြင် ငွေစက္ကူ၏ ရှေ့မျက်နှာစာ

စာမျက်နှာ ၄ ကော်လံ ၁


တက်ကြွလန်းဆန်း၊ ဖြည့်စွမ်းအားအင် "ဗိုက်တာဗီမင်"




VITAVIMIN ကို နေ့စဉ်သောက်သုံးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ

- Vitamin A,C,E ပါဝင်သောကြောင့် ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို တိုးတက်ကောင်းမွန်စေသည်။ ဗီတာမင်များသာ သီးသန့်ပါဝင်သောကြောင့် ကင်ဆာရောဂါဖြစ်ပွားနိုင်မှုကို ကာကွယ်ပေးသည်။
- Vitamin $B_1$, $B_2$, $B_5$, $B_6$, $B_9$,$B_{12}$ (B-Group) ပါဝင်မှုကြောင့် ဦးနှောက်နှင့်အာရုံကြောစနစ်ကို ပိုမိုကောင်းမွန်စေပြီး၊ ပင်ပန်းနွမ်းနယ်မှုများကို အမြန်ဆုံးပြေပျောက်စေသည်။
- Vitamin $D_3$ ပါဝင်သောကြောင့် အရိုးနှင့်သွားများ၏ ကျန်းမာကြံ့ခိုင်မှုကိုအထောက်အကူဖြစ်စေပါသည်။

Marketed By: GOLD DOLL YANGON - MYANMAR

Manufactured By: TRAPHACO Hanoi, Vietnam.

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## မူကြိုပညာရေး အလေးထား

မူကြိုပညာရေးအစီအစဉ်ကို အခြေခံပညာကျောင်းများ အားလုံး၌ ဖွင့်လှစ်သင်ကြားပေးခြင်း မရှိသေးသော်လည်း ကလေးမိဘများက မိမိတို့သားသမီးများကျောင်းတက်သည့်အခါ အဆင်သင့်ဖြစ်စေရန် ပုဂ္ဂလိကမူကြိုကျောင်းများ၊ နေ့ကလေးထိန်းကျောင်းများအစရှိသဖြင့် မူကြိုပညာရေးကို အလေးထားသင်ကြားပေးလျက်ရှိပါသည်။ အထူးသဖြင့် မြို့ပြများတွင် မူကြိုသင်ကြားမှုကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေပြီဖြစ်ပါသည်။

မူကြိုပညာရေးဟူသည်ကား မူလတန်းအတွက် အကြိုပညာရေးပင်ဖြစ်ပါသည်။ မူကြိုပညာရေး၏ အဓိကရည်ရွယ်ချက်မှာ အသက်ငါးနှစ်ပြည့်၍ ကလေးကိုကျောင်းအပ်သည့်အခါ သူငယ်တန်းအတွက် အဆင်သင့်ဖြစ်မှုကို ပြုစုပျိုးထောင်ပေးခြင်းဖြစ်ပါသည် မူကြိုအဆင့်တွင် ဆော့ကစားခြင်းသည် သင်ယူခြင်းဖြစ်သည် (Playing is Learning) ဟူသော သဘောတရားနှင့်အညီ ကလေးများကိုပြုစုသင်ကြားပေးခြင်း ဖြစ်သည်ဟု ပညာရှင်များက ဆိုပါသည်။

အမှန်စင်စစ် မူကြိုပညာရေးသည် ၁၉၉၀ ပြည့်နှစ်က ထိုင်းနိုင်ငံ ဂျွန်တီယံပင်လယ်ကမ်းခြေမြို့၌ ကျင်းပခဲ့သည့် လူတိုင်းအတွက် ပညာရေးညီလာခံကြီးက ချမှတ်ခဲ့သော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေး (Early Childhood Care and Development-ECCD) အစီအစဉ်မှ အစပြုခဲ့သည်ဟု ဆိုရပေလိမ့်မည်။ ထိုအစီအစဉ်ချမှတ်ပြီး ဆယ်စုနှစ်အကြာ ၂၀၀၀ ပြည့်နှစ်တွင် ဒါကာ၌ ကျင်းပသည့် ညီလာခံ၌ ထိုအစီအစဉ်ကို ဒါကာအည္တန်းဘောင်အဖြစ် ပြုပြင်ဖွင့်ဆိုခဲ့ကြောင်း သိရပါသည်။ ကလေးပြုစုစောင့်ရှောက်ရေးနှင့် ပညာရေး (Early Childhood Care and Education ECCE) ဟူ၍ဖြစ်ပါသည်။ ဤအစီအစဉ်ကို ချမှတ်သည့်အချိန်မှစ၍ ကမ္ဘာ့နိုင်ငံများက ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းလာမှုများကြောင့် ယနေ့ကမ္ဘာ့ပညာရေးလောကတွင် မူကြိုပညာရေးကို အလေးထားလာကြသည်။

မြန်မာနိုင်ငံတွင်လည်း ပညာရေးမြှင့်တင်မှုအစီအစဉ်များအရ မူကြိုပညာရေးကို အလေးထားဆောင်ရွက်နေပြီဖြစ်ပါသည်။ မူကြိုပညာရေးသည် ကလေးများ၏အသိဉာဏ်ရင့်သန် ဖွံ့ဖြိုးမှုကို တိုးတက်ကောင်းမွန်စေပါသည်။ မူလတန်းစတင် တက်ရောက်သည့်အခါ ကျောင်းလန့်ခြင်း၊ ကျောင်းကြောက်ခြင်း မရှိစေဘဲ ဆရာနှင့် ကျောင်းသားတစ်သားတည်းဖြစ်သွားပြီး မူလတန်းပညာရေးကို အဆင်ပြေချောမွေ့စွာ သင်ကြားနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ မူကြိုပညာရေးကို မိဘတိုင်းက အလေးထားဆောင်ရွက်သွားကြမည်ဆိုလျှင် မိမိတို့သားသမီးများ မူလတန်းပညာရေးကို စတင်သင်ကြားသည့်အခါ အခက်အခဲမရှိ ပညာသင်ကြားနိုင်မည်ဖြစ်ပါကြောင်း။ ။

**ပညာမြင့်မှ လူမျိုးတင့်မည်**



# အသေးစားငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီစည်းဝေး

**နေပြည်တော် မေ ၂၈**

အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ (၂/၂၀၁၅)ကြိမ်မြောက် အစည်းအဝေးကို မေ ၂၅ ရက်က နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် NGO နှစ်ဖွဲ့၊ ပြည်တွင်းခုနစ်ဖွဲ့၊ ပြည်ပနှစ်ဖွဲ့ စုစုပေါင်း အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၁၁ ဖွဲ့တို့မှ လုပ်ငန်းတာဝန်ခံများက အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ မတည်ရင်းနှီးငွေရရှိမှုနှင့် ရင်းနှီးရန် အစီအစဉ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အစည်းအဝေးများမှ ၂၀၁၅ ခုနှစ် ဧပြီလကုန်ထိ အသေးစားငွေရေးကြေးရေး လုပ်ငန်းအဖွဲ့အစည်း ၂၃၄ ဖွဲ့အား လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ လိုင်စင်ထုတ်ပေးရန် စံနှုန်းများဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခြင်းသည် အရေးကြီးသကဲ့သို့ လိုင်စင်ထုတ်ပေးပြီးနောက်ပိုင်း စနစ်တကျကြီးကြပ်ကွပ်ကဲခြင်းသည် ပို၍အရေးကြီးကြောင်း၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် အသင်းဝင်များ ကြွေးနွံမနစ်စေရေး အပါအဝင် အသင်းဝင်ကာကွယ်ရေး ဥပဒေများ ကျင့်သုံးရေးနှင့် ချေးငွေ၊ စုငွေအပါအဝင် ငွေကြေးဝန်ဆောင်မှုများ၏ ကျသင့်အတိုးနှုန်း၊ ကုန်ကျစရိတ်အပါအဝင် စည်းမျဉ်းသတ်မှတ်ချက်များအား အသင်းဝင်ပြည်သူများသိရှိစေရန် ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို အကြောင်းပြုပြီး ငွေတိုးချေးစားသူများရှိသည့်အတွက် ယခုလိုလိုင်စင်လျှောက်ထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အကြီးအကဲများကို ခေါ်ယူတွေ့ဆုံရခြင်းဖြစ်ကြောင်း၊ လိုင်စင်များကို ထုတ်ပေးရာတွင် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် လိုင်စင်လျှောက်ထားသည့် အဖွဲ့အစည်းများအား လုပ်ငန်း လုပ်ကိုင်ခွင့်ယာယီလိုင်စင် တစ်နှစ်ထုတ်ပေးပြီး လုပ်ငန်းအဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်မှသာ လိုင်စင်ကြီး ချထားပေးမည်ဖြစ်ကြောင်း၊ လိုင်စင်လျှောက်ထားသည့် ပြည်တွင်းပြည်ပမှ ကုမ္ပဏီအဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ကိုင်မည့် နေရာဒေသများအား နယ်မြေမထပ်ရအောင် မိမိတို့ကော်မတီက စိစစ်သတ်မှတ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **(မြန်မာ့အလင်း)**

# မပြီးပြတ်သေးသော လုပ်ငန်းများလက်စသိမ်းစေချင်



ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင် လမ်းမကြီးတစ်လျှောက်၌ လမ်းဘေးတိုးချဲ့ခြင်း၊ လူသွားပလက်ဖောင်းများခင်းခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့တော်ဝန် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းတံတား)က ယမန်နှစ် နှစ်ဦးပိုင်းကစတင်၍ လုပ်ကွက်အလိုက် ပိုင်းခြား၍ ဆောင်ရွက်လာခဲ့သည်။

သခင်မြပန်းခြံမှ ဗားကရာချောက်အနီးထိ ဆောင်ရွက်မှုမှာ ယခုနှစ် နှစ်ဆန်း၌ ဘောဂရပ်ကွက် ပထမဖြတ်လမ်း (အရေးပေါ်ဝင်ပေါက်ထွက်ပေါက်) အရောက်တွင် ရပ်တန့်သွားခဲ့သည်။ ယခုအခါ လချီကြာမြင့်နေခဲ့ပြီး ရေမြောင်းတူးဖော်မှုမှာလည်း လုပ်ငန်းလက်စ မသတ်နိုင်ဘဲ မြောင်းတူးရန် ကွန်ကရစ်တုံးငယ်များကိုသာ မကြာသေးမီက ယာယီလာချထားပေးခဲ့သည်။

ပြီးခဲ့သော မတ်လအတွင်း၌ ပန်းဥယျာဉ်ဌာနမှ လမ်းဘေးရှိ မလွတ်သောသစ်ပင်ကြီးများကို ခုတ်လှဲခဲ့ပြီး အမြစ်များကို တူးဖော်ခဲ့သည်။ အကိုင်း၊ အခက်၊ ပင်စည်များကို တစ်ပါတည်းသယ်ဆောင်သွားခဲ့သော်လည်း အမြစ်တုံးကြီးများကို ယနေ့တိုင်သယ်ယူခြင်းမရှိဘဲ ချန်ထားခဲ့သည်။

သို့အတွက် ဘောဂရပ်ကွက်၏ ဖြတ်လမ်းအရေးပေါ် ထွက်ပေါက်မှ ယာဉ်များ အဝင်အထွက်အသုံးမပြုနိုင်သည်မှာ တစ်နှစ်နီးပါးကြာမြင့်လာခြင်း၊ သစ်ပင်ကြီးများ၏ အမြစ်တူးဖော်ရာ၌ တွင်းပေါက်များရှိနေခြင်း၊ အမြစ်တုံးများရှိနေခြင်းတို့ကြောင့်၊ ခရီးသွားပြည်သူများအနေဖြင့် တွင်းများ၊ သစ်မြစ်တုံးများကို ရှောင်ကွင်း၍ ယာဉ်သွားလမ်းမှ ဖြတ်သန်းနေရသည်မှာ လူနှင့်ယာဉ် အန္တရာယ် အချိန်မရွေးကြုံတွေ့လာနိုင်ကြောင်း ထင်သာမြင်သာ ကဏ္ဍမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**ဘော်ဂါသွေး**

## ထင်သာမြင်သာပြုပြင်စရာ

# မြန်မာ့မီးရထားရုံးချုပ်အဆောက်အအုံကို ဟိုတယ်လုပ်မည့်ကိစ္စ ကိုရီးယားကုမ္ပဏီနှင့်တင်ဒါပျက်ပြယ်

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း အမှတ် ၃၅၁-၃၆၁ ရှိ မြန်မာ့မီးရထားရုံးချုပ်(၅)ထပ် အဆောက်အအုံအား ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၁၆-၁၂-၂၀၁၁ နှင့် ၁၇-၁၂-၂၀၁၁ ရက်စွဲပါ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် တင်ဒေါ်ခေါ်ယူခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ Dosim Engineering & Construction Co.,Ltd. က တင်ဒါအောင်မြင်ခဲ့သည်။ သို့ရာတွင် အဆိုပါကုမ္ပဏီသည် အကြောင်းကြောင်းကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် တင်ဒါကို ပယ်ဖျက်လိုက်ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံကို စီးပွားရေးအဆောက်အအုံအဖြစ် ပြန်လည်အသုံးချရန် အစီအစဉ်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၃၈၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၉၀ |
| ဥရောပ | တစ်ယူရို | ၁၁၈၉.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၀၇.၂၆ |
| ထိုင်း | တစ်ဘတ် | ၃၂.၂၇၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၀၅၂ |
| တရုတ် | တစ်ယွမ် | ၁၇၅.၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၀၀ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၂၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၂၅-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၃၀၀-၁၇၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၁၈၅၀-၁၉၀၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၄၇၀-၆၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၅၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၅၀-၁၀၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# စိုက်ပျိုးရေး၊ ရေထွက်ပစ္စည်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဆက်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး



**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖန်ဘင်မင်းဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်တန်ဇွန်းလည်း တက်ရောက်သည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ ရေထွက်ပစ္စည်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဆက်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးများ ခန့်ထားခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၄၀/၂၀၁၅**
**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ်၊ မေလ ၂၈ ရက်)**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးတင်မျိုးကြည် ညွှန်ကြားရေးမှူးချုပ် အမှတ်(၂)အခြေခံပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ခ) | ဦးကိုကိုတင် ညွှန်ကြားရေးမှူးချုပ် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာဇော်မြင့် ညွှန်ကြားရေးမှူးချုပ် မြန်မာစာအဖွဲ့ဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မြန်မာစာနှင့် ဘာသာစကား ပညာရေးဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာခိုင်မြဲ ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပညာရေးသုတေသန အဖွဲ့ဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပညာရေးသုတေသန ဦးစီးဌာန ပညာရေးဝန်ကြီးဌာန |
| (င) | ဦးတင့်သွင် ညွှန်ကြားရေးမှူးချုပ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်မြင့်အား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဝင်းတင့် ဒုတိယညွှန်ကြားရေးမှူးချုပ် လမ်းဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အဆောက်အအုံဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးဝင်းဖေ ဒုတိယညွှန်ကြားရေးမှူးချုပ် လမ်းဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် လမ်းဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဂ) | ဦးဟန်စိုး ဒုတိယညွှန်ကြားရေးမှူးချုပ် တံတားဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် တံတားဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန |

## POSCO ကုမ္ပဏီက ဒေဝူး၏ မြန်မာနိုင်ငံရှိ ရှယ်ယာများရောင်းချမည်ဟူသော သတင်းမှာ စီးပွားရေးလုပ်ငန်းရှင်များအကြား အထူးစိတ်ဝင်စားစရာဖြစ်ခဲ့

**ကျော်သဲအိမ်**

ကမ္ဘာ့ စတုတ္ထအကြီးဆုံး သံမဏိလုပ်ငန်း ကုမ္ပဏီတစ်ခုဖြစ်သော POSCO ကုမ္ပဏီအနေဖြင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီခွဲဖြစ်သော ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီ၏ မြန်မာနိုင်ငံရှိ သဘာဝဓာတ်ငွေ့ဆိုင်ရာ ရှယ်ယာများကို ရောင်းထုတ်မည်ဟူသော သတင်းများမှာ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးအသိုက်အဝန်းမှ ပုဂ္ဂိုလ်များအကြား အထူးစိတ်ဝင်စားသည့် သတင်းများဖြစ်လာခဲ့ကြောင်း ကိုရီးယားတိုင်း(မ်)သတင်းစာက မေ ၂၇ ရက်က ထုတ်ပြန်ကြေညာသည်။

POSCO ကုမ္ပဏီသည် ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီ၏ ရှယ်ယာ ၆၀ ဒသမ ၃၁ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။ ဒေဝူးကုမ္ပဏီသည် ၂၀၁၃ ခုနှစ် ဇွန်လမှစတင်ကာ မြန်မာ့ပင်လယ်ပြင်ရှိ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းကို အောင်မြင်စွာလုပ်ကိုင်ခဲ့သည့် ကိုရီးယားနိုင်ငံ၏ အကြီးမားဆုံး ထရိတ်ဒင်းကုမ္ပဏီတစ်ခုဖြစ်သည်။

POSCO ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ ကွမ်အို့ဂျွန်းက POSCO လက်အောက်ခံ ကုမ္ပဏီများသည် လိုအပ်ပါက ပြန်လည်ဖွဲ့စည်းခြင်းနှင့် တချို့မှာ third parties များသို့ ရောင်းချခြင်းများရှိနိုင်ကြောင်း၊ မိမိတို့ကုမ္ပဏီအနေဖြင့် ဒေဝူး၏ သဘာဝဓာတ်ငွေ့တွင် ရင်းနှီးမြှုပ်နှံထားသော ရှယ်ယာကိုရောင်းပစ်မည်ဟူသော သတင်းနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်ခြင်း မရှိသေးပါကြောင်း၊ POSCO ကုမ္ပဏီသည် ၎င်း၏ ငွေကြေးခိုင်မာမှုမြှင့်တင်ရန် လုပ်ဆောင်ရမည့်အချက်များစွာကို ပြန်လည်သုံးသပ်နေကြောင်း၊ ထို့ကြောင့် ဒေဝူး၏အစုရှယ်ယာရောင်းချရေးကိစ္စအပေါ် ဆုံးဖြတ်ချက်ချခြင်းမရှိသေးပါကြောင်း သတင်းထောက်များကို ပြောကြားသည်။

ထို့အပြင် ကွမ်အို့ဂျွန်းက ဒေဝူး၏ အစုရှယ်ယာရောင်းချရေးကို လာမည့် ဇွန်လတွင် ဆုံးဖြတ်ချက်ချဖွယ်ရှိကြောင်း ပြောကြားသည်။ ဒေဝူးကုမ္ပဏီကမူ ထိုကိစ္စမှာ လုံးဝမဖြစ်နိုင်ဟုဆိုသည်။ ဒေဝူးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံရှိ ၎င်းတို့၏သဘာဝဓာတ်ငွေ့နှင့် အခြားသော အရင်းအမြစ်များဆိုင်ရာ လုပ်ငန်းများတွင် မြှုပ်နှံထားသည့် ရှယ်ယာများကို ရောင်းချလိုက်ပါက POSCO ကုမ္ပဏီအနေဖြင့် ဆုံးရှုံးမှုများစွာ ရှိနိုင်ကြောင်း၊ သို့သော် ၎င်းတို့၏ ပင်မဖြစ်သော POSCO ကုမ္ပဏီသည် ၎င်း၏ ငွေကြေးခိုင်မာမှုကို မြှင့်တင်ရာတွင် ထိုအချက်ကို ထည့်သွင်းစဉ်းစားခဲ့သည်မှာ မှန်ကန်ပါကြောင်း ပြောကြားသည်။

**The Korea Times**

# မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၂၈**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာ မေ ၂၁ ရက် မွန်းလွဲပိုင်းက ဘယ်လာရုစ်နိုင်ငံ မင့်စ်ခ်မြို့သို့ ရောက်ရှိသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ၏ Council of the Republic of the National Assembly ၌ ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Mikhail Myasnikovich နှင့်လည်းကောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ House of the representatives of the National Assembly ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vladimir Andreichenko နှင့် လည်းကောင်း သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ-ဘယ်လာရုစ် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မေ ၂၂ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr Andrey Kobyakov နှင့် သွားရောက်တွေ့ဆုံသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် Victory Square သို့ သွားရောက်ကာ ပန်းခွေချ ဂါရဝပြုခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဘယ်လာရုစ်နိုင်ငံသမ္မတ H.E. Mr. Alesandr Lukshenko နှင့် တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်သော အခွင့်အလမ်းများအတွက် ဆွေးနွေးခဲ့ကြသည်။

မေ ၂၃ ရက် နံနက်ပိုင်းတွင် Belorussian State Museum of the History of the Great Patriotic War နှင့် the National Historical and Cultural Museum တို့သို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် the Agricultural Complex ''Snov'' သို့ သွားရောက်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်း နည်းစနစ်များကို လေ့လာခဲ့ကြသည်။

မေ ၂၄ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ၏ Council of the Republic of the National Assembly သို့ သွားရောက်ခဲ့ပြီး ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Mikhail Myasnikovich နှင့် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံလွှတ်တော်ချင်းချစ်ကြည်ရေးနားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးကြသည်။ **(ဓာတ်ပုံ)**

ထို့နောက် ဘယ်လာရုစ်နိုင်ငံ အမျိုးသားစာကြည့်တိုက်သို့ သွားရောက်ကာ စာကြည့်တိုက်ရှိ စာအုပ်စာပေများ စနစ်တကျ ထိန်းသိမ်းထားမှုတို့ကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**





**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Mikhail Myasnikovich နှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

❁ ရှေ့ဖုံးမှ

ဘယ်/ညာအစွန်းများတွင် ဖောင်းကြွလိုင်းတိုများကို ထည့်သွင်းထားပါသည်။ မူလတစ်သောင်းကျပ်တန်ငွေစက္ကူတွင် အသုံးပြုထားသည့် လုံခြုံရေးကြိုးကို ဆက်လက်အသုံးပြုထားပြီး၊ ငွေစက္ကူကိုကြည့်သည့် အနေအထားပေါ်မူတည်၍ လုံခြုံရေးကြိုး၏အရောင်သည် ပန်းခရမ်းရောင်မှ အစိမ်းရောင်သို့ ပြောင်းလဲနိုင်ပါသည်။

ယခုထုတ်ဝေမည့် တစ်သောင်းကျပ်တန်ငွေစက္ကူမှာ တောက်ပသော မြစိမ်းရောင် ဂဏန်းပုံစံအသစ်၊ ရေစာအသစ်နှင့် ငွေစက္ကူမျက်နှာပြင်နှစ်ဖက်ကို ဗားနစ် (Varnish) အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားခြင်းတို့မှအပ ငွေစက္ကူအရွယ်အစား၊ ပုံသဏ္ဌာန်နှင့် အရောင်သတ်မှတ်ချက်များသည် မူလတစ်သောင်းကျပ်တန် ငွေစက္ကူအတိုင်း ဖြစ်ပါသည်။

**လက်ရှိ တရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော တစ်သောင်းကျပ်တန်ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိမည်ဖြစ်ပါသည်။**

❖ ကျောဖုံးမှ

ဒီနီပရိုအသင်းအဖွင့်ဂိုးရရှိခဲ့သည်။ ဆီဗီလာအသင်း ချေပဂိုးရရှိရန် ပွဲချိန် ၂၈ မိနစ်တွင် ကားလို့စ် ဘာကာဖန်တီးမှုဖြင့် ကွင်းလယ်ကစားသမား ခရီချိုဝိက်ခ်က ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၁ မိနစ်တွင် ဒီနီပရိုအသင်း လူကွဲဘော ဖမ်းကစားရာမှ ကားလို့စ် ဘာကာ လွတ်ထွက်လာပြီး ဒီနီပရိုဂိုးသမား ဒန်နီစ်ဘွိုင်ကို ကိုလှည့်ပတ်ကာ ဆီဗီလာအတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၄ မိနစ်တွင် ဒီနီပရိုအသင်း ပြစ်ဒဏ်ဘောရရှိကာ ကွင်းလယ်ကစားသမား ရိုတန်က တိုက်ရိုက်သွင်းယူခဲ့ပြီး ဒီနီပရိုအသင်း ပြန်လည်ချေပဂိုးရရှိခဲ့သည်။ ပထမပိုင်းပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ရရှိထားသည်။ ဒုတိယပိုင်းတွင် အပြန်အလှန် ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၇၃ မိနစ်တွင် ဆီဗီလာအတွက် အနိုင်ဂိုးကို ဗီတိုလို ဖန်တီးပေးရာမှ ကားလို့စ် ဘာကာ လွတ်လွတ်ကျွတ်ကျွတ် ဂိုးသွင်းခဲ့သည်။ ပွဲပြီးချိန်တွင် သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိကာ နှစ်နှစ်ဆက်တိုက် ယူရိုပါလိဂ်ဖလားပိုင်ဆိုင်ခဲ့သည်။ ဆီဗီလာအသင်းသည် ယခုနှစ် ယူရိုပါလိဂ်ဖလား လေးကြိမ်မြောက်ဖြင့်ရရှိပြီး ယူရိုပါလိဂ်ဖလား အကြိမ်အရေအတွက် အများဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

# မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာတိုက်ခန်းများ ကိုယ်ပိုင်မဲနှိုက်စနစ်ဖြင့် ဆောင်ရွက်ပေးမည်

**မန္တလေး မေ ၂၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာတိုက်ခန်းများအား နေရာချထားပေးလျက်ရှိရာ လျှောက်ထားလာသူများအနက်မှ ပထမအဆင့်အနေဖြင့် တိုက်ပွဲကျစစ်မှုထမ်းများ၏ မိသားစုဝင်များနှင့် တိုက်ပွဲတွင် ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ရသော စစ်မှုထမ်းဟောင်း ၁၀၀ နှင့် အငြိမ်းစားဝန်ထမ်း ၈၀၀ တို့အား တိုက်ခန်းဝယ်ယူခွင့်ကို မေ ၂၉ ရက် နံနက် ၉ နာရီမှစတင်၍ မြို့တော်ခန်းမ၌ အောင်ဘာလေထီဖွင့်သည့် စနစ်ကဲ့သို့ မဲနှိုက်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

တိုက်ခန်းဝယ်ယူခွင့်ရရှိသူများအား တိုက်အမျိုးအစား၊ အထပ်နှင့် အခန်းအမျိုးအစားတို့ကို ဇွန်လပထမပတ်တွင် ကိုယ်တိုင် မဲနှိုက်စနစ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါမဲနှိုက်ပွဲအခမ်းအနားသို့ စိတ်ဝင်စားသူများလာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တပ်ကုန်းမြို့ ဆင်သေကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးလင်းပြီ

**တပ်ကုန်း မေ ၂၈**

နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ဆင်သေကျေးရွာ၌ ယခုအခါ လျှပ်စစ်ဓာတ်အားစနစ်မှ ၂၄ နာရီပတ်လုံး မီးစတင်ရပြီဖြစ်သဖြင့် ဒေသခံပြည်သူများ၏လူနေမှုဘဝ ပိုမိုမြင့်မားလာတော့မည် ဖြစ်သည်။

တပ်ကုန်းမြို့နှင့် တစ်မိုင်ခန့်ဝေးသည့် ဆင်သေကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ယနေ့ ညနေ ၆ နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဦးမြင့်ရွှေ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

"ဒီနေ့ကစပြီး တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာ လျှပ်စစ်ဓာတ်အားစနစ်မှ ၂၄ နာရီ မီးရရှိပြီဖြစ်ပါတယ်။ ကင်မွန်းတန်းကျေးရွာအုပ်စု ဆင်သေကျေးရွာလျှပ်စစ် မီးလင်းရေးလုပ်ငန်းကို အခုလို အောင်အောင်မြင်မြင်နဲ့ ဖွင့်လှစ်ပေးလိုက်နိုင်တဲ့အတွက် ဒီကျေးရွာတွေရဲ့ လူမှုစီးပွားဘဝဟာ မြို့နဲ့မခြား မကြာမီဖွံ့ဖြိုးတိုးတက်တော့မှာပါ"ဟု အဆိုပါ မီးလင်းရေးဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ပြောသည်။

ဆင်သေကျေးရွာ မီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၈၀ ဒသမ ၀၀၀ အကုန်အကျခံ၍ ၃၀-၁၂-၂၀၁၄ ရက်က စတင်ပြီး 220 KVA ထရန်စဖော်မာ တစ်လုံး၊ 11 KV ဓာတ်အားလိုင်း ပေ ၈၀၀၊ လိုင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၈၀၀ တို့ကို ကျေးရွာအိမ်ခြေ ၁၆၆ လုံးအား စတင် တပ်ဆင်ဆောင်ရွက်ပေးခဲ့ရာ ၅-၄-၂၀၁၅ ရက်က လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်သဖြင့် ယခုအခါ အဆိုပါနေအိမ်များ ၂၄ နာရီပတ်လုံး လျှပ်စစ် မီးထိန်ထိန်လင်းပြီဖြစ်သည်။ ကျန်ရှိသည့်အိမ်များသို့လည်း မကြာမီ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ လျှပ်စစ်မီးရရှိသည့်အတွက် ညောင်ပင်သာကျေးရွာဒေသခံများ နေ့စဉ်ချက်ပြုတ်ရာ၌ အသုံးပြုရသည့် ထင်းနှင့်မီးသွေးသုံးစွဲခြင်းများ လျှော့ချနိုင်မည်ဖြစ်သည့်အတွက် အနီးပတ်ဝန်းကျင် သဘာဝတောတောင်များလည်း ပြန်းတီးမှု သက်သာလာမည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အားကိုအခြေခံပြီး အခြားအိမ်တွင်း အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများလည်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်လာနိုင်မည်ဖြစ်သဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝလည်း အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်တော့မည်ဖြစ်သည်။

**သတင်း-မောင်လွင်(တပ်ကုန်း)**
**ဓာတ်ပုံ-တင်စိုးလွင်**



# အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလွှင့်လုပ်ငန်းများအဖွဲ့အစည်း (ABU) ၏ အာရှရေဒီယိုညီလာခံစတင်

ရန်ကုန် မေ ၂၈

**အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရုပ်သံလွှင့်လုပ်ငန်းများအဖွဲ့အစည်း (Asia-Pacific Broadcasting Union-ABU)၏ တတိယအကြိမ်မြောက် အာရှရေဒီယိုညီလာခံ (၂၀၁၅) (Radio Asia-2015 Conference) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာ ဟိုတယ်၌ ကျင်းပသည်။** (ယာပုံ)




ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများပါဝင်ပြီး ကောင်းမွန်သောမီဒီယာပတ်ဝန်းကျင် ဖြစ်ထွန်းရေးအတွက် ယူနက်စကိုနှင့် ဂျာမနီနိုင်ငံမှ FES စသည့် နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများနှင့် ၂၀၀၈ ခုနှစ်ကတည်းက ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုင်ရာ ဥပဒေရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အကျိုးဆက်အနေဖြင့် ရုပ်သံထုတ်လွှင့်မှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများတွင် အများပြည်သူဝန်ဆောင်မှု အသံလွှင့်ဌာနများ၊ ပုဂ္ဂလိက အသံလွှင့်ဌာနများနှင့် လူထုအခြေပြုအသံလွှင့်ဌာနများ တိုးတက်ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု ဖြစ်သော မြန်မာနိုင်ငံအနေဖြင့် အသံလွှင့်မီဒီယာသည် သတင်းအချက်အလက်များရယူရန် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေသေးကြောင်း၊ ၂၀၁၂ ခုနှစ်က ပြည်သူလူထု၏ မီဒီယာများမှ သတင်းအချက်အလက်ရယူမှုသည် တစ်နိုင်ငံလုံး၏ ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ပြုပြင်ပြောင်းလဲမှုများစတင်ပြီး နှစ်နှစ်အကြာ ၂၀၁၄ ခုနှစ်တွင် ၄၄ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ကြောင်း။

မိုဘိုင်းဖုန်းဖြင့် သတင်းအချက်အလက်ရယူမှုတွင် ၂၀၁၀ ပြည့်နှစ်က နိုင်ငံ့လူဦးရေ၏ လေးပုံတစ်ပုံသာ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် လူဦးရေ၏ ၄၄ ရာခိုင်နှုန်း ကျော်အထိ တိုးတက်လာကာ လာမည့်နှစ်တွင် မိုဘိုင်းဖုန်းသုံးစွဲမှုသည် လူဦးရေ၏ ၇၅ ရာခိုင်နှုန်းအထိ လွှမ်းခြုံသွားမည်ဟု ယူဆကြောင်း၊ ထို့အတူ ၂၀၁၁ ခုနှစ်က အင်တာနက်အသုံးပြုသူ သုံးသိန်းသာရှိခဲ့သော်လည်း ယနေ့အချိန်တွင် ၁၇ သန်းခန့် ရှိနေပြီဖြစ်ကြောင်း၊ သတင်းအချက်အလက်ခေတ် ဖြစ်သည်နှင့်အညီ အသံထုတ်လွှင့်တင်ဆက်ခြင်းကို နည်းပညာအသုံးပြုကာ ရေရှည်ရပ်တည် သွားနိုင်ရေးအတွက် နိုင်ငံတကာ အသံလွှင့်သတင်းဌာနများ၏ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများကို အာရှရေဒီယိုညီလာခံတွင် မျှဝေသွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ABU အတွင်းရေးမှူး Dr. Javad Mottaghi က နှုတ်ခွန်းဆက် စကားပြောကြားသည်။

ညီလာခံတွင် ကဏ္ဍအလိုက် ဆွေးနွေးပွဲများပါဝင်ပြီး အသံလွှင့်လုပ်ငန်းများ၏ အနာဂတ်အလားအလာ၊ အသံလွှင့်မီဒီယာ၏ စွမ်းအားဖန်တီးခြင်း၊ ရေဒီယိုအသံလွှင့်ခြင်းကို ဘက်စုံသုံးမီဒီယာအသွင် ပြောင်းလဲခြင်း၊အာရှ-ပစိဖိတ်ဒေသတွင်း ဒစ်ဂျစ်တယ်ရေဒီယိုအကောင် အထည် ဖော်နိုင်မှုများ၊ ပြိုင်ဆိုင်မှုများသော ဈေးကွက်များတွင် လမ်းသစ်ထွင်ခြင်း၊ လူမှုမီဒီယာများနှင့် ရေဒီယိုများ၏ အခန်းကဏ္ဍနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း၏ အနာဂတ်မျိုးဆက် စသည့် ခေါင်းစဉ်များဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းမီဒီယာ အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြမည်ဖြစ်ပြီး ညီလာခံကို မေ ၃၀ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါညီလာခံကို ၂၀၁၂ ခုနှစ်တွင် ကိုရီးယားနိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံတို့၌ ကျင်းပခဲ့ပြီး ယခုနှစ်တွင် တတိယအကြိမ် အာရှရေဒီယိုညီလာခံအဖြစ် အာရှ-ပစိဖိတ်ရုပ်သံလွှင့်လုပ်ငန်းများ အဖွဲ့အစည်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်း၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။

အာရှရေဒီယို ညီလာခံတွင် မလေးရှား၊ ဩစတြေးလျ၊ အမေရိကန်၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ ဂျာမနီ၊ ဗြိတိန်၊ ထိုင်း၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ အာဖဂန်နစ္စတန်၊ ရိုမေးနီးယား၊ ဟောင်ကောင်၊ စင်ကာပူ စသည့် နိုင်ငံများပါဝင်ပြီး နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကိုယ်စားလှယ် ၉၆ ဦးနှင့် ပြည်တွင်းမီဒီယာများမှ ကိုယ်စားလှယ် ၁၂၀ တက်ရောက်ကြကြောင်း သိရသည်။

ညီလာခံကျင်းပစဉ် ကာလအတွင်း အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလွှင့်လုပ်ငန်းများ အဖွဲ့အစည်း၏ ရေဒီယိုသီချင်းပွဲတော်ကို မေ ၂၉ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ကျင်းပသွားမည်ဖြစ်ကာ ABU အဖွဲ့ဝင်နိုင်ငံများအနက် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ဂီတအနုပညာရှင်များ ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများ၏ မတူကွဲပြားသော ယဉ်ကျေးမှု၊ အမြင်ရှုထောင့်များ၊ အလေးထား တန်ဖိုးထားမှုနှင့် အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်ဖော်ဆောင်နိုင်ရန်၊ ဒေသတွင်းရေဒီယိုထုတ်လွှင့်မှု နည်းပညာ၊ အသံလွှင့်အစီအစဉ်၊ အကြောင်းအရာပိုင်းဆိုင်ရာ အတွေ့အကြုံ၊ ဗဟုသုတများကို ဖလှယ်မျှဝေနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ရေဒီယိုသီချင်းပွဲတော်တွင် နိုင်ငံတကာမှ တက်သစ်စ ဂီတအနုပညာရှင်များနှင့် မြန်မာနိုင်ငံမှ ဇော်ပိုင်၊ နီနီခင်ဇော်၊ အမွန်း စသည့် ဂီတအနုပညာရှင်များလည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ဂီတအနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Entertainment Channel တွင် တိုက်ရိုက်ထုတ်လွှင့် တင်ဆက်သွားမည်ဖြစ်ကာ MRTV Web Portal မှလည်း ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

ပြိုင်ပွဲတွင် ထိုးကြေးများကို အတန်းလိုက် ချီးမြှင့်မည်ဖြစ်ရာ ၅၁ ကီလိုနှင့် ၅၄ ကီလိုတန်းတို့တွင် ကွာတား၌ ထိုးကြေးငွေကျပ်တစ်သိန်း၊ ဆီမီး၌ ငွေကျပ်နှစ်သိန်းခွဲ၊ ဗိုလ်လုပွဲတွင် ရှုံးပါလျှင် ငွေကျပ်ငါးသိန်းနှင့် နိုင်လျှင် ငွေကျပ် ၁၀ သိန်းနှင့်အတူ ရွှေခါးပတ်ချန်ပီယံဆုခါးပတ်ကို ရရှိမည်ဖြစ်သည်။

ကွာတား၌ ဘိုင်ဖြင့် တက်ပြီးဆီမီးယှဉ်ပြိုင်ထိုးသတ်သူကို ပထမပြိုင်ပွဲရှုံးကြေး ငါးသောင်းအပါအဝင် ထိုးကြေး တစ်သိန်းခွဲရရှိမည် ဖြစ်ကြောင်း သိရသည်။ အလားတူ ၅၇ ကီလို၊ ၆၀ ကီလိုနှင့် ၆၃ ကီလို တို့တွင်လည်း ကွာတား၌ ထိုးကြေး ငွေကျပ် တစ်သိန်းခွဲ၊ ဆီမီးတွင် ငွေကျပ်လေးသိန်း၊ ဗိုလ်လုပွဲတွင် ရှုံးပါကငွေကျပ် ရှစ်သိန်းနှင့်နိုင်ပါက ငွေကျပ် ၁၅ သိန်းနှင့်ရွှေခါးပတ် ရရှိမည်ဖြစ်သည်။ ဘိုင်ရရှိသူကဆီမီးတွင် ရှုံးလျှင် ငွေကျပ်နှစ်သိန်းခွဲ ရရှိမည် ဖြစ်သည်။ ယင်းနောက် ၆၇ ကီလိုတန်းနှင့် ၇၁ ကီလိုတန်းတို့တွင် ကွာတား၌ ငွေကျပ်နှစ်သိန်း၊ ဆီမီးတွင် ငွေကျပ်ငါးသိန်း၊ ဗိုလ်လုပွဲတွင် ရှုံးပါက ငွေကျပ် ၁၀ သိန်းနှင့် နိုင်လျှင် ဆုကြေးငွေကျပ် သိန်း ၂၀ နှင့် ရွှေခါးပတ်တို့ကို ရရှိမည်ဖြစ်သည်။ ဘိုင်ရရှိသူကဆီမီးတွင် ရှုံးလျှင် ဆုကြေးအဖြစ် ငွေကျပ်သုံးသိန်းရရှိမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ ၂၀၁၅ ပြိုင်ပွဲကြီးတွင် လက်ဝှေ့ဝါသနာရှင်ပြည်သူများ ကြည့်ရှုလိုပါက ကြိုးဝိုင်းအနီးကပ်တန်းတွင် ငွေကျပ် ၂၀၀၀၀၊ အထူးတန်းငွေကျပ် ၁၅၀၀၀၊ ပထမတန်းငွေကျပ် ရှစ်ထောင်နှင့် ရိုးရိုးတန်းငွေကျပ် ငါးထောင်သတ်မှတ်ပေးထားပြီး ကြိုတင်မှာယူလိုပါက ဖုန်း-၀၉-၂၅၄၂၀၄၁၆၀ နှင့် ၀၁-၂၄၉၁၁၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

✱ **ကျောဖုံးမှ**

ပြင်ပအပူချိန်များနေပြီး တံခါးဖွင့်ချိန်တွင် ပြင်ပမှ အပူများဝင်ရောက်မှုရှိခြင်း၊ ခရီးသည်များ၏ လိုအပ်ချက်အရ ဘူတာစဉ် ရထားရပ်ပေးရသဖြင့် တိုတောင်းသော အချိန်အတွင်း တံခါး အဖွင့်အပိတ် လုပ်ရသဖြင့် Air-con အေးချိန်မရရှိခြင်းတို့ဖြစ်သည်။ ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် မြန်မာ့မီးရထားမှ အဖြေရှာဆောင်ရွက်သွားမည်ဖြစ်သည်။

ဘူတာစဉ်ရပ်မည့် ရထားများထားရှိသလို ခရီးသည်များများစီးသည့် ဘူတာများ၌သာ ဘူတာခြား၍ ရပ်တန့်ခြင်းမျိုးကိုလည်း ခရီးသည်များ၏ လိုအပ်ချက်အပေါ် စစ်တမ်းကောက်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

ရန်ကုန် သီလဝါဆိပ်ကမ်းသို့ မေလအတွင်းက ရောက်ရှိလာသော ဂျပန်နိုင်ငံမှ ဝယ်ယူထားသည့် RBE တွဲဆိုင်းသစ်များသည် တစ်ဆိုင်းကို အမေရိကန်ဒေါ်လာ တစ်သိန်းဝန်းကျင်ဖြင့် ပေးဆောင်ဝယ်ယူခဲ့ရပြီး ယခုအခါ မြစ်ငယ်နှင့် အင်းစိန်တို့တွင် သင့်လျော်မည့် ကိုယ်ထည်ပြုပြင်ခြင်း၊ လှေကားတပ်ဆင်ခြင်း၊ AC နှိမ့်ချခြင်း၊ ဘီးညှစ်ခြင်း၊ ဘိုဂီနှင့် ဘရိတ်ကိရိယာချိန်ညှိခြင်းစသည့် ပြုပြင်မွမ်းမံမှုများ ပြုလုပ်နေပြီဖြစ်သည်။ ရောက်ရှိလာသည့် အဆိုပါ RBE တွဲဆိုင်းသစ် အမျိုးအစားများမှာ KIHA 11 ၁၆ တွဲ၊ 36 -1100 နှစ်တွဲ၊ IRT 355 တစ်တွဲ၊ isumi 201 တစ်တွဲနှင့် KIHA 47.48 ၁၂ တွဲစုစုပေါင်း ၃၂ တွဲ ဝယ်ယူခဲ့သည်။

"ကျွန်တော်တို့ ဂျပန်နိုင်ငံက ရောက်ရှိနေတဲ့ RBE တွဲဆိုင်း ၃၂ တွဲထဲက အတွဲငါးတွဲစီ ပါဝင်တဲ့ တွဲဆိုင်းငါးဆိုင်းကို သင့်လျော်တဲ့ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးလမ်းပိုင်းတွေမှာ ပြေးဆွဲပေးမှာဖြစ်ပါတယ်။ ကျန်တဲ့တွဲဆိုင်းတစ်ဆိုင်းနဲ့ အပိုတွဲနှစ်တွဲကိုတော့ အရေးကြုံတဲ့အခါ သုံးဖို့ အရန်သဘောအနေနဲ့ထားရှိမှာဖြစ်ပါတယ်။ ဈေးနှုန်းကိုတော့ နီးမှ ပြည်သူတွေကို မီဒီယာကတစ်ဆင့် အသိပေးသွားမှာပါ။ ခုတော့ ဈေးနှုန်းပိုင်းဆိုင်ရာညှိနှိုင်းမှုတွေ မလုပ်ဆောင်ရသေးပါဘူး"ဟု မြန်မာ့မီးရထားမှ ဦးကျော်ကျော်မျိုး (ဒုတိယအထွေထွေမန်နေဂျာ၊ ခရီးသည်)က မြန်မာ့အလင်းသို့ ပြောသည်။

ယခုပြေးဆွဲပေးမည့် RBE ငါးတွဲပါ တွဲဆိုင်းငါးဆိုင်းကို ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးတို့တွင် ပြေးဆွဲပေးနေသည့် လက်ရှိတွဲဆိုင်းများထဲမှ အဟောင်းငါးဆိုင်းကို ဖယ်ထုတ်ပြီး အသစ်အနေဖြင့် အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်ကာ ယခုလာမည့် ဇွန်လကုန်ပိုင်းတွင် တွဲဆိုင်းနှစ်ဆိုင်း၊ ဇူလိုင်လတွင် တွဲဆိုင်းနှစ်ဆိုင်းနှင့် ဩဂုတ်လတွင် တွဲဆိုင်းတစ်ဆိုင်း အားလုံးပေါင်း တွဲဆိုင်းငါးဆိုင်းကို တစ်ဆိုင်းလျှင် ငါးတွဲစီချိတ်ဆွဲကာ အစားထိုးပြေးဆွဲပေးရန် စီစဉ်လျက်ရှိပြီး လက်မှတ်ခဈေးနှုန်းမသတ်မှတ်ရသေးသော်လည်း ပြည်သူများအတွက် သင့်လျော်မည့်ဈေးနှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**စာပေမြင့်မှ လူမျိုးတင့်မည်**



# အသည်းရောင်အသားဝါ 'စီ'ပိုး လုံးဝပျောက်အောင် ကုနည်းများ

အသည်းရောင်အသားဝါစီရောဂါပိုးကို သေအောင်လုပ်ပြီး ရာသက်ပန် စီပိုးလုံးဝမရှိတော့အောင် ကုမယ်ဆိုရင် အသည်းမခြောက်အောင်၊ အသည်းကင်ဆာမဖြစ်အောင် ကာကွယ်ပေးနိုင်တယ်ဆိုတာ ပြောခဲ့ပြီးပါပြီ။

စီပိုးသေဆေးတွေနဲ့ မကုခင်မှာ ဘယ်လိုလူတွေကို ရွေးချယ်ပြီး အဆင့်ဆင့်စစ်ဆေးပြီး စီပိုးသေအောင် ကုရမယ်ဆိုတာကို ပထမဆုံးပြောချင်ပါတယ်။

**Anti HCV positive ဖြစ်တယ်ဆိုရင် ဘာဆက်လုပ်ရမှာလဲ**

လူတစ်ယောက်ဟာ သွေးစစ်လိုက်လို့ Anti HCV positive ဖြစ်တယ်ဆိုရင် ငါတော့ စီပိုးရှိတယ်ဆိုပြီး ထိတ်လန့်တုန်လှုပ် ချောက်ချားကုန်ကြပါတယ်။

တကယ်တော့ Anti HCV positive ဆိုတာ စီပိုးရှိတယ်လို့ ပြောတာမဟုတ်ပါဘူး။ တစ်ကြိမ်တစ်ခါက စီပိုးဝင်ခဲ့ဖူးတယ်ဆိုတာကို ပြောတာပါ။

HCV RNA ဆိုတာကမှ စီပိုးပါ။ အဲဒါကြောင့် Anti HCV positive ဖြစ်တယ်ဆိုရင် စီပိုးရှိမရှိ HCV RNA လို့ခေါ်တဲ့ စီပိုးအကောင်အရေအတွက်ကို ဆက်စစ်ရပါမယ်။

အဲလိုစစ်တဲ့အခါမှာ HCV RNA negative လို့ အဖြေထွက်ရင် စီပိုးမရှိဘူးပေါ့။ အဲတော့ ဘာမှ ကုစရာမလိုပါဖူး။ ဒါပေမယ့်လို့ စီပိုးတစ်ကြိမ်တစ်ခါက ဝင်ခဲ့ဖူးတယ်ဆိုတဲ့အတွက် ခြောက်လတစ်ခါတော့ အသည်းကောင်းမကောင်း ပုံမှန်စစ်ဆေးသင့်ပါတယ်။

HCV RNA စီပိုးအကောင်ရေတွေ များနေတယ်ဆိုရင်တော့ စီပိုးသေဆေးတွေနဲ့ ကုဖို့လိုပါမယ်။

အဲလိုကုဖို့အတွက် နောက်တစ်ဆင့် ဆက်လုပ်ရမှာကတော့ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ ဆိုတဲ့ စီပိုးအမျိုးအစားအုပ်စု ခြောက်မျိုးထဲက ဘာအမျိုးအစားဖြစ်တယ်ဆိုတာကို စစ်ရပါတယ်။ စီပိုးအမျိုးအစားပေါ်လိုက်ပြီး ကုရတဲ့အချိန်ကွာခြားပါတယ်။ ပြီးတော့ စီပိုးလုံးဝပျောက်တဲ့နှုန်းဟာလည်း စီပိုးအမျိုးအစားပေါ်မူတည်ပြီး ကွဲပြားမှုရှိပါတယ်။ အကြမ်းအားဖြင့်ပြောရမယ်ဆိုရင် အမျိုးအစား(၁)ဟာ ကုရတာအခက်ဆုံးဖြစ်ပြီး အမျိုးအစား(၂) ကတော့ ကုရတာအလွယ်ဆုံးပါ။ ကျန်အမျိုးအစားတွေဖြစ်တဲ့ ၃၊ ၄၊ ၅၊ ၆ ဆိုရင်တော့ အလယ်အလတ်ပျောက်နှုန်းတွေရှိပါတယ်။

**ဘယ်လိုလူတွေကို ကုမှာလဲ**

စီပိုးအကောင်ရေရှိတဲ့ လူတိုင်းကို ကုသင့်ပါတယ်။ ဘာလို့လဲဆိုတော့ ရှေ့မှာပြောခဲ့သလိုပဲ စီပိုးပျောက်အောင်ကုမှ အသည်းကင်ဆာမဖြစ်အောင် ကာကွယ်နိုင်မှာပါ။


ဒါကြောင့်မို့လို့ Anti HCV positive ဖြစ်တဲ့ လူတိုင်းဟာ စီပိုးရှိတယ်ဆိုရင် အသည်းကင်ဆာဖြစ်နိုင်သည့်အတွက် ပေါ့ဆဆမနေဘဲ လိုအပ်သလို စနစ်တကျဆက်လက်စစ်ဆေးပြီး စီပိုးလုံးဝပျောက်ကင်းသည့်အထိ ကုသသင့်ပါတယ်။

**ဘယ်လိုလူတွေကို မကုရမှာလဲ**

စီပိုးရှိတဲ့လူတိုင်းကို ကုသင့်ပေမယ့်လဲ အောက်မှာဖော်ပြထားတဲ့ အခြေအနေတွေမှာတော့ ပြင်းထန်တဲ့ ပက်ဂလိတ်တက် အင်တာဖရွန်ထိုးဆေးတွေသုံးပြီး မကုသင့်ပါဘူး။

က။ နှလုံးသွေးကြောကျဉ်းရောဂါရှိသူများ

ခ။ ဆိုးရွားပြင်းထန်တဲ့ စိတ်ကျရောဂါရှိသူတွေ




ဂ။ အသည်းခြောက်ရောဂါ နောက်ဆုံးအဆင့်ရောက်နေသူများ

ဃ။ အခြား ဆိုးဆိုးရွားရွား ရောဂါရှိသူများ

ဒါပေမယ့်လည်း အခုခေတ် နောက်ဆုံးပေါ် စီပိုးသေဆေး စားဆေးတွေနဲ့ ကုမယ်ဆိုရင်တော့ စီပိုးရှိတဲ့ လူနာတိုင်းနီးပါးကို ကုလို့ရနေပါပြီ။

**စီပိုးသေဆေးတွေနဲ့ ဘယ်လိုကုမှာလဲ**

အသည်းရောင် အသားဝါစီရောဂါပိုး သေအောင်ဆိုပြီး လွန်ခဲ့တဲ့ နှစ် ၂၀ အတွင်းမှာ စီပိုးသေဆေးအမျိုးမျိုးကို သုံးပြီးကုခဲ့ကြပါတယ်။

ပထမဆုံး တစ်ပတ်ကို သုံးရက်ထိုးရတဲ့ ရိုးရိုးအင်တာဖရွန်ဆိုတဲ့ ဆေးနဲ့စကုခဲ့ပါတယ်။ နောက်တော့ အဲဒီတစ်ပတ်သုံးရက် ရိုးရိုးအင်တာဖရွန်နဲ့ ရိုင်ဘာဗရင်း (Ribavirin)ဆိုတဲ့ စားဆေးနဲ့တွဲကုတယ်။ အဲဒီကတစ်ဆင့် ပက်ဂလိတ်တက် အင်တာဖရွန် (Pegylated Interferon) နဲ့ ရိုင်ဘာဗရင်းစားဆေးတွဲပြီး ကုလာပါတယ်။

ဒီလို စီပိုးသေဆေးတွေကို တစ်မျိုးပြီးတစ်မျိုးစမ်းပြီး ကုလာတာနဲ့အမျှ စီပိုးလုံးဝပျောက်တဲ့ နှုန်းဟာလည်း တဖြည်းဖြည်းမြင့်သထက်မြင့်လာပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် စီပိုးလုံးဝပျောက်တဲ့နှုန်းဟာ ၂၀ရာခိုင်နှုန်းခန့်ကနေ ၈၀ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာပါတယ်။

အထက်ကပုံမှာ ပြထားတဲ့အတိုင်း လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကထိ ကမ္ဘာပေါ်မှာ အကောင်းဆုံးစီပိုးသေဆေးလို့ လက်ခံထားတာကတော့

၁။ ပက်ဂလိတ်တက် အင်တာဖရွန်ကို တစ်ပတ်တစ်လုံးထိုးပြီးကုတာနဲ့တွဲပြီး

၂။ ရိုင်ဘာဗရင်းစားဆေးကို နေ့တိုင်းစားပြီးကုတဲ့နည်းစနစ်ပါပဲ။

အဲဒီလို ပက်ဂလိတ်တက် အင်တာဖရွန်ထိုးဆေးနဲ့ ရိုင်ဘာဗရင်းစားဆေးတွဲကုတဲ့အခါမှာ စီပိုးအမျိုးအစားအလိုက် ပျောက်နှုန်းတွေ ကွဲပြားပါတယ်။ ပြီးတော့ စီပိုးအမျိုးအစားကိုလိုက်ပြီး ကုရတဲ့အချိန်ကာလကလည်း ကွဲပြားပါသေးတယ်။

ခုနကပြောခဲ့တဲ့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကအထိ အကောင်းဆုံးလို့ယူဆခဲ့ပြီး မြန်မာနိုင်ငံမှာ ဒီနေ့အထိ လက်ခံကျင့်သုံးကုသနေသေးတဲ့ ပက်ဂလိတ်တက် အင်တာဖရွန်နဲ့ ရိုင်ဘာဗရင်းတွဲပြီးကုတဲ့ နည်းစနစ်အကြောင်းကို အကျဉ်းချုံးပြီး ပြောချင်ပါတယ်။

**ပက်ဂလိတ်တက် အင်တာဖရွန်နဲ့ ရိုင်ဘာဗရင်းတွဲပြီး ကုတဲ့နည်းစနစ်**

**အသုံးပြုတဲ့ဆေး**

- ပက်ဂလိတ်တက်အင်တာဖရွန်ထိုးဆေး တစ်ပတ်တစ်ခါ
- ရိုင်ဘာဗရင်းစားဆေး သတ်မှတ်ချက်အတိုင်း နေ့စဉ်

**ဘယ်လောက်ကြာကုမှာလဲ**

စီပိုးအမျိုးအစား (Genotype) ကို လိုက်လို့ပါ။

**ပါမောက္ခခင်မောင်ဝင်း(အသည်း)**

| | | |
|---|---|---|
| အမျိုးအစား ၁၊ ၄၊ ၅၊ ၆ | ဆိုရင် | တစ်နှစ် |
| ၂၊ ၃ | ဆိုရင် | ခြောက်လ |

**စီပိုးလုံးဝပျောက်တဲ့နှုန်း**

စီပိုးလုံးဝပျောက်တဲ့နှုန်းဟာလည်း စီပိုးအမျိုးအစားပေါ်မှာပဲ မူတည်ပါတယ်။

| အမျိုးအစား | ပိုးပျောက်နှုန်း |
|---|---|
| ၁၊ ၄၊ ၅ | ၅၀ % |
| ၂၊ ၃၊ ၆ | ၈၆ % |

**မြန်မာနိုင်ငံမှာရှိတဲ့ စီပိုးအမျိုးအစားတွေ**


| အမျိုးအစား | ရာခိုင်နှုန်း |
|---|---|
| ၃ | ၄၀ |
| ၆ | ၂၇ |
| ၁ | ၂၁ |
| ၂၊ ၄ | ၁ |

**ခေတ်မီနောက်ဆုံးပေါ် စီပိုးသေဆေးစားဆေးတွေ**

သူ့ခေတ်သူ့အခါနဲ့တော့ အထက်မှာပြောထားတဲ့ စီပိုးကုတဲ့နည်းစနစ်ဟာ အတော်ကောင်းတဲ့ ကုထုံးပါ။ ဒါပေမယ့်လည်း ပက်ဂလိတ်တက် အင်တာဖရွန်နဲ့ ရိုင်ဘာဗရင်းစားဆေးရဲ့ ဘေးထွက်ဆိုးကျိုးတွေကြောင့် လူအတော်တော်များများဟာ ဒီဆေးဒဏ်တွေကို မခံနိုင်ကြပါဘူး။ အသည်းနည်းနည်းလေး ချို့ယွင်းပြီဆိုတာနဲ့ ဒီဆေးတွေနဲ့ ကုလို့မရပါဘူး။ ဒါကြောင့်မို့လို့ ဒီထက်ကောင်းမွန်တဲ့ စီပိုးသေဆေးတွေကို ဆက်လက်ရှာဖွေလာပါတယ်။

၂၀၁၃ ခုနှစ်မှာတော့ ဘေးထွက်ဆိုးကျိုး လုံးဝမရှိသလောက်နည်းပြီး အာနိသင်အစွမ်းထိရောက်မှုကလည်း အထူးကောင်းမွန်ပြီး စီပိုးကို ၉၀ ရာခိုင်နှုန်းအထက်ပျောက်အောင်ကုနိုင်တဲ့ စီပိုးသေဆေး စားဆေးတွေပေါ်ထွက်လာပါပြီ။

**(နောက်အပတ်မှာ နောက်ဆုံးပေါ် စီပိုးသေဆေး စားဆေးတွေအကြောင်း ဆက်လက်ရေးသွားပါမယ်)**




## ထိုင်းနိုင်ငံရှိ မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်း ကျောင်းအပ်လက်ခံ



**မဟာချိုင် မေ ၂၈**

ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ထိုင်းနိုင်ငံ စမွတ်စာခွန်ခရိုင်အတွင်းရှိ မဟာချိုင်မြို့ ဝေလရပ်ကွက် (၁လမ်း)(စီဝီချိုင်ဟဆေးရုံအနောက်)၌ရှိသော မြန်မာအလုပ်သမားများ၏ သားသမီးကလေးငယ်တို့အား မြန်မာပညာရေးစနစ်အတိုင်း သင်ကြားပေးနေသည့် မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းမှာ ယခုနှစ်အတွင်း ကျောင်းအပ်နှံမှုကို စတင်လက်ခံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်း တည်ထောင်သူ ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ ကျောင်းဆရာ ကိုစောမောင်က ဆက်သွယ်ပြောသည်။

လက်ရှိ မေ ၂၇ ရက်အထိ ကျောင်းအပ်နှံထားသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၂ ဦး ရှိနေပြီး ငါးနှစ်အောက်ကလေးငယ်များကိုလည်း မူကြိုလက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် ကျောင်းအပ်နှံကြမည့် ကျောင်းသားကျောင်းသူဦးရေများမည်၊ နည်းမည်ကို မခန့်မှန်းနိုင်သေးကြောင်း၊ အချို့မိဘများမှလည်း ကျောင်းကိုမသိသေးသောကြောင့် မေးမြန်းစုံစမ်းလာရောက်ကြကာ ၎င်းတို့ကလေးများအတွက် ကျောင်းလာရောက်အပ်နှံမှုများရှိနေကြောင်း သိရသည်။

အဆိုပါ မြန်မာ့ဂုဏ်ဆောင်အခြေခံပညာမူလတန်းကျောင်းမှာ ယခုပညာသင်နှစ် ၂၀၁၅-၂၀၁၆ ခုနှစ်ဆိုလျှင် သုံးနှစ်တာသက်တမ်းရှိပြီဖြစ်သည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ထိုင်းနိုင်ငံ မဟာချိုင်မြို့ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးကလေးငယ်များအား ဆရာ ဆရာမလေးဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ ကျောင်းသား ကျောင်းသူပေါင်း ၁၃၀ ကျော်ထိကို မြန်မာ့ပညာရေးစနစ်အတိုင်းသင်ကြားလာ၍ နှစ်နှစ်တိတိ မွေးထုတ်နိုင်ခဲ့ပြီဖြစ်သည်။

**စိုးဝင်း(SP)**

## ကျောင်းအပ်နှံရေးနေ့ကျင်းပ

### နတ်တလင်းမြို့

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်ပညာရေးတိုက်နယ်ဖြစ်သောရွှေကျွန်းတောအခြေခံပညာမူလတန်းကျောင်း၌ မေ ၂၇ ရက်က ကျောင်းအပ်နှံရေးနေ့နှင့် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကျင်းပသည်။ အဆိုပါအခမ်းအနားတွင် တာပွန်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များကို အတန်းလိုက်ပေးအပ်ပြီး အလှူရှင်များကို ဂုဏ်ပြုလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

### ဗန်းမောက်မြို့

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ ရက်သတ္တပတ် အခမ်းအနားကို မေ ၂၆ ရက်က မြို့မအလယ်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် မေ ၂၈

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၁ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။** (အောက်ပုံ)




အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်း ချေးယူခွင့်နှင့်စပ်လျဉ်း၍ ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦးက ရန်ကုန်-ဒလ မြစ်ကူးတံတားစီမံကိန်းသည် ဒလမြို့နယ် တစ်ခုတည်းသာမက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်တို့အတွက် အကျိုးရှိသည့်အပြင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ၊ ဖျာပုံနှင့် ဘိုကလေးမြို့နယ်တို့သည်လည်း ဆက်စပ်နေသဖြင့် အကျိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်သည့်အတွက် ထောက်ခံပါကြောင်းနှင့် အခြားသောလွှတ်တော်ကိုယ်စားလှယ်များကလည်း အသီးသီး ပါဝင်ဆွေးနွေးခဲ့ကြပြီး ချေးငွေနှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခဲ့သည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၂၅၈၈၈သန်း ချေးယူခွင့်နှင့်စပ်လျဉ်း၍ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက JICA မှ ရယူမည့်ငွေကိုတစ်ဆင့် ပြန်ချေးမည့် ဘဏ်များက ၄ ရာခိုင်နှုန်းဖြင့် ချေးယူရမည်ဖြစ်၍ SME လုပ်ငန်းရှင်များကို တစ်ဆင့် ပြန်ချေးရာတွင် ၈ ဒသမ ၅ ရာခိုင်နှုန်းအောက်ဖြင့်သာ ချေးယူခွင့်ပြုနိုင်ပါရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြန်လည်စဉ်းစားညှိနှိုင်း ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါကြောင်းနှင့် အခြားလွှတ်တော်ကိုယ်စားလှယ်များကလည်း အသီးသီး ပါဝင်ဆွေးနွေးခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သန်းဦးက ရန်ကုန်မြို့တော်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကြီးဆုံး စီးပွားရေးမြို့တော်ကြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ ယခုအခါ လူဦးရေ (၇ ဒသမ ၃)သန်းခန့် ရှိနေပြီး နေ့စဉ်နှင့်အမျှလူဦးရေတိုးတက်လာသည်နှင့်အညီ ဓာတ်အားသုံးစွဲမှု တိုးတက်လာနေခြင်းကို အမီလိုက်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် မူလရှိပြီး ၆၆ ကေဗွီ၊ ၃၃ ကေဗွီဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀၄ကေဗွီ ထရန်စဖော်မာများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် နှစ်စဉ်နိုင်ငံတော်ရန်ပုံငွေဖြင့်ဆောင်ရွက်ရန် လျာထားတောင်းခံခဲ့သော်လည်း အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခဲ့မှု မရှိပါကြောင်း။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးတိုးတက်ကောင်းမွန်လာပါက ရန်ကုန်မြို့တော်အတွင်း နေထိုင်သောပြည်သူများနှင့် အသေးစားစက်မှုလုပ်ငန်းများအားအပါအဝင် စီးပွားရေးလုပ်ငန်းများအားလုံး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည်ဖြစ်၍ ဓာတ်အားဖြန့်ဖြူးမှုလုပ်ငန်းများစီမံကိန်းကို ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းဖြေကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က ဂျပန်ယန်း ၂၅၈၈၈ သန်းချေးယူခွင့်ကိုအတည်ပြုခဲ့သည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည့် မြန်မာသတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒေသစရိတ်ခံစားခွင့်ရှိသောမြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများ ဒေသစရိတ်ခံစားခွင့်ရှိ

နေပြည်တော် မေ ၂၈

**ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။**

မာန်အောင် မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **မာန်အောင်မြို့တွင် ဝေးလံခေါင်သီဒေသမှ ဝန်ထမ်းများ လစာနှစ်ဆရရှိသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများကိုလည်း လစာနှစ်ဆ ရရှိစေရန် နှစ်စဉ်ရရှိသော မြို့နယ်အခွန်ရငွေမှ ခွဲဝေပေးနေသဖြင့် မြို့နယ်တစ်ခုလုံး စည်ပင်သာယာရေးလုပ်ငန်းအတွက် လက်ကျန်ငွေနည်းပါးနေသောကြောင့် မြို့နယ်ရရှိအခွန်ငွေမှ နုတ်ယူခြင်းမပြုဘဲ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဝန်ကြီးဌာနများမှ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းလစာ (တစ်)ဆကိုတိုးပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းများသည်


ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြေကြားစဉ်။

တူညီသောအလုပ်အတွက် တူညီသော လစာ၊ ထောက်ပံ့ကြေး၊ စရိတ်နှင့် အခြားစရိတ်များကို သက်ဆိုင်ရာနည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ခံစားခွင့်ရှိပါကြောင်း၊ ထို့ပြင် ဒေသစရိတ် ခံစားခွင့်ရှိသော မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအားလုံးသည် ဒေသစရိတ်ကို ခံစားခွင့်ရှိပါကြောင်း၊ မာန်အောင်မြို့နယ်သည် ဒေသစရိတ် ခံစားခွင့်ရှိသော မြို့နယ်တွင် ပါဝင်သဖြင့် မာန်အောင်မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည်လည်း အခြားဝန်ထမ်းများနည်းတူ လစာနှစ်ဆ ခံစားခွင့်ရှိမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မာန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့၏အရအသုံးသည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်ခြင်းတို့ကြောင့် အဆိုပါဝန်ထမ်းများ၏ လစာများ၊ (ဒေသစရိတ်အပါအဝင်) မြို့နယ်


မာန်အောင် မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းစဉ်။

အတွင်း လိုအပ်သော စည်ပင်သာယာရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကို မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲလျာထားရမည် ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ရငွေထက်ပိုသော အသုံးစရိတ်အတွက် လိုငွေကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့သည့် ထောက်ပံ့ငွေတွင် ထည့်သွင်းရေးဆွဲနိုင်ပါကြောင်း၊ လိုအပ်သည်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြ ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **သဘာဝဘေးဒဏ်ကြောင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုအတွက် စိုက်ပျိုးရေးစရိတ်ချေးငွေ အကြွေးများအား ဆိုင်းငံ့ထားပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် စိုက်ပျိုးသီးနှံများ ထိခိုက်မှုဖြစ်ပေါ်ပါက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အတွင်းရှိ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်၏ ကွင်းဆင်းစိစစ်တင်ပြချက်အပေါ် စိစစ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေအခန်း(၆) အပိုဒ်(၃၀) အရ "သဘာဝ ဘေးဒဏ်ကြောင့် သီးနှံပျက်စီးမှုဖြစ်ပြီး ပျက်စီးချိန်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြပါက ဒေသ အာဏာပိုင်များ၏ အဆင့်ဆင့်သော ထောက်ခံချက်ဖြင့် ချေးငွေ

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရာထူးတိုးဆောင်ရွက်ရာတွင် အနည်းဆုံးလုပ်သက်၊ အရည်အချင်းရှိမှု၊ လိုအပ်ချက်ရှိမှုတို့ကို စိစစ်၍ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၈

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ၅၄ ရက်မြောက် နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **ချောက်မြို့နယ် ကျောက်ရဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးသန့်ရှင်းက လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များ အပေါ်မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့် မူဝါဒကိုဖြေလျော့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသအခြေအနေအရ ကျောက်ရဲ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ်အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ သရုပ်ပြ၊ လက်ထောက်ကထိက၊ ဒုတိယပါမောက္ခ၊ ပါမောက္ခ စသည့် ရာထူးများခန့်ထားခြင်းနှင့် နိုင်ငံခြားလေ့လာရေးခရီးစဉ် စေလွှတ်ခြင်း၊ ပညာတော်သင်စေလွှတ်ခြင်းစသည့် ကိစ္စရပ်များတွင် Ph.D ဘွဲ့ရခြင်း တူသော်လည်း အင်ဂျင်နီယာဘွဲ့ရများကိုသာ ဦးစားပေးပြီး သချ်ာဘွဲ့၊ ရူပဗေဒဘွဲ့ စသည့် ဘာသာရပ်များမှ Ph.D ဘွဲ့ရများအား လုပ်သက်၊ ရာထူးခြင်းတူသော်လည်း တန်းတူအခွင့်အရေး မရရှိခြင်း**နှင့်စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ ရာထူးတိုးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ရာထူးတိုးတင်ပြနိုင်သည့် အနည်းဆုံးလုပ်သက်သတ်မှတ်ချက် ကိုက်


ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ ဖြေကြားစဉ်။


မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ မေးမြန်းစဉ်။

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

နေပြည်တော် မေ ၂၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ်(၄/၂၀၁၅)ကို ပြည်နယ်အတွင်းရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများမှ သင်တန်းသား ၅၇ ဦးဖြင့် မေ ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အခြေခံမဲဆန္ဒရှင် စာရင်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ၁၄ မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ၈ မြို့နယ်တို့၌ မေ ၂၅ ရက်တွင် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကပ်ထား ကြေညာထားသည့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် သွားရောက်ကြည့်ရှုနိုင်သည့်အပြင် Website မှကြည့်ရှုနိုင်ရေးအတွက် မဲဆန္ဒရှင် စာရင်းကြည့်ရှုစစ်ဆေးခြင်း ဝက်ဘ်ဆိုက်ကို လွှင့်တင်ထားပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် ၄င်းတို့ အမည်စာရင်းရှိရာ မြို့နယ်များ၏ မဲစာရင်းများတွင် ၄င်းတို့ အမည် ပါ/ မပါကို လူကိုယ်တိုင် သွားရောက်ရန်မလိုဘဲ ကြည့်ရှုစစ်ဆေးနိုင်မည်ဖြစ်ပြီး လိုအပ်သော ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်မှုများ ပြုလုပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကျန်မဲစာရင်း ထုတ်ပြန်ခြင်း မရှိသေးသည့် မြို့နယ်များကိုလည်း မဲစာရင်းထုတ်ပြန်ပြီးပါက Website မှကြည့်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းပါမှ မဲပေးနိုင်မည်ဖြစ်သဖြင့် ပြည်သူလူထု အနေဖြင့် မဲစာရင်းကြည့်ရှုရေးနှင့် ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများက တိုက်တွန်းအသိပညာပေးစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်က မဟာဗျူဟာစီမံကိန်း (၂၀၁၄ - ၂၀၁၈)နှင့် ပတ်သက်၍လည်းကောင်း၊ကော်မရှင်အဖွဲ့ဝင် ဦးညွှန့်တင်က ရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်းနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းတို့နှင့် ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ၊ လွှတ်တော်(၃)ရပ် ဖွဲ့စည်းပုံ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိခြင်းနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း၊ မဲစာရင်းပြုစုခြင်းတို့နှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးပို့ချပြီးနောက် သင်တန်းသားများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဒီယိုက မြန်မာနိုင်ငံအတွက် အရေးပါဆဲဖြစ်၊ ရေဒီယို၏အားသာချက်ကို နည်းပညာနှင့်ပေါင်းစပ်ပြီး ရေရှည်ရပ်တည်နိုင်အောင်ဆောင်ရွက်

**သတင်း- မိုးသူ၊ ရီရီ**
**ဓာတ်ပုံ- ရဲထွဋ်**

**အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလွှင့်လုပ်ငန်းများအဖွဲ့အစည်း( Asia -Pacific Broadcasting Union- ABU) ၏ အာရှရေဒီယိုညီလာခံ ၂၀၁၅ (Radio Asia -2015 Conference) ကို မေ ၂၈ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပလျက်ရှိသည်။**



ဦးဇေယျာ





ဦးကိုင်ဇာတင်မုံ



ဦးအောင်မျိုးမြင့်

ထို့ပြင် ABU ၏ ရေဒီယိုသီချင်းပွဲတော်ကို မေ ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကာ ပြည်တွင်းပြည်ပ အနုပညာရှင်များက ပါဝင်တင်ဆက်မည်ဖြစ်သည်။

အာရှရေဒီယို ညီလာခံတွင် အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာတစ်ဝန်းမှ အသံလွှင့်ဌာနများမှ ကိုယ်စားလှယ်များတက်ရောက်လျက်ရှိပြီး ယင်းညီလာခံတွင် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာနိုးနွယ် အသံလွှင့်အစီအစဉ်များအဖြစ် ပေါင်းစပ်ပြောင်းလဲဆောင်ရွက်လာခြင်းတို့ကို အဓိကထား ဆွေးနွေးလျက်ရှိသည်။ ယင်းသို့ ပြည်တွင်း၊ ပြည်ပအသံလွှင့်မီဒီယာ အဖွဲ့အစည်း အသီးသီး၏ အတွေ့အကြုံ၊ ဗဟုသုတနှင့်အတွေးအမြင်များကို ဖလှယ်မျှဝေကြမည့် အာရှရေဒီယိုညီလာခံ တက်ရောက်ကြသူများနှင့် မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှတွေ့ဆုံမေးမြန်းခဲ့မှုများကို မျှဝေလိုက်ပါသည်။

**ဦးရဲထွဋ်၊ ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန**

ရေဒီယိုက မြန်မာနိုင်ငံအတွက် အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိသေးတယ်လို့ ယုံကြည်တယ်။ ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်းမှာ ရေဒီယိုထုတ်လွှင့်မှုတွေ တိုးတက်လာပါတယ်။ တစ်ဖက်ကလည်း အင်တာနက်နဲ့ Social Media တွေကို ရင်ဆိုင်နေရတဲ့အချိန်မှာ ရေဒီယိုက ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဥပဒေ အတည်ပြုလိုက်ရင် အများပြည်သူဝန်ဆောင်မှု အသံလွှင့်ဌာနတွေ၊ ပုဂ္ဂလိက အသံလွှင့်ဌာနတွေနဲ့ လူထုအခြေပြု ရေဒီယိုတွေပေါ်ပေါက်လာမယ်။ ဒီလုပ်ငန်းတွေ ရှင်သန်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါမှမဟုတ်ရင် ပုံနှိပ်မီဒီယာတွေမှာ ဖြစ်သလို သတင်းစာတွေ ရပ်တည်နိုင်ဖို့ ရုန်းကန်နေရတာမျိုးရှိနိုင်ပြီး ဒါကို ရှောင်လွှဲနိုင်ဖို့ လိုပါတယ်။ ဒါ့ကြောင့်လည်း ဒီလိုဆွေးနွေးပွဲတွေဖြစ်ဖို့ တစ်နှစ်လောက် ကြိုတင်ဖိတ်ကြားပြီး ကျင်းပတာဖြစ်တယ်။ ဒီကနေ့ ပထမပိုင်းမှာ ဆွေးနွေးခဲ့သလို ဩစတြေးလျမှာဆိုရင် ရေဒီယိုက ကိုးဆယ်ရာခိုင်နှုန်းကျော် ရနိုင်သေးတယ်။ ဘာ့ကြောင့်လဲဆိုရင် အင်တာနက်ရယ်၊ Social Media နဲ့ ရေဒီယိုကို ပေါင်းစပ်လိုက်တယ်။ **ရေဒီယိုရဲ့ အားသာချက်နဲ့ အင်တာနက်ရဲ့ အားသာချက်ကို ပေါင်းစပ်ပြီး ဆောင်ရွက်တဲ့အတွက် ဆက်ပြီး ရှင်သန်ခဲ့တယ်။** အင်္ဂလန်မှာလည်း ၈၆ ရာခိုင်နှုန်းအထိ ရေဒီယိုက ရှိနေတယ်။ ကျွန်တော်တို့က ဒီက ရေဒီယိုလုပ်ငန်းရှင်တွေကို ဒါတွေ လေ့လာစေချင်တဲ့အတွက် အရေးကြီးတဲ့ ဆွေးနွေးမှုလို့ မြင်ပါတယ်။

**ဦးဇေယျာ၊ ညွှန်ကြားရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

ခေတ်သစ်ရေဒီယိုရဲ့ နည်းပညာပြောင်းလဲမှုတွေကို နိုင်ငံတကာ အတွေ့အကြုံတွေနဲ့ ပြောင်းလဲနေတဲ့ နည်းပညာဆိုင်ရာ ပညာရပ်တွေကို ဒီမှာလာပြီး ဆွေးနွေးတာဖြစ်တဲ့ အတွက် ရေဒီယိုထုတ်လုပ်သူနဲ့ ရေဒီယိုလောကသားတွေအတွက် တကယ်တန်ဖိုးရှိတဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။ ဒီနေ့တက်ရောက်တဲ့ အဖွဲ့အစည်းတွေက ABU ၊ MRTV နဲ့ ဆက်စပ်ပြီး လုပ်ငန်းဆောင်ရွက်နေတဲ့ ရုပ်မြင်သံကြားဌာနတွေ၊ FM Station တွေ ပါဝင်ပါတယ်။ တခြားမီဒီယာတွေဖြစ်တဲ့ ပုံနှိပ်မီဒီယာတွေ၊ ဂီတအစည်းအရုံးတို့ကိုလည်း ဖိတ်ထားပါတယ်။

**ဦးကိုင်ဇာတင်မုံ၊ FM Bagan**

ဒီညီလာခံကနေ ရေဒီယိုလောကသားတွေအတွက် ဗဟုသုတတွေ ပိုရမယ်။ အဓိကကတော့ လက်တွေ့ကျကျပိုပြီး အလုပ်လုပ်တတ်လာမယ်လို့ မျှော်လင့်ပါတယ်။

**ဦးအောင်မျိုးမြင့်၊ ပတ္တမြား FM**

ရေဒီယိုညီလာခံမှာ တခြားအသံလွှင့်ဌာနတွေနဲ့အတူ ပူးပေါင်းပါဝင်တာဖြစ်ပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားက ဦးဆောင်ပြီး ကျင်းပပေးတယ်။ ဒီညီလာခံနဲ့အတူ ရေဒီယိုသီချင်းပွဲတော် ၂၀၁၅ ကို မေ ၂၉ ရက် ညနေ ၆ နာရီမှ ည ၉ နာရီအထိ အမျိုးသားကဇာတ်ရုံမှာ အခမဲ့ ကြည့်ရှုနားဆင်နိုင်ပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားကလည်း တိုက်ရိုက်ထုတ်လွှင့်ပြသမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုယ်စားပြုပြီး FM တွေကို တေးသီချင်းတွေ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ရွေးချယ်တာမှာ ပတ္တမြား FM က မင်္ဂလာပါသီချင်းနဲ့ ရွေးချယ်ခံရတယ်။ နိုင်ငံတကာက အနုပညာတွေနဲ့အတူ မင်္ဂလာပါသီချင်းနဲ့တင်ဆက်ဖျော်ဖြေမှာပါ။ ဒီသီချင်းက မြန်မာနိုင်ငံရဲ့သဘာဝအလှအပတွေကို ဖော်ကျူးထားတဲ့ တေးသီချင်းဖြစ်ပါတယ်။

*ပြည်သူ့လွှတ်တော်မှ*

ပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်ပါသည်”ဟု ပြဋ္ဌာန်းထားပါကြောင်း။

ဖော်ပြပါ နည်းဥပဒေအခန်း (၆) အပိုဒ် (၃၀) အရ ချေးငွေပေးဆပ်ကာလကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ရွှေ့ဆိုင်းပေးနိုင်သော်လည်း ထုတ်ချေးငွေများသည် ထောက်ပံ့ငွေမဟုတ်ဘဲ ချေးငွေအမျိုးအစားဖြစ်ပါ၍ သတ်မှတ်ကာလအတွင်း အတိုးနှင့်တကွ ချေးငွေအပြည့်အဝပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး ချေးငွေဖြစ်သဖြင့် လျှော်၍မရနိုင်ပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများသည် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အတိုးဖြင့် ရယူရသော ချေးငွေဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှလည်း အများပြည်သူများ စုဆောင်းအပ်နှံထားသည့်ငွေများမှ ထုတ်ချေးခြင်းဖြစ်ပါ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများကို လျှော်ပေးရန်မဖြစ်နိုင်ပါကြောင်း ပြောကြားသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း၏ **ခန္တီးမြို့နယ် ပေါင်ဆိုင်ကျေးရွာ၌ တရားမဝင် ရွှေလုပ်ကွက် လုပ်ကိုင်နေသော ကုမ္ပဏီများ၊ ရေအားလျှပ်စစ်တည်တံ့မှုကြောင့် ပြန်လည်ပြုပြင်ခြင်းမရှိသော တရားဝင်၊ တရားမဝင် ရွှေတူးဖော်ခွင့်ရရှိသော ကုမ္ပဏီများကို အရေးယူခြင်း ရှိ၊ မရှိနှင့် ချင်းတွင်းမြစ်တစ်လျှောက် တရားမဝင် ရွှေတူးဖော်ခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေဖြင့် သိရှိပါသလား** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ခန္တီးမြို့နယ် ပေါင်ဆိုင်ကျေးရွာဧရိယာမှာ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသော ခန္တီးကျောက်မျက်ရတနာနယ်မြေ ဧရိယာအတွင်း ရှိပါကြောင်း၊ အဆိုပါဧရိယာအတွင်း၌ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ အသေးစား၊ အကြီးစား ရွှေတူးဖော်မှုလုပ်ကွက်များ တရားဝင်ခွင့်ပြုချထားပေးခဲ့ခြင်း မရှိပါကြောင်း။

ထို့ပြင် တရားမဝင်ရွှေတူးဖော်မှုနှင့်ပတ်သက်၍ တင်ပြတိုင်ကြားလာမှုများ မရှိခြင်းနှင့် ခန္တီး ကျောက်မျက်ရတနာနယ်မြေအဖြစ် သတ်မှတ်ထားသော ဧရိယာဖြစ်နေခြင်းတို့ကြောင့် ဝင်ရောက်စစ်ဆေးနိုင်ခြင်းမရှိသော်လည်း တင်ပြတိုင်ကြားမှုများရှိလာပါက သတ္တုတွင်းဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ကွင်းဆင်းစစ်ဆေးဖမ်းဆီးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ်တည်တံ့မှုကြောင့် ပြန်လည်ပြုပြင်ခြင်းမရှိသော တရားဝင်ရွှေတူးဖော်ခွင့်ရရှိသောကုမ္ပဏီများအား အရေးယူခြင်း ရှိ၊ မရှိကိစ္စနှင့် ပတ်သက်၍ ထမံသီ ရေအားလျှပ်စစ်စီမံကိန်း သတ်မှတ်ဧရိယာအတွင်း တရားဝင်ရွှေလုပ်ကွက်များ ချထားပေးမှု မရှိပါကြောင်း၊ ၎င်းဧရိယာအတွင်း တရားမဝင် ရွှေသတ္တုတူးဖော်ခြင်းများဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၂၀၀၈ ခုနှစ်ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိဘဲ အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

ညီမှု၊ အရည်အချင်းရှိမှု၊ လိုအပ်ချက်ရှိမှုတို့ကိုစိစစ်၍ ရာထူးတိုးမြှင့်ပေးခြင်းများ တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ ဆရာ၊ ဆရာမများအား ပညာအရည်အချင်းအလိုက်၊ သက်ဆိုင်ရာဘာသာရပ်အလိုက် နိုင်ငံခြားပညာတော်သင် စေလွှတ်ရာတွင်လည်း ပညာသင်စိစစ်ရွေးချယ်ရေးကော်မတီမှ ဝန်ကြီးဌာနသို့ ခွဲဝေပေးသည့် ဘာသာရပ်၊ သက်ဆိုင်ရာနိုင်ငံ အဖွဲ့အစည်းမှ ကမ်းလှမ်းလာသည့် ဘာသာရပ်အလိုက် ရွေးချယ်စေလွှတ်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့သည်။

**(သတင်းစဉ်)**

# ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၈

**ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်း အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀နာရီက ကျင်းပသည်။** (အောက်ပုံ)



နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ တိုးတက် များပြားလာသည်နှင့်အမျှ မြန်မာနိုင်ငံသို့ လေကြောင်းမှ တစ်ဆင့်ခရီးသည် ဝင်ထွက်/သွားလာမှု တိုးတက်လာရာ လက်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ဝန်ဆောင်မှုပေးနိုင်သည့် ပမာဏ တစ်နှစ် ခရီးသည် ၂ ဒသမ ၇ သန်းသို့ မကြာမီကာလတွင် ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ လေဆိပ်အဆောက်အအုံကို တိုးချဲ့တည်ဆောက်နေသော်လည်း မြေနေရာ ကန့်သတ်ချက်အရ တစ်နှစ်ခရီးသည် ခြောက်သန်း ကိုင်တွယ်နိုင်ရန်အတွက်သာ တည်ဆောက်နိုင်ပြီး ထပ်မံတိုးချဲ့၍ မရတော့ကြောင်း၊ ရန်ကုန်မြို့မှ မိုင် ၅၀ ပတ်လည်နေရာတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခု ထပ်မံတည်ဆောက်ရန် မြေနေရာကို ကြိုတင်ရှာဖွေခဲ့ရာ ပဲခူးမြို့အနီးတွင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဖြစ် နေရာသတ်မှတ်၍ ရွေးချယ်ခဲ့ကြောင်း၊ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးအတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအား တင်ဒါခေါ် ယူရွေးချယ်ဆောင်ရွက်ခဲ့ကြောင်း၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီကို ရွေးချယ်ထုတ်ပြန်ပြီးဖြစ်၍ လေဆိပ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရန် အစည်းအဝေးခေါ်ယူ ကျင်းပခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် စီမံကိန်းအတွက် ODA ချေးငွေရရှိရေး၊ စီမံကိန်းအဆင့် (၁) အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား 30 MVA ရရှိရေး၊ တယ်လီဖုန်းလိုင်း ၃၀၀၀ ရရှိရေး၊ ရေရရှိရေး၊ အမှိုက်စွန့်ပစ်စနစ်ကောင်းမွန်ရေး၊ ရန်ကုန်မှ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆက်သွယ်ရေးလမ်းဖောက်လုပ်ပေးနိုင်ရေးနှင့် လမ်းများအဆင့်မြှင့်တင်နိုင်မှု၊ ရထားလမ်းဖောက်လုပ်ပေးနိုင်မှုအခြေအနေများ၊ JICA, F/ S Team မှ EIA, SIA လေ့လာဆန်းစစ်ခြင်းနှင့် လေဆိပ်ပိုင်အမည်ပေါက်မြေရရှိရေး စသည့်ကိစ္စရပ်များအား သက်ဆိုင်ရာကဏ္ဍအလိုက် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးများမှ ဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ဆွေးနွေးကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဟောလိဝုဒ်မင်းသား Mr. Forest Whitaker ယူနက်စကို၏အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်

**မြန်မာနိုင်ငံသို့ မေ ၂၆ ရက်က ရောက်ရှိလာခဲ့သည့် UNSCEO (ယူနက်စကို)၏ အထူးကိုယ်စားလှယ် ဟောလိဝုဒ်ရုပ်ရှင်မင်းသား Mr. Forest Whitaker နှင့် အဖွဲ့သည် မေ ၂၇ရက် နံနက် ၉ နာရီက လှိုင်မြို့နယ်ပါရမီလမ်းတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ယူနက်စကိုတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် Center of Excellence for Bussiness Skills Development (CEBSD) သို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။**

ယူနက်စကို၏ အထူးကိုယ်စားလှယ် Mr. Forest Whitaker နှင့်အဖွဲ့သည် နိုင်ငံတော်သမ္မတ၏ အကြံပေးဖြစ်သူ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ CEDBSတွင် သင်ကြားပေးနေသည့် ဆရာ၊ ဆရာမများ ကျောင်းသူ ကျောင်းသားများနှင့် တွေ့ဆုံကာ ယူနက်စကိုမှ ပူးပေါင်းသင်ကြားမှုကြောင့် လူငယ်များရရှိလာသည့် စီးပွားရေးအတတ်ပညာ ဖွံ့ဖြိုးမှုနှင့် အကျိုးသက်ရောက်မှု အခြေအနေ၊ CEBSD စင်တာအား လိုအပ်သည့် ပံ့ပိုးကူညီမှုများပေးရန်၊ ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ပညာရေးကဏ္ဍ အရေးကြီးလိုအပ်မှု၊ ငြိမ်းချမ်းရေးအတွက်နိုင်ငံစီးပွားရေး လိုအပ်မှုတို့ကို ဆွေးနွေးသည်။

ညနေပိုင်းတွင် ယူနက်စကို၏ အထူးကိုယ်စားလှယ် Mr. Forest Whitaker နှင့်အဖွဲ့သည် မြန်မာငြိမ်းချမ်းရေးစင်တာရှိ မတူကွဲပြားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးဗဟိုဌာန (Center of Diversity and National Harmony) သို့ သွားရောက်၍ CDNH ၏ ဒါရိုက်တာဖြစ်သူ ဒေါက်တာ ကျော်ရင်လှိုင်နှင့်တွေ့ဆုံသည်။ ထို့နောက် Mr. Forest Whitaker သည် မတူကွဲပြားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးဗဟိုဌာနတွင် ပြုလုပ်သော Tolerance and Reconciliation Reception (နားလည်သည်းခံရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ အခမ်းအနား) သို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။ အဆိုပါပွဲသို့ နိုင်ငံရေးအင်အားစုများ၊ လူမှုရေးအင်အားစုများ၊ ဘာသာရေးအဖွဲ့များ၊ သရုပ်ဆောင်များ တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ည ၇ နာရီတွင်ရုပ်သိမ်းခဲ့သည်။

ယူနက်စကို၏ အထူးကိုယ်စားလှယ် ဟောလိဝုဒ်ရုပ်ရှင်မင်းသား Mr. Forest Whitaker သည် အာဖရိကတွင်လည်း Whitaker Peace and Development Initiative (ဝိုက်သီကာငြိမ်းချမ်းရေးနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှု) အားတည်ထောင်ထားသူဖြစ်သည်။

UNSCEO (ယူနက်စကို)၏ အထူးကိုယ်စားလှယ် ဟောလိဝုဒ်ရုပ်ရှင်မင်းသား Mr. Forest Whitaker တွေ့ဆုံခဲ့သော နိုင်ငံတော်သမ္မတ၏ အကြံပေးဖြစ်သူ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်နိုင်ဦး၊ ဒေါက်တာ ကျော်ရင်လှိုင်တို့ကို မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှ မေးမြန်းခဲ့သည်များကို ဖော်ပြအပ်သည်။

**ဒေါက်တာခင်နိုင်ဦး (ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်)**

Center of Excellence for Bussiness Skills Development




ဒေါက်တာခင်နိုင်ဦး (ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်)




ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်



ဒေါက်တာ ကျော်ရင်လှိုင် (ဒါရိုက်တာ)

ဒီစင်တာက ယူနက်စကိုရယ် ရန်ကုန်စီးပွားရေး တက္ကသိုလ်ရယ် ပေါင်းပြီး ၂၀၁၃ ခုနှစ်ကတည်းက ဖွင့်ထားတဲ့ကျောင်းပါ။ ပက်(စ်)စီကတော့ လိုအပ်တာတွေကို ထောက်ပံ့ပေးပါတယ်။ ဒီကျောင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ လူငယ်တွေကို Business Skills တွေ ရှိလာအောင်လုပ်ပေးတဲ့သင်တန်းပဲ ဖြစ်ပါတယ်။ ဒီနေ့မှာ ယူနက်စကိုက အကြီးကဲတွေ ရောက်ရှိလာပြီးတော့ ကျောင်းသားတွေနဲ့ လာတွေ့တာ။ ကျောင်းသားတွေကို Business Skills တင်မကဘဲ တိုင်းပြည်အတွက် ကောင်းမွန်တဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်လာအောင် ဆောင်ရွက်နိုင်ဖို့ အချက်တွေရယ် ဆွေးနွေးကြည့်တာပါ။ ကျွန်မတို့က စီးပွားရေးဆိုင်ရာ အသိဉာဏ်တွေ၊ အတွေးအခေါ်ကိုပဲ လူငယ်တွေကို ထည့်ပေးလိုက်တာ။ စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး သူတို့လက်တွေ့ ဘယ်လိုလုပ်နိုင်သလဲဆိုတာ ကျွန်မတို့ ပြိုင်ပွဲအသေးလေးတွေ လုပ်ပေးတယ်။ ပြိုင်ပွဲအနေနဲ့ အသေးစားစီးပွားရေးလုပ်ငန်းတွေကို ကလေးတွေက လုပ်မယ်ဆိုရင် ငွေကြေးကစပြီး ဘယ်လိုအကူ အညီမျိုးပေးရမလဲဆိုတာ ပြောသွားတာပါ။

ယူနက်စကိုနဲ့က Business English ကိုလည်း ကျွန်မတို့ သင်ပါတယ်။ နိုင်ငံခြားသားနဲ့ပေါ့။ ကလေးတွေအတွက် နိုင်ငံတကာက စီးပွားရေးကျွမ်းကျင်ပညာရှင်တွေ၊ ပြည်တွင်းက စီးပွားရေးပညာရှင်တွေ၊ လုပ်ငန်းရှင်တွေကို ခေါ်ပြီးတော့လည်း ဖိုရမ်တွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကို လုပ်ပေးပါတယ်။ ယူနက်စကိုနဲ့ ပူးပေါင်းပြီး D Center of Excellence for Bussiness Skills Development (CEBSD) ကို လူငယ်တွေအတွက် ရည်ရွယ်ပြီး ဖွင့်ထားတာ။ ဒီမှာဘာထပ်ဖွင့်ဖို့ စီစဉ်ထားလဲဆိုတော့ Tourism and Hospitality ကို ထပ်ဖွင့်ဖို့ ဆောင်ရွက်နေပါတယ်။ ယူနက်စကိုက အထူးကိုယ်စားလှယ်လာတာက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ဒီလိုမျိုးလုပ်ဆောင်နေတဲ့ ကျောင်းတွေကို အားပေးဖို့အတွက်ပါ။ နောက် ဒီစင်တာက အထက်တန်းအဆင့်ထက်ကျော်လွန်ပြီး အဆင့်မြင့်ပညာကဏ္ဍပေါင်းထားတဲ့ သင်တန်းပါ။ စီးပွားရေးနဲ့ပတ်သက်ပြီး Center of Level နဲ့ထားတဲ့ သင်တန်းက ဒီသင်တန်းတစ်ခုပဲရှိတော့ ယူနက်စကိုအနေနဲ့ ဒီကလူငယ်တွေကို သင်လိုက်တဲ့ အကျိုးသက်ရောက်မှုဘယ်လောက်ရှိလဲသိချင်လို့ပါ။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက် နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေး**

ဒီကျောင်းက Center of Excellence ပေါ့။ အဓိကကတော့ စီးပွားရေးအတတ်ပညာ ဖွံ့ဖြိုးအောင်လုပ် ပေးတဲ့ကျောင်းဖြစ်လို့ ယူနက်စကိုက ဒီစင်တာကို လာကြည့်တာပါ။ လာကြည့်တာမှာ အဓိကပါဝင်တဲ့ပုဂ္ဂိုလ်နှစ်ဦးပေါ့။ တစ်ဦးက အင်မတန်နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသားကြီး Mr. Forest Whitaker။ အာဖရိကမှာ သူရဲ့ ဖောင်ဒေးရှင်းတွေရှိတယ်။ အထူးသဖြင့် ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ပညာရေးနဲ့ ဘယ်လိုကူညီနိုင်မလဲဆိုတာကို လုပ်နေတာဖြစ်တယ်။ နောက်တစ်ယောက်က ယူနက်စကိုရဲ့ အကြီးတန်းအရာရှိကြီးပေါ့။ သူတို့တွေက ဒီကျောင်းကို ထောက်ပံ့ထားတာကြာပြီ။ ပက်(စ်)စီနဲ့ပေါင်းလုပ်ထားတာပေါ့။ ဆရာအနေနဲ့ကတော့ တစ်ခါတလေ ဒီကျောင်းမှာ စာလာသင်တယ်။ အထူးသဖြင့်လူငယ်တွေ စီးပွားရေးလုပ်တဲ့လူတွေပေါ့။ မြန်မာပြည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်တွေ စီးပွားရေးလုပ်မှုရမှာ။ အလုပ်ရှာတဲ့ လူတွေမဟုတ်ဘဲ အလုပ်ပေး နိုင်တဲ့လူတွေဖြစ်အောင်၊ ဝန်ထမ်းမဟုတ်ဘဲနဲ့သူများကို အလုပ်ပေးနိုင်တဲ့လူတွေ ဖြစ်အောင် ကြိုးစားပေးဖို့လာတာပါ။ ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဖို့က အဓိကပေါ့။ အဲ့ဒါအအတွက်သူတို့လာတယ်။ နောက်တစ်ခုက စီးပွားရေးလုပ်ရင် လူမှုရေးတာဝန်ကျေတဲ့ စီးပွားရေးလုပ်ငန်းဟာ ဘာလဲဆိုတာကို သူတို့ပြောဖို့ရှိတယ်။ ငြိမ်းချမ်းရေးအတွက် စီးပွားရေးက ဘယ်လို ပါနိုင်လဲဆိုတာ သူတို့နဲ့ဆရာတို့ ဆွေးနွေးတယ်။ အချက်သုံးချက်ပေါ့။

ကိုယ့်နိုင်ငံမှာ ပြုပြင်ပြောင်းလဲရေး တွေလုပ်နေတော့ ပုဂ္ဂလိကကဏ္ဍတိုးတက်ဖို့လိုတယ်။ ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖို့လုပ်တဲ့နေရာမှာလည်းစီးပွားရေးလုပ်ရင် အမြတ်တစ်ခုတည်းအတွက်လုပ်ရမှာမဟုတ်ဘူး။ စီးပွားရေးလုပ်ရင် အမြတ်ကဏ္ဍတွေ အရေးကြီးသလို လူတွေလည်းအရေးကြီးတယ်။ လူမှုရေးတာဝန်ကျေဖို့လိုတယ်။ ဆရာလည်း လူကြီးတွေ ကူညီပံ့ပိုးမှုနဲ့ လူမှုရေးတာဝန်တွေ ကျေတဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်လာဖို့အတွက် ကြိုးစားနေပါတယ်။ အဲ့ဒီလိုလုပ်တာမှာ လူငယ်တွေ လိုတယ်။ ၂၀၁၅ ကို ကောင်းမွန်တဲ့ အနာဂတ်၊ ကောင်းမွန်တဲ့ မြန်မာဆိုတဲ့ အစီအစဉ်နဲ့ဆရာလုပ်နေတာရှိတယ်။ လူငယ်တွေက အနာဂတ်အတွက်အဓိကဖြစ်တယ်။ One Country၊ One People၊ One Future (တစ်နိုင်ငံတည်း၊ တစ်မျိုးတည်း၊ အနာဂတ်တစ်ခုတည်း) ဆိုပြီး လူငယ်တွေကိုတိုက်တွန်းတယ်။ ကိုယ့်ကြောင့် တိုင်းပြည်ကြီး တိုးတက်ရမယ်၊ ကိုယ့်မိသားစုတိုးတက်ရမယ်၊ ကိုယ့်လူမျိုးတိုးတက်ရမယ်၊ ကိုယ့်ကိုကိုယ်တိုးတက်ရမယ်ဆိုတဲ့ ယုံကြည်မှုတွေရလာအောင် လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြင့်တက်လာဖို့ထက် လက်ရှိ မြန်မာနိုင်ငံရဲ့ စီးပွားရေးပုံစံမှန်ဖို့ လိုတယ်။

**ဒေါက်တာကျော်ရင်လှိုင်(ဒါရိုက်တာ) မတူကွဲပြားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးဗဟိုဌာန**

ဒီနေ့ပွဲကတော့ ယူနက်စကိုရဲ့ အထူးသံတမန်ဖြစ်တဲ့ Mr. Forest Whitaker ပေါ့။ သူက ဟောလိဝုဒ်က ရုပ်ရှင်မင်းသား၊ သူ့အနေနဲ့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး အထူးသံတမန်အဖြစ်နဲ့ လာရောက်တဲ့အခါမှာ ယူနက်စကိုက ကျွန်တော်တို့ရဲ့ မတူကွဲပြားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေး ဗဟိုဌာန (CDNH) အနေနဲ့ ယူနက်စကိုရဲ့ အထူးသံတမန် မင်းသားကို တွေ့ဆုံပြီးတဲ့အခါကြတော့ ယူနက်စကိုက stateholder တွေ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းက လူတွေနဲ့ မိတ်ဆက်ပေးနိုင်မလားလို့ မေးလာတယ်။ ကျွန်တော်တို့ကလည်း မိတ်ဆက်ပေးနိုင်ပါတယ်လို့ တာဝန်ခံပြီး မတူညီမှု၊ ကွဲပြားမှုတွေကို သဟဇာတဖြစ်ဖို့ အားလုံးနဲ့ ဝိုင်းပြီးဆောင်ရွက်နေတဲ့ အခါကျတော့ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေအားလုံးကို ဖိတ်ကြားပြီးတော့ မင်းသားကြီး Mr. Forest Whitaker နဲ့ အတူတူ ညစာစားရင်း ဆွေးနွေးနိုင်ဖို့ ဒီအခမ်းအနားလေးကို စီစဉ်တာဖြစ်ပါတယ်။

သူတို့လိုလူမျိုးတွေလာတဲ့အခါမှာ ကောင်းတာတစ်ခုက ငြိမ်းချမ်းရေးလုပ်ငန်းတွေ၊ သဟဇာတဖြစ်မှုလုပ်ငန်းတွေ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်မှုတွေနဲ့ ပတ်သက်ပြီးသူက အဓိကလာတာ။ Mr. Forest Whitaker က တော်တော်ကြီးကို နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်ပါ။ ဒီလိုလူမျိုးတွေကအစဝင်လာပြီးတော့ အားလုံးနဲ့ပူးပေါင်းဆောင်ရွက်တယ်ဆိုတော့ ပြည်သူတွေအနေနဲ့ ဒီကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ပါဝင်နိုင်ဖို့အတွက် အလေးပေးလာမှု၊ အာရုံထားနိုင်မှုတွေ ပိုပြီးတော့ လုပ်နိုင်လိမ့်မယ်။ အထောက်အကူပြုလိမ့်မယ်လို့ ထင်ပါတယ်။

မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးလာရောက်လုပ်ကိုင်တာ ပထမဆုံးအကြိမ်ဖြစ်တယ်။ မြန်မာနိုင်ငံအကြောင်း ထိုက်သင့်သလောက်ဖတ်ထားတယ်ဆိုပေမယ့်လည်း ဒီအကြောင်းတွေကို သေသေချာချာ ထဲထဲဝင်ဝင်မသိဘူး။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီးတော့ ရော ရခိုင်ပြည်နယ်အရေးကိစ္စတွေကို ကျွန်တော်တို့ဝိုင်းဝန်း ဖြေရှင်းခဲ့တာတွေကိုပါ သေသေချာချာလေး လေးနက်နက်သိ ချင်တဲ့အတွက် ကျွန်တော်တို့နဲ့ လာဆွေးနွေးတာပါ။

**မေး/ရေး - ရဲခေါင်ညွန့်**
**ဓာတ်ပုံ-IPRD**

# ရန်ကုန်မြို့၌ ၁၀ ရက်ကြာကျင်းပမည့် 'အမှတ်တရ' နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်

ရန်ကုန် မေ ၂၈

**"အမှတ်တရ" နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်ကို ရန်ကုန်မြို့၌ မေ ၂၉ ရက်မှ ဇွန် ၇ ရက်ထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ဂန္ထဝင်ရုပ်ရှင်ကားပေါင်း ၅၀ ကျော် ပြသသွားမည်ဖြစ်သည်။ အဆိုပါပွဲတော်သည် ကမ္ဘာတစ်ဝန်းရှိ ရုပ်ရှင်အမွေအနှစ်များကို စုစည်းတင်ဆက်ထားသည့် ရှားပါးပွဲတော်တစ်ခုဖြစ်ပြီး အာရှ၌ကျင်းပသည့် တစ်ခုတည်းသော ပွဲတော်လည်းဖြစ်သည်။**

မိုးသူ၊ ဥမ္မာ
ဓာတ်ပုံ-ရဲထွဋ်

ကမ္ဘာအနှံ့ရှိ ဂန္ထဝင်ရုပ်ရှင်များသည် ဆုံးရှုံးပျောက်ကွယ်နိုင်ခြေရှိပြီး ၁၉၅၀ ပြည့်နှစ်မတိုင်မီက ရိုက်ကူးခဲ့သည့် ရုပ်ရှင်အားလုံး၏ ထက်ဝက်ခန့်နှင့် ၁၉၂၉ ခုနှစ်မတိုင်မီက ရိုက်ကူးခဲ့သည့် ရုပ်ရှင်များ၏ ၈၀ ရာခိုင်နှုန်းသည် ပျက်စီးပျောက်ကွယ်သွားပြီဖြစ်သည်။ သို့ဖြစ်၍ ရုပ်ရှင်ဇာတ်ကားများကို ထိန်းသိမ်းစောင့်ရှောက်ရင်း ရုပ်ရှင်အမွေအနှစ်များမှ ခေတ်ကိုထင်ဟပ်သည့် ဓလေ့စရိုက်၊ ယဉ်ကျေးမှုနှင့် လူနေမှုစရိုက်မျိုးစုံတို့ကို ကြည့်ရှုခံစားနိုင်ရန် ရုပ်ရှင်အမွေအနှစ်ပွဲတော်များဖြင့် ရှေးရှုဖန်တီးလာခြင်းဖြစ်သည်။

နိုင်ငံတကာ ရုပ်ရှင်အမွေအနှစ်ပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအပါအဝင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးနှင့် ပြင်သစ်နိုင်ငံမှ Technicolor Foundation For Cinema Heritage တို့ ပူးပေါင်းစီစဉ်တင်ဆက်ခြင်းဖြစ်ကာ ရှားပါးဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများမှာ နေရာအနှံ့တွင် ပျံ့နှံ့ရောက်ရှိနေပြီး ယင်းဇာတ်ကားများ ရှာဖွေတွေ့ရှိရန် ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

"အမှတ်တရ"ရုပ်ရှင်ပွဲတော်ကို "အမျိုးသမီးများ" ဟူသည့် အကြောင်းအရာကို အဓိကထားကျင်းပခြင်းဖြစ်ပြီး ပွဲတော်တွင်ပါဝင်သည့် ဆွေးနွေးဟောပြောပွဲများ၊ လက်ရွေးစင်အဆင့်မြင့် သင်တန်းများကို ငါးရက်ကြာကျင်းပသွားမည်ဖြစ်ကာ ယင်းအစီအစဉ်အားလုံးအတွက် ဝင်ကြေးအခမဲ့ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးများ၏ သရုပ်ကိုဖော်ပြသည့် ၁၉၀၆ ခုနှစ်ကတည်းက ရုပ်ရှင်ဇာတ်ကားများကို တင်ဆက်ပြသရာတွင် ချစ်ခင်ခံရသူ၊ မုန်းတီးခံရသူ၊ စက်ဆုပ်ရွံရှာခံရသူ၊ ဝေဖန်ခံရသူ၊ အထင်ကြီး လေးစားခံရသူ၊ သူရဲကောင်း၊ အရှုံးပေးရသူ၊ ကြင်နာမှုကင်းမဲ့သူ၊ သတ္တိရှိသူ စသည်ဖြင့် အမျိုးသမီးများ၏ ဘဝမျိုးစုံကို ထင်ဟပ်စေမည့် ဂန္ထဝင်ရုပ်ရှင်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယနေ့ကမ္ဘာကို ရွေးချယ်ထားသော ရုပ်ရှင်ဇာတ်ကားများမှတစ်ဆင့် ပိုမိုနားလည်စေရန် အတိတ်ကမ္ဘာကို ရှုမြင်နိုင်သည့် ပြတင်းပေါက်တစ်ပေါက်အဖြစ် ဖွင့်လှစ်ပေးရန် ရည်ရွယ်ထားသည့် "အမှတ်တရ" နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား



**ရှား(လ်)ဘွန်နော(မ်)
ယဉ်ကျေးမှုဆိုင်ရာ
သံအရာရှိ
မြန်မာနိုင်ငံဆိုင်ရာ
ပြင်သစ်သံရုံး**

မြန်မာ့သတင်းစဉ်(ပြည်တွင်း)က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ရှား(လ်)ဘွန်နော(မ်)
ယဉ်ကျေးမှုဆိုင်ရာ သံအရာရှိ
မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး**

ဒီပွဲတော်ကို ရုပ်ရှင်အမွေအနှစ်တွေ ထိန်းသိမ်းဖို့လိုအပ်တယ်လို့ ပြည်သူတွေကို ပိုသိစေချင်တာရယ်၊ ဆန်းသစ်တီထွင်မှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ရုပ်ရှင်ဆိုင်ရာပညာရပ်တွေ ဖလှယ်နိုင်ဖို့ရယ်၊ မြန်မာပရိသတ်နဲ့ လူငယ်တွေကို အနာဂတ်မှာ ပိုမိုကောင်းမွန်တဲ့ တီထွင်ကြံဆမှုတွေ ရရှိစေချင်တာရယ် ဒီလိုရည်ရွယ်ချက်တွေနဲ့ ကျင်းပခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းက အမျိုးသမီးရှေးရှု ဂန္ထဝင်ရုပ်ရှင်ကားပေါင်း ၅၄ ကားကို ရန်ကုန်မြို့ရဲ့ နေပြည်တော်ရုပ်ရှင်ရုံမှာ ၁၀ ရက်ကြာ အခမဲ့ပြသသွားမှာဖြစ်ပါတယ်။ နိုင်ငံတကာ ဇာတ်ကား(၅၀)နဲ့ မြန်မာဂန္ထဝင်ဇာတ်ကား လေးကား ပါဝင်ပါတယ်။

ဒီပွဲတော်မှာ ရုပ်ရှင်အနုပညာလောကက နာမည်ကျော်တွေ တက်ရောက်ကြမှာဖြစ်ပါတယ်။ အထူးဧည့်သည်တွေအနေနဲ့ ပြင်သစ်ရုပ်ရှင်မင်းသမီး ကက်သရင်းဒနစ်၊ မလေးရှားနိုင်ငံက မီရှယ်ယိုးနဲ့ ဟောင်ကောင်မင်းသမီး ချန်ပင်းပင်းတို့အပြင် စင်ကာပူမင်းသမီး မာရီလီးတို့လည်း တက်ရောက်ချီးမြှင့်မှာဖြစ်ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံက ဂန္ထဝင် ရုပ်ရှင်မင်းသမီးကြီးတွေဖြစ်တဲ့ သင်းသင်းယု၊ ဆွေဇင်ထိုက်၊ ခင်သီတာထွန်း စတဲ့ နာမည်ကျော်တွေလည်း ပါဝင်ပါတယ်။ ရုပ်ရှင်လောကမှာ ဦးဆောင်နေတဲ့ ပြင်သစ်နိုင်ငံက ရုပ်ရှင်ဇာတ်ကားတွေ စတင်သက်ဝင်တဲ့နေရာလည်းဖြစ်ပါတယ်။ ရုပ်ရှင်တွေမှာ ဖော်ပြတဲ့အကြောင်းအရာတွေထဲက အရေးကြီးတဲ့အချက်က မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေကို တွေ့မြင်ရမှာပါ။ ဒီလိုယဉ်ကျေးမှုတွေကို ထိန်းသိမ်းသွားနိုင်ဖို့ ပြင်သစ်အစိုးရက ဦးစားပေးဆောင်ရွက်နေပါတယ်။ ဒီလိုပွဲတော်တွေက အာရှနိုင်ငံများမှာ သီးသန့်ကျင်းပခြင်းဖြစ်ပြီး ပြင်သစ်သံရုံးအနေနဲ့ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးမှာ အားပေးကူညီသွားဖို့ ဆုံးဖြတ်ချက်ချထားပါတယ်။

ယဉ်ကျေးမှုဓလေ့စရိုက်တွေ သက်ဝင်နေတဲ့ ရုပ်ရှင်ဇာတ်ကားတွေက အရေးပါပါတယ်။ မြန်မာနိုင်ငံမှာ ဦးအုန်းမောင်က ၁၉၁၀ ပြည့်နှစ်တွေမှာ ပထမဆုံးရုပ်ရှင်ဒါရိုက်တာအဖြစ် စတင်ခဲ့တာကိုကြည့်ရင် မြန်မာပြည်ရဲ့ ရှည်လျားလှတဲ့ ရုပ်ရှင်သမိုင်းကို တွေ့ရမှာပါ။ ဒီကနေ့ဆိုရင် လူထုလိုအပ်ချက်မြင့်မားပြီး အရည်အသွေးပြည့်ဝတဲ့ ရုပ်ရှင်လောကဖြစ်အောင် မြန်မာအစိုးရနဲ့ ရုပ်ရှင်လောကသားတွေ ကြိုးပမ်းအကောင်အထည်ဖော်နေတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံနဲ့ ပြင်သစ်နိုင်ငံပူးပေါင်းပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ မီဒီယာနဲ့ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီမှုတွေ လက်မှတ်ရေးထိုးခဲ့ပါတယ်။ နည်းပညာမြင့် ရုပ်ရှင်ဇာတ်ကားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ထုတ်လုပ်မှုနဲ့ အရည်အသွေးပိုင်းဆိုင်ရာ သင်တန်းနဲ့ ပြင်သစ်-မြန်မာ ပူးပေါင်းပူးတွဲထုတ်လုပ်မှုတွေကို အကူအညီပေးဖို့တွေပါ ပါဝင်ပါတယ်။

ရုပ်ရှင်အမွေအနှစ်ပွဲတော်ကို ယဉ်ကျေးမှု အမွေအနှစ်တွေ ထိန်းသိမ်းမြှင့်တင်ဖို့ လိုအပ်နေတယ်ဆိုတာကို ဂရုပြုစေချင်တာရယ်၊ ပြင်သစ်က ဦးဆောင်ပြီး ကျင်းပတဲ့ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကြီးကို နိုင်ငံပေါင်း ၂၀ ကျော်က ရုပ်ရှင်ဇာတ်ကားတွေနဲ့ မြန်မာပြည်သူလူထုကို ထိတွေ့ခွင့်ပေးနိုင်တာရယ်၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍမျိုးစုံမှာ ပါဝင်လှုပ်ရှားနေတဲ့ အမျိုးသမီးတွေကို အလေးထားစေလိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပခြင်းဖြစ်ပါတယ်။

**ဒေါ်ဆွေဇင်ထိုက်
အတွင်းရေးမှူး၊ နိုင်ငံတကာဆက်သွယ်ရေးကော်မတီ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

ဒီပွဲတော်ကို မနှစ်ကလည်း ရန်ကုန်မှာ ကျင်းပခဲ့ပါတယ်။ မနှစ်ကတော့ ရုပ်ရှင်ဇာတ်ကား(၁၀)ကားပါ။ နောက်ပြီး မနှစ်က ဟာသကားဆိုတော့ မြန်မာကားတစ်ကားတည်းပြ နိုင်ခဲ့ပါတယ်။ ဒီနှစ်ကတော့ အားလုံးပေါင်း ဇာတ်ကား(၅၀)ကျော်ပြသတယ်။ အဲဒီထဲမှာ မြန်မာနိုင်ငံကနေ ရုပ်ရှင်ကား လေးကားပြဖို့ စီစဉ်ပါတယ်။

ဒီနှစ်ရဲ့ Theme က Woman ဆိုတော့ အမျိုးသမီးနဲ့ ပတ်သက်တဲ့ကားတွေ ရွေးရပါတယ်။ ရွေးပြီးကားထုတ်တော့ တော်တော်များများ မရှိတော့ဘူး။ မော်ကွန်းရုပ်ရှင်မှာလည်း (၁၀)ထုပ်ပဲရှိတယ်ဆိုပြီး စာရင်းပေးပါတယ်။ ဦးကြည်စိုးထွန်းနဲ့ တိုင်ပင်ပြီး အမျိုးသမီးနဲ့ နီးနွယ်နေတဲ့ ကားသုံးကားကို မော်ကွန်းရုပ်ရှင်က ရပါတယ်။ မြန်မာပြည်ရဲ့ အမျိုးသမီးဒါရိုက်တာကိုလည်း ပြချင်တယ်။ အဲဒါကြောင့် သင်းသင်းယုကို ပြောပြီးတော့ သူနဲ့ရိုက်ခဲ့တဲ့ နေကျောက်ခဲဆိုတဲ့ ရုပ်ရှင်ကားရှိပါတယ်။ အဲဒီကားနဲ့ မြန်မာရုပ်ရှင်ကို စဖွင့်မှာဖြစ်ပါတယ်။

နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဖိတ်ကြားတဲ့ အထူးဧည့်သည့်တော်တွေက ရှင်းလင်းပြောကြားမယ့် ကဏ္ဍတွေပါမယ်။ မြန်မာ့ရုပ်ရှင်ဘက်က မြန်မာအမျိုးသမီးဒါရိုက်တာ လေးဦးက နေကျောက်ခဲ ဇာတ်ကားရိုက်ခဲ့တဲ့အကြောင်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖို့ စီစဉ်ထားပါတယ်။

ဒီနှစ်က အမျိုးသမီးလည်းဖြစ်တဲ့အတွက် ပွဲတော်ဖြစ်မြောက်ရေးကော်မတီကို ရုပ်ရှင်နဲ့ပတ်သက်ပြီး ကျော်ကြားခဲ့တဲ့ အမျိုးသမီးကြီးတွေကို ဖိတ်ဖို့ပြောကြားခဲ့ပါတယ်။ ပြင်သစ်၊ မလေးရှား၊ အိန္ဒိယအပါအဝင် မင်းသမီးတွေလာကြမယ်။ တချို့လာချင်လို့ ဗီဇာလုပ်ပေးဖို့ ပြောနေတဲ့လူတွေရှိပါတယ်။ များသောအားဖြင့် ပြင်သစ်ဘက်က ဖြစ်တယ်။

ပထမဦးဆုံး ပြောချင်တာကတော့ မြန်မာပြည်မှာ ရုပ်ရှင်ရှိတယ်ဆိုတာ သိသွားတာပေါ့၊ မြန်မာ့ရုပ်ရှင်က ၂၀၂၀ ကျရင် နှစ် ၁၀၀ ပြည့်လို့ပြောတော့ အံ့ဩကြတယ်။ ရုပ်ရှင်ရှိတယ်ဆိုတာ မသိကြဘူး။ မြန်မာပြည်အကြောင်းတွေကို အပြည်ပြည်ဆိုင်ရာမီဒီယာတွေမှာ မြင်ထားတော့ သူတို့အမြင်က သိချင်ကြတယ်။ အဲဒါတွေ မြင်တွေ့ချင်ရင် လာကြည့်ကြပါ။ အဆောက်အအုံတွေ မြင်ရမယ်။ ရုပ်ရှင်ချစ်တဲ့ ပရိသတ်ကိုလည်း ရုပ်ရှင်ရုံမှာ တွေမှာ မြင်ရမယ်ဆိုပြီး ရည်ရွယ်ပါတယ်။

ကိုယ့်ရုပ်ရှင်ဇာတ်ကားတွေ ပြသခွင့်ရတော့ ကိုယ့်တိုင်းပြည်လူမျိုးတွေ ကြည့်ရတယ်။ ကြည့်ပြီးတော့ အခုခေတ်ကလေးတွေ ရှေ့တုန်းက မိဘဘိုးဘွားတွေ ဘယ်လိုမျိုး တီထွင်ဖန်တီးမှုတွေနဲ့ တင်ဆက်ပြသရသလဲဆိုတာ မြင်သွားဖို့အတွက် ရည်ရွယ်ပါတယ်။ ဘယ်လောက် နည်းပညာတိုးတက်သည်ဖြစ်စေ အရိုးပေါ် အရွက်မဖုံးမှ အနုပညာ ကြာရှည်ခိုင်မြဲမှာဖြစ်တယ်။ မြန်မာဘက်က ပြသမယ့် ဇာတ်ကားလေးကားက "တစ်ခါက တစ်ဘဝ၊ ဖိုးပြုံးချို၊ တစ်ကျော့ နှစ်ကျော့ တေးကိုသီ၊ နေကျောက်ခဲ " တို့ ပြသမှာဖြစ်ပါတယ်။

ကျောဖုံးမှ

ပထမနေ့ပွဲစဉ်များကို မေ ၃၀ ရက်တွင် စတင်မည်ဖြစ်ပြီး မြန်မာအသင်းမှာ အဖွင့်ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အမေရိကန်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကို မေ ၃၀ ရက်မှ ဇွန် ၂၀ ရက်အထိကျင်းပမည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် အိမ်ရှင် နယူးဇီလန်၊ ယူကရိန်း၊ အမေရိကန်၊ မြန်မာ၊ အုပ်စု(ခ)တွင် အာဂျင်တီးနား၊ ပနားမား၊ ဂါနာ၊ ဩစတြီးယား၊ အုပ်စု(ဂ)တွင် ကာတာ၊ ကိုလံဘီယာ၊ ပေါ်တူဂီ၊ ဆီနီဂေါ၊ အုပ်စု(ဃ)တွင် မက္ကဆီကို၊ မာလီ၊ ဥရုဂွေး၊ ဆားဘီးယား၊ အုပ်စု(င)တွင် နိုင်ဂျီးရီးယား၊ ဘရာဇီး၊ မြောက်ကိုရီးယား၊ ဟန်ဂေရီ၊ အုပ်စု(စ)တွင် ဂျာမနီ၊ ဖီဂျီ၊ ဥဇဘက်ကစ္စတန်၊ ဟွန်ဒူးရပ်စ်အသင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် မေ ၃၀ ရက် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အမေရိကန်အသင်း၊ ဇွန် ၂ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ယူကရိန်းအသင်း၊ ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အိမ်ရှင်နယူးဇီလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာယူ-၂၀ အသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ရရှိခဲ့မှုမှာ ၂၀၁၄ ခုနှစ်က အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့သည့် အာရှယူ-၁၉ ပြိုင်ပွဲအပေါ်တွင် မူတည်ခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရန် ရည်မှန်းကာ ယင်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် ကြိုးပမ်းခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ဆီမီးအဆင့်သို့တက်ရောက် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု(က)တွင် ထိုင်းအသင်းနှင့်အတူ ကွာတားအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး အာရှနာမည်ကြီး အီရန်နှင့် ယီမင်အသင်းတို့ကို ကျော်ဖြတ်နိုင်ခဲ့သည်။ ကွာတားအဆင့်တွင် အာရှထိပ်သီး၊ ယူအေအီးအသင်းနှင့် ရင်ဆိုင်ခဲ့ရပြီး တိုက်စစ်မှူး သန်းပိုင်၏ သမိုင်းဝင်ဂိုးနှင့်အတူ ဆီမီးအဆင့်သို့ရောက်ရှိကာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ခွင့်ရ၍ မြန်မာ့ဘောလုံး သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ခွင့်ရရှိပြီးနောက်ပိုင်းတွင် ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန်နှင့် ရလဒ်ကောင်းများ ရရှိရန် ခြောက်လကျော်ကြာ အချိန်ယူပြင်ဆင်ခဲ့သည်။ ဇန်နဝါရီလတွင် တူရကီခြေစမ်းခရီးစဉ်၊ မတ်လနှင့် ဧပြီလတွင် ဂျာမနီ၊ ဆားဘီးယား၊ မက်ဆီဒိုးနီးယား၊ ဆလိုဗက်ကီးယားနှင့် ဟန်ဂေရီခရီးစဉ်၊ မေလတွင် ဩစတြေးလျခရီးစဉ်များ သွားရောက်ကာ ပြင်ဆင်ခဲ့သည်။ ယင်းကာလကြားတွင်လည်း မြန်မာနိုင်ငံ၌ ခြေစမ်းပွဲများကစားခဲ့ပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ရရှိထားသည့် ဆားဘီးယား၊ ဟန်ဂေရီ၊ ဖီဂျီ၊ ကာတာအသင်းတို့နှင့် ခြေစမ်းကစားထားသည်။

မြန်မာယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရန်အတွက် ၂၀၁၂ ခုနှစ်ကတည်းက ဂျာမန်လူမျိုး နည်းပြ ဂတ်ဖရိုင်းဒရစ်နှင့် ကာလရှည်ပြင်ဆင်ထားသည့် အသင်းဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရမှုနှင့်အတူ မြန်မာကို ကမ္ဘာကသိလာခဲ့ပြီး မြန်မာဘောလုံးအနာဂတ်အတွက် လမ်းပွင့်ခဲ့ပြီဖြစ်သည်။

မြန်မာအသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ကမ္ဘာကျော်ဘောလုံးသမားများပေါ်ထွက်ရာ ပြိုင်ပွဲကြီးဖြစ်သည်။ မာရာဒိုနာအစ လက်ရှိကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦးဖြစ်သည့် မက်ဆီအပါအဝင် ကမ္ဘာကျော်ဘောလုံးသမား စဉ်ဆက်မပြတ် ပေါ်ထွက်ဖူးရာ ပြိုင်ပွဲကြီးဖြစ်သည်။

လက်ရှိပြိုင်ပွဲဝင်မည့် အသင်းများတွင် ဥရောပအခြေစိုက် ကစားသမားများပါဝင်လာပြီး မြန်မာနှင့်တွေ့မည့် အမေရိကန်အသင်းတွင်လည်း အာဆင်နယ်၌ ကစားခဲ့ဖူးသည့် ဇူလာလန်လို ကစားသမားမျိုး ပါဝင်နေသည်။ ယခုဖွင့်လှစ်နိုင်ခဲ့သည့် မြန်မာဘောလုံး စာမျက်နှာသစ်နှင့်အတူ စဉ်ဆက်မပြတ်အောင်မြင်ရန် အရေးကြီးပေသည်။

## စင်းလုံးငှားလေယာဉ်ဖြင့် ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်

**နေပြည်တော် မေ ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု Adventure Myanmar Tours & Intertive TCS Company ၏ စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံသားအများစုပါဝင်သော ကမ္ဘာ့လှည့်ခရီးသည် ၈၂ ဦးနှင့် လေယာဉ်အမှုထမ်း ၁၅ ဦး ပါဝင်သော စင်းလုံးငှားလေယာဉ်သည် Mongolia နိုင်ငံ Ulan Bator မြို့မှ ရန်ကုန်မြို့သို့ မေ ၂၁ ရက် ညနေ ၃ နာရီခွဲတွင် ရောက်ရှိလာသည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်အဖွဲ့သည် ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ပြီး ဆူးလေရှန်ဂရီလာဟိုတယ်၌ ညအိပ်ရပ်နားခဲ့သည်။

စင်းလုံးငှားလေယာဉ်ခရီးသည်အဖွဲ့သည် မေ ၂၂ ရက်တွင် ရန်ကုန်မြို့မှ ဟဲဟိုးသို့ လေယာဉ်ဖြင့်သွားရောက်ပြီး ဟဲဟိုးမှတစ်ဆင့် အင်းလေးသို့ ဆက်လက်သွားရောက်၍ အင်းလေးကန်အတွင်း ဖောင်တော်ဦးဘုရား၊ အင်းတိန်နှင့် အင်းပေါခုံကျေးရွာများသို့ သွားရောက်လည်ပတ်ကာ အင်းလေးဟိုတယ်၌ ညအိပ်ရပ်နားခဲ့သည်။

မေ ၂၄ ရက်တွင် အင်းလေးမှ ပုဂံသို့ သွားရောက်ပြီး ပုဂံ၌ အာနန္ဒာဘုရား၊ ရွှေစည်းခုံဘုရားနှင့် မင်းနန်သူရွာသို့ သွားရောက်ဖူးမြော်လည်ပတ်ပြီးနောက် အိုရီယမ်တယ်ပဲလေ့စ်ဟိုတယ်၌ ညအိပ်တည်းခိုခဲ့သည်။

မေ ၂၅ ရက်တွင် ပုဂံမြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ထွက်ခွာပြီး နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့သို့ ဆက်လက်ထွက်ခွာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပင်လုံစာချုပ် ချုပ်ဆိုစဉ် ဗိုလ်ချုပ်အောင်ဆန်းစီးခဲ့သော ချက်ပလက်ကား ယနေ့အထိ လွိုင်လင်မြို့၌ ထိန်းသိမ်းထားဆဲဖြစ်

**ပင်လုံ မေ ၂၈**

ရှမ်းပြည်နယ် လွိုင်လင်မြို့ အမှတ်(၁)ရပ်ကွက် သီတာလမ်းရှိ ဂေါ်ရခါးလူမျိုး ဒေါ်မီးနားအိမ်တွင် ပင်လုံစာချုပ်ချုပ်ဆိုရန် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အဖွဲ့အား လွိုင်လင်မြို့မှ ပင်လုံမြို့သို့ လိုက်လံပို့ဆောင်ပေးသော ချက်ပလက်ကားကို ယနေ့တိုင် အမှတ်တရအဖြစ် ထိန်းသိမ်းထားဆဲဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**



ပင်လုံစာချုပ်ဖြင့် တိုင်းရင်းသားအားလုံး ငြိတိသျှအုပ်ချုပ်မှုအောက်မှ အတူတကွပြန်လည်လွတ်မြောက်ခဲ့ခြင်းဖြစ်ပြီး တိုင်းရင်းသားအားလုံး၏ အနာဂတ်အရေးနှင့်ပတ်သက်၍ အမြင်ချင်း နှီးနှောဖလှယ်ခွင့်နှင့် လွတ်လပ်ရေးရရန် လမ်းစပွင့်ခဲ့သော ပထမပင်လုံအစည်းအဝေးကို ၁၉၄၆ ခုနှစ် မတ် ၂၆ ရက်မှ ၂၈ ရက်ထိ ကျင်းပခဲ့ပြီး တောင်တန်းနှင့် ပြည်မ ပူးပေါင်း၍ လွတ်လပ်ရေးရယူမည်ဖြစ်ကြောင်း သက်သေပြသည့် သမိုင်းဝင် ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီက အောင်မြင်စွာ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ရာ အဆိုပါ ပင်လုံစာချုပ်ချုပ်ဆိုရန် အသွားတွင် ဒေါ်မီးနား၏ ဖခင် ဦးကံချားက ၄င်းကိုယ်ပိုင် ချက်ပလက် ခ/၈၂၁၇ ဖြင့် ပို့ဆောင်ခဲ့သော ယာဉ်ဖြစ်သောကြောင့် ယနေ့တိုင်ထိန်းသိမ်းထားခြင်းဖြစ်သည်ဟု ဆိုသည်။

"ဟိုးလွန်ခဲ့တဲ့ ၆၈ နှစ်က ပင်လုံစာချုပ်ချုပ်ဆိုဖို့ လွိုင်လင်ကနေ ပင်လုံမြို့ကို ဗိုလ်ချုပ်နဲ့ သူ့အဖွဲ့တွေ အသွားမှာ ဖေဖေက သူ့ကားနဲ့ လိုက်ပို့ခဲ့တာပါ။ ဖေဖေမရှိတော့ပေမယ့် သမိုင်းဝင်အမှတ်တရဖြစ်တဲ့အတွက် ဒီကားကို မရောင်းဘူး။ ဆက်လက်ထိန်းသိမ်းသွားမှာပါ" ဟု ယခုအခါ အသက် ၅၀ ကျော်အရွယ်ရှိပြီဖြစ်သည့် သမီးဖြစ်သူ ဒေါ်မီးနားက ပြောသည်။ သမိုင်းဝင် ပင်လုံညီလာခံကြီးကို(ဒုတိယအကြိမ်) ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၁၃ ရက်အထိ ပင်လုံမြို့၏ အနောက်တောင်ဘက် (စနေထောင့်)၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါ ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သောဘုရင်ခံ အမှုဆောင်ဝန်ကြီးများ၊ နယ်ခြားဒေသအုပ်ချုပ်ရေးအဖွဲ့မှ အရာရှိများ၊ မြန်မာပြည် နိုင်ငံရေးအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ သတင်းစာဆရာများ၊ နိုင်ငံခြားသံကိုယ်စားလှယ်ကောင်စစ်ဝန်များ၊ မြန်မာပြည်၌ ထင်ရှားကျော်ကြားခဲ့သော ထိပ်သီးပုဂ္ဂိုလ်များ၊ ရှမ်းစော်ဘွားကိုယ်စားလှယ်များနှင့် လူထုကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးတို့က ပြည်မနှင့် တောင်တန်းပူးပေါင်း၍ လွတ်လပ်ရေးရယူရန် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်း၍ ရန်ကုန်မြို့၌ ဒီဇိုင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် မေ ၂၈**

မြန်မာ-ဂျပန် နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး အစီအစဉ်တစ်ရပ်အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်း၍ မြန်မာ့လက်မှုထည် လုပ်ငန်းရှင်များအား ဒီဇိုင်းနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၃ ရက်တွင် ရန်ကုန်မြို့ အမှတ်(၂၂၈/၂၄၀) ကမ်းနားလမ်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ပဥ္စမထပ်)၌ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ကျင်းပမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ လက်မှုလုပ်ငန်းရှင်များ၏ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြု၍ ရိုးရာလက်မှုနည်းပညာဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာမှ ကြိုက်နှစ်သက်သည့် ဒီဇိုင်းများထုတ်လုပ်ပြီး ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်နှင့် မြန်မာ-ဂျပန် နှစ်နိုင်ငံတို့အကြား စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးချဲ့နိုင်စေပြီး လှပကောင်းမွန်သော ဒီဇိုင်းပစ္စည်းများဖြင့် နေ့စဉ်လူနေမှုဘဝကို မြှင့်တင်နိုင်စေရန် ရည်ရွယ်၍ ဂျပန်နိုင်ငံ ဒီဇိုင်းအင်စတီကျူမှ ဒီဇိုင်နာများဖြစ်သော Mr.Shiro Aoki၊ Mr. Satoshi Sasaki နှင့် Mr.Shunsuke Ikai တို့က ဆွေးနွေးပြောကြားကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် လုပ်ငန်းရှင်များ အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုဗဟိုဌာန ဖုန်း-၀၁-၂၅၄၀၂၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ချင်းတွင်းမြစ်ရေ တစ်ပေခန့်မြင့်တက်၍ အမြန်ရေယာဉ်များ သွားလာမှုလွယ်ကူလာ

**ကလေး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၌ ယခုရက်ပိုင်းအတွင်း မိုးနေ့စဉ်ရက်ဆက် ရွာသွန်းခဲ့မှုကြောင့် ချင်းတွင်းမြစ်သည် မေလပထမပတ်ထက်စာလျှင် ယခု နောက်ဆုံးပတ်အတွင်း မြစ်ရေသည် တစ်ပေကျော်အထိ မြင့်တက်လာခဲ့ကြောင်း ကလေးဝမြို့ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ရေတက်လာမှုနှင့်ပတ်သက်၍ ကလေးဝမိုးဇလဦးစီးဌာနမှ ကိုဆွေကပြောကြားရာတွင် "ချင်းတွင်းမြစ်ရေက ကျွန်တော်တို့ခန့်မှန်းထားတဲ့အတိုင်း တက်လာပါတယ်၊ မေ ၂၀ ရက်တုန်းကဆို ၁၆၉ စင်တီမီတာပဲရှိခဲ့ပါတယ်၊ မေ ၂၇ ရက် မွန်းလွဲပိုင်း တိုင်းတာတာ ၂၀၄ စင်တီမီတာရှိပါတယ်၊ ၃၅ စင်တီမီတာ မြင့်တက်လာပါတယ်၊ ပေအားဖြင့်ဆိုရင် တစ်ပေကျော်တက်လာတဲ့သဘောပါ၊ ဆက်လက်ပြီးတော့ မြင့်တက်လာမယ့် သဘောရှိပါတယ်၊ ခန္တီးမှာလည်း မြစ်ရေတက်နေတယ်၊ မော်လိုက်မှာလည်း မြစ်ရေတက်နေပါတယ်" ဟု ပြောသည်။



"ချင်းတွင်းမြစ်ရေတက်လာလို့ အမြန်ရေယာဉ်တွေအတွက် ရေလမ်းကြောင်းတွေပွင့်လာပါတယ်၊ အရင်တုန်းကလိုမျိုး ခက်ခက်ခဲခဲကြီး မမောင်းရတော့ပါဘူး၊ ကုန်တင်အမြန်ရေယာဉ်ကြီးတွေအတွက်တော့ ရေက နှစ်ပေမှ သုံးပေအထိတက်မှ အဆင်ပြေမှာပါ" ဟု ရွှေနဒီဂိတ်မှူး ဦးတင်ထွန်းလွင်က ပြောသည်။

ချင်းတွင်းမြစ်သည် ယခုနှစ်အတွင်း မြစ်ရေသိသိသာသာကျဆင်းခဲ့ပြီး အမြန်ရေယာဉ်စီးသူများအနေဖြင့် ရေတိမ်သည့်နေရာများတွင် ရေယာဉ်သောင်မတင်စေရန် မြစ်အတွင်းခြေကျင်ပင် လျှောက်ခဲ့ရကြောင်း သိရသည်။

**သျှင်နေမင်း**

# နိုင်ငံခြားသားတစ်ဦးလိုက်ပါလာသည့်ကား အမြန်လမ်း၌ တိမ်းမှောက်၍ ယာဉ်မောင်းသေဆုံး

**တောင်ငူ မေ ၂၈**

မေ ၂၈ ရက် နံနက် ၈ နာရီခွဲခန့်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၃၇/၁) ဖာလုံအနီးတွင် သီရိလင်္ကာနိုင်ငံသားတစ်ဦးလိုက်ပါလာသည့် ကားသည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ဘာရီယာတုံးကိုကျော်ပြီး မြောင်း ချုံပေါ်သို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း နိုင်ခန့်ဇော် (၂၂နှစ်) (၃၈)ရပ်ကွက်(မြောက်ဒဂုံ) ရန်ကုန်မြို့နေသူ မောင်းနှင်ပြီး သီရိလင်္ကာနိုင်ငံသား Mr. Lasantha (၄၄ နှစ်) လိုက်ပါစီးနင်းလာသည့် SURF အမျိုးအစား မော်တော်ယာဉ်သည်အမြန်လမ်းမကြီးရှိ မိုင်တိုင်အမှတ်(၁၃၇/၁) ဖာလုံအနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ဘာရီယာတုံးကိုကျော်ပြီး လမ်းဘေးမြောင်းချုံပေါ်သို့ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း နိုင်ခန့်ဇော်သည် အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့သည်။ သီရိလင်္ကာနိုင်ငံသား Mr. Lasantha သည် ဒဏ်ရာများရရှိခဲ့မှုကြောင့်အုတ်တွင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး(မစိုးရိမ်ရ) အခြေအနေဖြင့် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။



အဆိုပါ ယာဉ်တိမ်းမှောက်မှုကို ဗောဓိကုန်း အမြန်လမ်းရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိပြီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ကျိုင်းတုံ၌ စိတ်ကြွဆေးပြား ခြောက်သောင်းကျော် ဖမ်းဆီးရမိ

**ကျိုင်းတုံ မေ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဟိုခိုကျေးရွာအနီး၌ တာချီလိတ်ဘက်မှလာသော TOYOTA CAMRY ယာဉ်အမျိုးအစားပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၈၀၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၇ ရက် နံနက်ပိုင်းက မူးယစ်ရဲတပ်ဖွဲ့စု (၂၈) ကျိုင်းတုံမှ ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ် ဟိုခိုကျေးရွာအနီး၌ စောင့်ဆိုင်းနေစဉ် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် တာချီလိတ်ဘက်မှ ဝမ်လုံကျေးရွာဘက်သို့ ယာဉ်မောင်း စိုင်းလုံဝမ်း( ၆၀ နှစ်) မောင်းနှင်ပြီး ဟော်ရှိန် (၅၃ နှစ်) လိုက်ပါသော TOYOTA CAMRY ခဲရောင်ယာဉ်အမျိုးအစားကိုရပ်တန့်စစ်ဆေးရာ မသင်္ကာဖွယ်တွေ့ရ၍ မူးယစ်ရဲတပ်ဖွဲ့စု (၂၈)ကျိုင်းတုံရုံးသို့ ခေါ်ဆောင်ခဲ့ပြီး ရှာဖွေရာ ယာဉ်နောက်ခန်း ထိုင်ခုံကျောမှီအနောက်ဘက်မှ စိတ်ကြွရူးသွပ်ဆေးပြား၂၀၀ စီပါ ၂၉၁ ထုပ်၊ ကော်ပိုက်လေးချောင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၄၃ ထုပ် စုစုပေါင်း ၃၃၄ ထုပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၈၀၀ နှင့်အတူ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၂၀၀၀ တို့ သိမ်းဆည်းရမိခဲ့သည်။

အမှတ်(၅)ရပ်ကွက် ကျိုင်းတုံမြို့နေ ယာဉ်မောင်း စိုင်းလုံဝမ်း( ၆၀ နှစ်) နှင့် ဟိုကောင်းရွာ တောင်ကြီးမြို့နေ ဟော်ရှိန်(၅၃ နှစ်)တို့ကို ကျိုင်းတုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# တောင်ယာသို့သွားစဉ် တောဆင်ရိုင်း အနင်းခံရမှုကြောင့် သေဆုံး

**နေပြည်တော် မေ ၂၈**

မေ ၂၇ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျောက်ဖျာကျေးရွာအနီး ကျောက်ချောင်းကြီး သစ်တောကြိုးဝိုင်းအတွင်း လူတစ်ဦးကို တောဆင်ရိုင်းနင်းသဖြင့် သေဆုံးသွားကြောင်း သတင်းအရ သာပေါင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ကညင်မြောင်ကျေးရွာနေ စောပါဖို(၅၃ နှစ်) သည်နေအိမ်မှ တောင်ယာသို့သွားစဉ် လမ်း၌ တောဆင်ရိုင်းအနင်းခံရသောကြောင့် ဒဏ်ရာများရရှိသေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ သာပေါင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

**မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုမှန်သမျှ တိုက်ဖျက်ကြ**



# အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးသံတမန်အဖြစ်မှ တိုနီဘလဲနုတ်ထွက်

**လန်ဒန် မေ ၂၈**

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲသည် ဝန်ကြီးချုပ်အဖြစ်မှ အနားယူပြီးကတည်းက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးသံတမန်အဖြစ် ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်အပြီး နုတ်ထွက်သွားပြီဖြစ်ကြောင်း သံတမန်သတင်းရပ်ကွက်ကို ကိုးကားလျက် ဗုဒ္ဓဟူးနေ့တွင် ဒေသဆိုင်ရာမီဒီယာက ဖော်ပြသည်။ ဘလဲသည် ၂၀၀၇ ခုနှစ် ဗြိတိန်ဝန်ကြီးချုပ်ရာထူးကို စွန့်လွှတ်ပြီးမကြာမီ အရှေ့အလယ်ပိုင်းသံတမန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

လခ မရသော ၎င်း၏အလုပ်သည် အမေရိကန်၊ ရုရှား၊ အီးယူနှင့် ကုလသမဂ္ဂတို့ကိုယ်စား အစ္စရေးနှင့် ပါလက်စတိုင်း ပဋိပက္ခကို ကြားဝင်စေ့စပ်ညှိနှိုင်းပေးရသော အလုပ်ဖြစ်သည်။ ဘလဲက ၎င်းအနေဖြင့် ရာထူးမှနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံစာရေးခဲ့သည်ဟု ဆိုသည်။

သို့ရာတွင် မစ္စတာဘလဲအနေဖြင့် နှစ်နိုင်ငံအဖြေရှာရေး တိုးတက်မှုရရှိရန် အစ္စရေး-ပါလက်စတိုင်းတို့နှင့်အတူ နိုင်ငံတကာအသိုင်းအဝိုင်းမှ အကူအညီများရရှိရန် ဆက်လက်ကူညီပေးသွားမည်ဟုဆိုသည်။

**(ဆင်ဟွာ)**

# တရုတ်ဆိုက်ဘာလုံခြုံရေးအစီအစဉ် နိုင်ငံတော်လျှို့ဝှက်ချက်များကို ကာကွယ်ရန်ဟုဆို

**ရှန်ဟိုင်း မေ ၂၈**

တရုတ်နိုင်ငံမှ ငါးနှစ်တာ ဆိုက်ဘာလုံခြုံရေးအစီအစဉ်ကို နိုင်ငံလျှို့ဝှက်ချက်နှင့်အချက်အလက်များ ကာကွယ်ရန်ပြင်ဆင်မည်ဖြစ်ကြောင်း ကြာသပတေးနေ့က စက်မှု၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ အထက်တန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကို ချိုင်းနားဒေးလီးသတင်းစာက ကိုးကားဖော်ပြခြင်းဖြစ်သည်။

အဆိုပါ အစီအစဉ်သည် တရုတ်နိုင်ငံ၌ နိုင်ငံခြားနည်းပညာ စီးပွားရေးကုမ္ပဏီများ၏ စိန်ခေါ်မှုများအတွက် ထပ်မံပြင်ဆင်ထားခြင်းဖြစ်ပြီး အစိုးရအေဂျင်စီများနှင့် ကုမ္ပဏီများကို ပြည်တွင်းဖြစ် ဆော့ဖ်ဝဲများကိုသာ ရွေးချယ်အသုံးပြုကြရန် တိုက်တွန်းထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်သည် အစိုးရဌာနများ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် ဘဏ္ဍာရေးဌာနများတွင် အသုံးပြုနေသော ဆော့ဖ်ဝဲလုံခြုံရေးအတွက် တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ဆော့ဖ်ဝဲထိန်းချုပ်ရေးဝန်ကြီးဌာနမှ ဒါရိုက်တာ ချန်ဝေက ပြောသည်။ ၎င်းက အစီအစဉ်နှင့် ပတ်သက်ပြီး အသေးစိတ်ပြောဆိုခြင်းမရှိပေ။

ယခင်က အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီမှ အချက်အလက်များကို အက်ဒဝပ်စနိုဒင်မှ ဖွင့်ချခဲ့သည့်ဖြစ်ရပ်ဖြစ်ပွားပြီးနောက် တရုတ်နိုင်ငံအနေနှင့် ၎င်း၏နည်းပညာအချက်အလက်များကို တရားဝင်ကာကွယ်ရန် တိုးမြှင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဆိုက်ဘာအာကာသနိုင်ငံဟုခေါ်သည့် တရုတ်အမျိုးသားလုံခြုံရေး ဥပဒေမူကြမ်းကို ယခုလအတွင်း အွန်လိုင်းတွင် တင်ခဲ့သည်။ **(ရိုက်တာ)**



# တောင်တရုတ်ပင်လယ်အတွင်း ကျွန်းတည်ဆောက်မှု ချက်ချင်းရပ်တန့်ရန် ပင်တဂွန်အကြီးအကဲပြော

**ပင်တဂွန် မေ ၂၈**

တောင်တရုတ်ပင်လယ်အတွင်း တရုတ်နှင့် အခြားနိုင်ငံများအနေဖြင့် ကျွန်းတည်ဆောက်နေမှုကို ချက်ချင်းရပ်တန့်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းလိုက်ပြီး ပါဝင်ပတ်သက်သူများအနေဖြင့် စစ်ရေးရည်ရွယ်ချက်ဖြင့် အငြင်းပွားမှုများကို အဆုံးသတ်ကာ ငြိမ်းချမ်းစွာ ဖြေရှင်းသင့်ကြောင်း တိုက်တွန်းလိုက်သည်။

တရုတ်နိုင်ငံ၏ ကျွန်းတည်ဆောက်ရေးကြိုးပမ်းမှုများသည် ဒေသတွင်းနိုင်ငံများ၏ဆန္ဒနှင့်မကိုက်ညီကြောင်း၊ အမေရိကန်လေယာဉ်နှင့် စစ်သင်္ဘောများ အဆိုပါဒေသသို့ နိုင်ငံတကာဥပဒေနှင့်အညီ ဆက်လက်ဝင်ရောက်သွားမည်ဖြစ်ကြောင်း ကာတာက ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် လာမည့်ဆယ်စုနှစ်များအတွင်း အာရှပစိဖိတ်ဒေသ၌ အဓိက လုံခြုံရေးနိုင်ငံတစ်ခုအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ကာတာက ဆက်လက်ပြောကြားသည်။ အမေရိကန်ရေတပ်က တောင်တရုတ်ပင်လယ်အတွင်း တရုတ်တို့တည်ဆောက်နေသော ကျွန်းကိုလေ့လာရန် ကင်းထောက်လေယာဉ်စေလွှတ်ခဲ့ပြီး သီတင်းတစ်ပတ်အကြာ ကာတာ၏ မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ **(ရိုက်တာ)**

# တရုတ်ဆရာဝန် ၁၀ ဦးတွင် ခြောက်ဦးမှာ နှုတ်အားဖြင့် အကြမ်းဖက်ခံနေရ

**ပေကျင်း မေ ၂၈**

တရုတ်နိုင်ငံတွင် ဆရာဝန် ၁၀ ဦးလျှင် ခြောက်ဦးမှာ လူနာများ၏နှုတ်ဖြင့် ကြမ်းတမ်းရိုင်းပျစွာပြောဆိုခြင်း ကို ခံနေကြရသည်ဟု သဘောထားကောက်ခံမှုစစ်တမ်းများအရ People's Daily နေ့စဉ်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

တရုတ်ဆေးပညာရှင်များအဖွဲ့ (CMDA) ၏ စစ်တမ်းကောက်ယူမှုအရ ၂၀၁၄ ခုနှစ်တစ်လျှောက်လုံး၌ ဆရာဝန် ၁၂၆၀၀ တွင် ၁၃ ဒသမ ၀၇ ရာခိုင်နှုန်းသည် လူနာများ၏ ရုပ်ပိုင်းဆိုင်ရာ ကျူးကျော်စော်ကားမှုကိုခံနေရသည်ဟု ဆိုသည်။

ပြီးခဲ့သည့်နှစ်များအတွင်း ဆေးဝါးကုသမှုဆိုင်ရာ အငြင်းပွားမှုများကြောင့် ဆေးရုံဝန်ထမ်းများအပေါ် ဝေဖန်တိုက်ခိုက်မှုများ မြင့်တက်လာခဲ့သည်။ ဆရာဝန်များအား ဆေးဝါးကုသမှုတွင် အဆောတလျင် အကြံပေးခြင်းနှင့် ဆေးဝါးကုသရာတွင် အလွန်အမင်း ငွေကုန်ကြေးကျများစေခြင်းတို့ဖြင့် စွပ်စွဲပြစ်တင်လျက်ရှိသည်။

စစ်တမ်းကောက်ယူမှုသည် ဆရာဝန်များ၏ အလုပ်လုပ်ရသည့် အချိန်ပမာဏကိုပါ ထင်ရှားမြင်သာစေခဲ့သည်။ ဆရာဝန်များ၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းသည် တစ်ပတ်လျှင် နာရီ ၆၀ ထက် ပို၍ ကြာမြင့်အောင် အလုပ်လုပ်နေကြရပြီး တရားဝင် နာရီ ၄၀ အလုပ်လုပ်ရန် သတ်မှတ်ထားသည့် အချိန်ပမာဏနှင့် များစွာကွာဟလျက်ရှိသည်။

ဆရာဝန် ၆၀ ရာခိုင်နှုန်းသည် လုပ်ငန်းပိုင်းဆိုင်ရာ စိတ်ကျေနပ်မှုနည်းပါးကြောင်းနှင့် ၆၄ ရာခိုင်နှုန်းမှာ ၎င်းတို့၏သားသမီးများကို ဆရာဝန်ဖြစ်လာစေလိုသော ဆန္ဒမရှိဟုဆိုသည်။

**(ဆင်ဟွာ)**

**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

**စပါးကောက်ရိုး အမြန်ဝယ်သည်**
စပါးကောက်ရိုးသန့်သန့် အမြဲတမ်းဝယ်သည်။
ဈေးကောင်းပေးမည်။
အမြန်ဆက်သွယ်ရန်—
ဖုန်း=၀၉ ၅၂၀၀ ၉၀၉၈၀
၀၁-၃၇၉ ၇၀၇

**အမည်ပြောင်း**
ဦးရွှေစိုး ၉/တကန(နိုင်)၀၄၅၈၈၁၏သမီး အထက(၂) န၀မတန်း(A-3)၊ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့မှ မပြည့်ပြည့်ခင် ကျောင်းဝင်အမှတ် က-၇၉၁၈အား မပြေ့ပြေ့ခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မပြေ့ပြေ့ခင်

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 5B/ 2989, Mitsu-bishi MS 715S Bus (4x2) ယာဉ်လက်ဝယ်ရှိသူ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

**အဆင့်မြင့်အင်ဂျင်နီယာဒီပလိုမာသင်ရိုးသစ်များအကြောင်း ဟောပြောပွဲကျင်းပမည်**
Myanmar TECH Institute မှ City and Guilds ၏ စနစ်သစ်အဆင့်မြင့် အင်ဂျင်နီယာဒီပလိုမာသင်တန်းသစ်များဖြစ်သည့် Level 2, 3, 4, 5 တို့အကြောင်းကို ရှင်းလင်းဟောပြောမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက် လေ့လာနိုင်ကြောင်း ခင်မင်ရင်းနှီးစွာဖြင့်ဖိတ်ကြားအပ်ပါသည်။
နေ့ရက် – ၁-၆-၂၀၁၅ (တနင်္လာနေ့)
အချိန် – နံနက် ၉း၀၀ မှ ၁၂း၀၀ ထိ
နေရာ – International Business Centre (IBC)

**အလုပ်ကြိုးစားလုပ်ကိုင်လိုသော ဝန်ထမ်းကောင်းများ အမြန်အလိုရှိသည်**
အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခန့်အပ်ရန် ရိုးသား၍ ကြိုးစားအလုပ်လုပ်ကိုင်နိုင်မည့် အရည်အချင်းမြင့်လူငယ် (ကျား/မ) ဝန်ထမ်းကောင်းများ အလိုရှိသည်။
လူငယ်များအတွက် အတွေ့အကြုံသစ်များစွာနှင့် အနာဂတ်အလားအလာကောင်းများ လစာကောင်းနှင့် ဘဝအခြေအနေကောင်းများရှိပါမည်။
ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း (၎င်းစာရွက်စာတမ်းမိတ္တူများ)၊ လျှောက်ထားရသည့်ရည်ရွယ်ချက်နှင့် ရည်မှန်းချက်အပြည့်အစုံ စသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။
ဤလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံ လုံးဝမရှိသူများ၊ တက္ကသိုလ်တက်ရောက်ဆဲ ထူးချွန်လူငယ်များလည်း လျှောက်ထားနိုင်ပါသည်။
(၁) Warehouse Operation မန္တလေး ကျား ၂၀ ဦး
(၂) Warehouse Documentation မန္တလေး ကျား/မ ၁၀ ဦး
(၃) Logistics Assistant ရန်ကုန်/မန္တလေး ကျား/မ ၂၀ ဦး
(၄) Logistics Officer ရန်ကုန်/မန္တလေး ကျား/မ ၅ ဦး
အမှတ် ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ ဒဂုံတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊ ၅၄၄၃၄၀၊ ၅၄၄၃၄၁

# ကားနှင့်ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက် ဆိုင်ကယ်မောင်းသူသေဆုံး



**မြင်းမူ မေ ၂၈**

မေ ၂၇ ရက် ညနေ ၅ နာရီတွင် မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာအနီး မန္တလေး-မုံရွာ-မြင်းမူ ကားလမ်းတံတား အမှတ်၁/၄၅ ပေါ်တွင် မန္တလေးဘက်မှမုံရွာဘက်သို့ ယာဉ်မောင်း အောင်နိုင်ဦး(၄၄နှစ်) (ထီးဆောင်း ရွာ မြင်းမူမြို့နယ်) နေသူမောင်းနှင်သည့် လိုက်ထရပ်ယာဉ်နှင့် မုံရွာဘက်မှ မန္တလေးဘက်သို့ (၂၅ နှစ်ခန့်၊ အမည်လိပ်စာ စုံစမ်းဆဲ) မောင်းနှင်လာသည့် Reebo အမျိုးအစား CZI ၁၂၅ နက်ဖြူကျားနံပါတ်မပါလိုင်စင် စိစစ်ဆဲ ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိပြီး ဆိုင်ကယ်မှာ လဲကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူသည် ဒဏ်ရာများနှင့် သတိလစ်မေ့မြော ခဲ့ပြီး မြင်းမူဆေးရုံ၌ တက်ရောက်ကုသစဉ် သေဆုံးသွားခဲ့သည်။

သို့ဖြစ်ပါ၍လူကိုထိခိုက်ဒဏ်ရာရသေဆုံးသည်အထိ မဆင်မခြင် မောင်းနှင်သူ အောင်နိုင်ဦး (၄၄ နှစ်)နှင့် ဆိုင်ကယ်မောင်းသူတို့အား မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၇၉)**

# ကုန်တင်ယာဉ် တံတားကို တိုက်မိပြီး တိမ်းမှောက်

**ရေတာရှည် မေ ၂၈**

မေ ၂၇ ရက် နံနက် ၄ နာရီက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မြောက်ဘက်အထွက် ရန်ကုန်-မန္တလေးကားလမ်းတံတားအား ၁၂ဘီးကုန်တင်ယာဉ်က အရှိန်လွန်ကာဝင်တိုက်မိပြီး ကားလမ်းအရှေ့ဘက်သို့ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ မင်းဇော်(၂၉နှစ်) ဆည်တုန်ကျေးရွာ တောင်သာမြို့နယ်မောင်းနှင်ပြီး ကိုသက်စိုး(၃၆နှစ်) တံတားအနောက်ကျေးရွာ တောင်သာကျေးရွာနေသူ လိုက်ပါလာသည့် ၃ဃ/--- နီဆန်း (၁၂)ဘီးကုန်တင်ယာဉ်သည် ရေတာရှည်မြို့မြောက်ဘက်အထွက်ရှိ တံတားအမှတ် ၃/--- ၏အရှေ့ဘက်ခြမ်း လက်ရန်းအုတ်ခုံများကို အရှိန်လွန်ဝင်တိုက်ကာ ချောင်းအတွင်း တိမ်းမှောက်သွားခဲ့ကာ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့နှစ်ဦးမှာ ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရပြီး ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# ရေတံခွန်တွင် မျောပါသူအမျိုးသမီး ရှစ်ရက်ကြာမှ သေဆုံးလျက်တွေ့

**ပြင်ဦးလွင် မေ ၂၈**

မေ ၁၉ ရက်က ပြင်ဦးလွင် ပွဲကောက်ရေတံခွန်၌ ရေစီးတွင် မျောပါသွားခဲ့သည့် အသက် ၂၄နှစ်အရွယ်ရှိ မယဉ်မျိုးထွေး(ခ) အငယ်လေး(ခ)ရှင်းသန့်အား မေ ၂၆ ရက် ညနေ ၃ နာရီတွင် အသက်သေဆုံးလျက် ပြန်လည်ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ပွားသည့်နေ့ရက်မှစတင်၍ မိသားစုဝင်များက လူအင်အားများစွာ အသုံးပြုလျက် ဂဲလောင်းချောင်းတစ်လျှောက် ပိုက်စိပ်တိုက်ပြီး နေ့စဉ် ရှာဖွေမှုများ ပြုလုပ်ခဲ့သော်လည်း လုံးဝတွေ့ရှိခဲ့ခြင်းမရှိဘဲ ရှစ်ရက်ကြာသောအခါမှ ပွဲတော်ရွာနေ မှိုရှာသူတစ်ဦးသည် ချောင်းရိုးတစ်လျှောက် မှိုလိုက်ရှာရာမှ ချောင်းဘေးသစ်ပင်တွင် ချိတ်ဆွဲငြိတွယ်လျက်သေဆုံးသူ၏ အလောင်းကို တွေ့ရှိခဲ့ကြောင်းသိရသည်။ အလောင်းတွေ့ရှိရသည့်နေရာသည် ပွဲကောက်ရေတံခွန်မှ သုံးမိုင်အကွာ ရန်ကုန်ကျောင်းသုံးထပ်ရေတံခွန်အထက်နားတွင်ဖြစ်ပြီး ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြှောင်ရဲစခန်းက ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# ငယ်သူတို့သဘာဝ ချိန်းတွေ့ရာမှ မသမာသူတို့၏ ရိုက်နှက်ခြင်းခံရ

**ပျဉ်းမနား မေ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တွင် ရည်ငံနေသူနှစ်ဦး အလုပ်မှအပြန် ညအခါ ချိန်းတွေ့စကားပြောနေစဉ် ရိုက်နှက်၍ ပစ္စည်းများလုယူသူကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အရှေ့ဘက်သနပ်ပင်ဆိပ်ကျေးရွာ (အနောက်)နေ မောင်ရန်နိုင်ထွန်း (၂၂ နှစ်)နှင့် သနပ်ပင်ဆိပ်ကျေးရွာ(အရှေ့) နေ မမိုးမိုးကျော်(၂၂ နှစ်) တို့သည် ဧပြီ ၂၈ ရက် ည ၁၁ နာရီက အလုပ်မှအပြန် ကျီးအင်းကျေးရွာ ကျီးအင်းလမ်းဆုံအနီး မြို့ရှောင်လမ်းဘေးတွင် စကားပြောနေစဉ် လူနှစ်ဦး ရောက်ရှိလာပြီး ၄င်းတို့ကို ဓားမြှောင်များဖြင့်ထိုး၍ ရန်နိုင်ထွန်းကိုတုတ်ဖြင့်ရိုက်နှက်မောင်းထုတ်ခဲ့ကြောင်း၊ ထို့နောက် မမိုးမိုးကျော်ကို လယ်ကွင်းထဲသို့ခေါ်ဆောင်သွားကာ ဝတ်ဆင်ထားသော ရွှေအလေးချိန် တစ်ကျပ်သားခန့်ရှိ လက်ကောက်နှစ်ကွင်း၊ လက်ကိုင်ဖုန်းတစ်လုံး၊ ရန်နိုင်ထွန်းကိုင်ဆောင်ထားသော လက်ကိုင်ဖုန်းတစ်လုံး တို့ကို ယူဆောင်သွားသည့်အပြင် မမိုးမိုးကျော်အား ရိုက်နှက်သဖြင့်ဒဏ်ရာများရရှိသွားခဲ့သည်။

ထိုစဉ် လယ်ကွင်းအတွင်း ထွန်စက်နှစ်စီး မောင်းလာကြောင်း သိရသဖြင့် ၄င်းတို့နှစ်ဦး ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် ယင်းဖြစ်စဉ်အား အရေးယူပေးပါရန် ပျဉ်းမနားမြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။ ပျဉ်းမနား မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် မမိုးမိုးကျော်ကို အသေးစိတ် စစ်ဆေးမေးမြန်းရာ အခင်းဖြစ်ညက ပြစ်မှုကျူးလွန်သူနှစ်ဦးတွင် ခွေးသုံးကောင်ပါကြောင်း၊ ပြစ်မှုကျူးလွန်သူနှစ်ဦးအနက် တစ်ဦးမှာ ခေါင်းစည်း ဓားမြှောင်နှင့်ဖြစ်ပြီး လွယ်အိတ်လွယ်ထားကြောင်း ပြောပြသည်။

ဧပြီ ၂၉ ရက်က နယ်ထိန်းခေါင်းဆောင်ရဲအုပ်မင်းကိုထွေးနှင့် အဖွဲ့သည် တရားလို မမိုးမိုးကျော်၊ သက်သေရန်နိုင်ထွန်းတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ တရားလို၏ပြောကြားချက်အရ ညအချိန် လယ်ကွင်းများကြားတွင် ကြွက်များ၊ ကြောင်များအား လိုက်လံရှာဖွေခြင်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများ ဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အနီးဝန်းကျင်ရွာများအား စုံစမ်းထောက်လှမ်းစဉ် အခင်းဖြစ်ညက ပျဉ်းမနားမြို့ တာတိုင်ကုန်းရွာအရက်ဆိုင်တစ်ဆိုင်တွင် မသင်္ကာဖွယ်အနေအထားဖြင့် နတ်သူရဲကျေးရွာမှ လူနှစ်ဦးအရက်လာသောက်ကြောင်း သိရသည်။

တာတိုင်ကုန်းကျေးရွာနေ ချက်ဖောင်းနှင့်ကျော်ဆင့်တို့သည် ယင်းရွာရှိ ဦးကျော်မောင် အရက်ဆိုင်တွင် အရက်သောက်ခဲ့ကြောင်း၊ ကျော်ဆင့်တွင်သွေးများပေနေသဖြင့် ရေဆေးရန် ဦးကျော်မောင်က ရေခပ်ပေးလိုက်ရသေးကြောင်း၊ ၄င်းတို့နှစ်ဦးစလုံးတွင် ဓားကိုယ်စီ၊ ဓာတ်မီးကိုယ်စီ၊ လွယ်အိတ်ကိုယ်စီပါကြောင်း၊ ခွေးတစ်ကောင် လည်းပါကြောင်း ဆိုင်ရှင်က ပြောပြသဖြင့် ချက်ဖောင်း(ခ) လှမျိုး၏နေအိမ်သို့ မေ ၂၃ ရက်က သွားရောက်ဖမ်းဆီးခဲ့ရာတွင် ချက်ဖောင်း(ခ) လှမျိုး (၁၈ နှစ်)ကို လက်ရဖမ်းဆီးရမိသည်။

စစ်မေးရာတွင် ၄င်းက အခင်းဖြစ် ညက ကျီအင်းလမ်းဆုံအနီးတွင်တွေ့ရသော သမီးရည်းစားအတွဲ တစ်တွဲထံမှ ပစ္စည်းများ လုခဲ့သည်မှာ မှန်ကန်ကြောင်း ထွက်ဆိုခဲ့သည်။

ထို့နောက် ကျော်ဆင့်နေအိမ်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး ဝင်ရောက်ဖမ်းဆီးရာတွင် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း စုံစမ်းသိရှိရသည့်အတွက် ၄င်း၏အိမ်ရာအား ဝင်ရောက်ရှာဖွေရာ ပြစ်မှုကျူးလွန်ရာတွင် ကျော်ဆင့်အသုံးပြုခဲ့သော ပစ္စည်းများကို သိမ်းဆည်းရမိပြီး ထွက်ပြေးတိမ်းရှောင်နေသော ကျော်ဆင့်အား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ချင်းပြည်နယ်မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးငြိမ်းသတ်ယာဉ် ၃စီး၊ (ခ) မီးသတ်ရေသယ်ယာဉ် ၂စီး၊ (ဂ) Extra Cab ၃စီး (Model 2013 ခုနှစ်အထက်)၊ (ဃ) မီးသတ်ရေယာဉ် ၁စီး၊ (င) ရှာဖွေကယ်ဆယ်ရေးလှေ ၁စင်း၊ (စ) Cylinder Air Filling Machine ၁လုံး၊ (ဆ) High Pressure Water Mist with Engine ၁လုံး၊ (ဇ) Infrared Thermometer ၉လုံး၊ (ဈ) မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာ ၁၀ မျိုး၊ (ည) ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာ (၈)မျိုး၊ (ဋ) မီးစက် 25 KVA ၁လုံး။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၆-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၃-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း- ၀၇၀-၂၂၅၆၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ
အရေးသီးသန့် နှင့် Speaking
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄မှ၈တန်းထိ Guide များအိမ်လိုက်သင်သည်။
ဋ္ဌနှလ(၃/၄/၆)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## ဖခင်အမည်မှန်

နတ္တလင်းမြို့နယ်၊ ဒမငယ်ကျေးရွာ အထက(ခွဲ) အဌမတန်းမှ မောင်ရဲလင်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအေးနိုင် ၇/နတလ(နိုင်)၀၈၅၀၁၃ ဖြစ်ပါကြောင်း။

**ဦးအေးနိုင် ၇/နတလ(နိုင်)၀၈၅၀၁၃**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ နမ္မဖြစ် အလက(ခွဲ) ဒုတိယတန်း (အောင်) မှ မောင်စောမုန်ဂျက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမန်းဆန်းကျော် ၁/ကမန(နိုင်)၀၅၀၁၀၃ ဖြစ်ပါကြောင်း။ **ဦးမန်းဆန်းကျော်**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

(၁) ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တာမွေမြို့နယ်၊ တာမွေလမ်းဆုံ Y ပုံသဏ္ဍာန် ခုံးကျော်တံတားတည်ဆောက်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

(က) ဦးချစ်မောင်လမ်းနှင့်ဗညားဒလလမ်း နှစ်လမ်းမောင်း လေးလမ်းသွား၊

(ခ) ဗညားဒလလမ်းမှ အရှေ့မြင်းပြိုင်ကွင်းလမ်းသို့ တစ်လမ်းမောင်း နှစ်လမ်းသွား၊

(၂) တံတားဒီဇိုင်းတင်ပြရာတွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီရမည်-

| | | | |
|---|---|---|---|
| (က) | Minimum Lane Width | = | 3~3.25 m |
| (ခ) | Vertical Clearance | = | 4.9 m(16ft) |
| (ဂ) | Maximum Vertical Gradient | = | 5% |
| (ဃ) | Movable Design Load | = | 75 Ton(AASHTO-HS-25) |
| (င) | Minimum Design Speed | = | 50 km/hr |

(၃) တံတားများဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား ချိပ်ပိတ်လျက် ၃၀-၆-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄နာရီနောက်ဆုံးထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ တင်ဒါပုံးများအတွင်းသို့ တာဝန်ရှိသူကိုယ်တိုင် မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်သွင်းရမည်။

(၄) သတ်မှတ်တင်ဒါပုံစံများကို ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၅-၆-၂၀၁၅ရက် နောက်ဆုံးထားပြီး (ရုံးချိန်အတွင်း)တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

(၅) တင်ဒါအဆိုပြုလွှာများအား အများရှေ့မှောက်၌ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသောနည်းပညာ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့်ကိုက်ညီသည့်ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

(၆) တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိ လိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်(ရုံးချိန်အတွင်း)လူကိုယ်တိုင်ဖြစ်စေ၊ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ လေလံခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီမှ ရောင်းချရန်ကျန်ရှိနေသေးသည့် အောက်ဖော်ပြပါ ဟိုတယ်ဇုန်မြေကွက်များအား အများမြင်သာသော ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပေးမည်ဖြစ်-

| | | | |
|---|---|---|---|
| (က) | (C -ဇုန်)၊ အကွက်အမှတ် (N-6)၊ | ၆.၅၃ဧက | |
| (ခ) | (C -ဇုန်)၊ အကွက်အမှတ် (N-7)၊ | ၆.၉၂ဧက | |
| (ဂ) | (C -ဇုန်)၊ အကွက်အမှတ် (Q-1)၊ | ၇.၉၈ဧက | |
| (ဃ) | (C -ဇုန်)၊ အကွက်အမှတ် (R-1)၊ | ၈.၄၆ဧက | |
| | **စုစုပေါင်း** | **၂၉.၈၉ဧက** | |

၂။ စိတ်ဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် လေလံလျှောက်လွှာများဝယ်ယူပြီး အင်းလေးဒေသ ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီသို့ အချိန်မီပေးပို့လျှောက်ထားနိုင်သည်-

(က) **လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ရက်၊ ၁၀း၀၀နာရီ

(ခ) **လေလံလျှောက်လွှာပိတ်မည့်ရက်** - ၃၀-၆-၂၀၁၅ရက်၊ ၁၆း၀၀နာရီ

(ဂ) **လေလံပွဲကျင်းပမည့်ရက်** - ၄-၇-၂၀၁၅ရက်၊ ၁၀း၀၀နာရီ

(ဃ) **လေလံပွဲကျင်းပပြုလုပ်မည့်နေရာ** - မြို့တော်ခန်းမ၊ တောင်ကြီးမြို့

၃။ အသေးစိတ်သိရှိလိုသည်များရှိပါက အင်းလေးဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဖုန်း-၀၈၁-၂၀၁၈၆၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ**

# ရွှေတိဂုံစေတီတော် နယုန်လပြည့် မဟာသမယအခါတော်နေ့ အခမ်းအနားကျင်းပမည်

**ရန်ကုန် မေ ၂၈**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် နယုန်လပြည့် မဟာသမယအခါတော်နေ့ အခမ်းအနားကို ယင်းနေ့ (ဇွန် ၁ရက်) နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နယုန်လပြည့် နံနက် ၅ နာရီတွင် စေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ ဦးဆောင်ကာ ဘာသာရေး အသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများက ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဆွမ်း၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များဖြင့် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပြီး စေဆီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များအား ရောင်တော်ဖွင့်တန်ဆောင်း၌ နံနက်အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ယင်းနောက် နံနက် ၆ နာရီခွဲတွင် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ နယုန်လပြည့် မဟာသမယအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ တရားဒေသနာတော်များနာကြား၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်သည်။

နံနက် ၇ နာရီတွင် ဂေါပကအဖွဲ့ဝင်များဦးဆောင်ကာ ဘာသာရေးအသင်းအဖွဲ့ဝင်များက ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှစတင်ကာ မဟာသမယအခါတော်နေ့ ဖြစ်ပေါ်လာခြင်းကို ဖော်ကျူးသော အခမ်းအနား အဆောင်အယောင်များဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲကာ စေတီတော်မြတ်ကြီးအား လက်ဝဲရစ်၊ လက်ယာရစ် လှည့်လည်ပူဇော်ကြမည်ဖြစ်သည်။

ယင်းနောက် စေတီတော်ရာဟုထောင့် အောင်မြေ၌ နယုန်လပြည့် မဟာသမယ အခါတော်နေ့ဆိုင်ရာ အခမ်းအနားကို ကျင်းပမည်ဖြစ်ရာ ဘုရားဖူးလာ ရဟန်း ရှင်လူ၊ ပြည်သူများ ပါဝင်ကုသိုလ်ပြုနိုင်ကြောင်း စေတီတော်ဂေါပကအဖွဲ့က နှိုးဆော်ထားသည်။

**ကိုချစ်**

# နိုင်ငံတစ်ဝန်း ရေရရှိရေးလုပ်ငန်းများ ဇွန်လအတွင်း စတင်မည်

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ မြို့နယ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် နှစ်စဉ်ကြုံတွေ့နေရသော သောက်သုံးရေ ရှားပါးမှုပြဿနာများ လျော့နည်းစေရန်အတွက် ရေရရှိရေးလုပ်ငန်းများကို ဇွန်လအတွင်း စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

"ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လာမယ့်ဇွန်လမှ စတင်ပြီးတော့ နိုင်ငံတစ်ဝန်းက ရေရှားပါးတဲ့ဒေသတွေက ကျေးရွာပေါင်း ၃၆၆၂ ရွာမှာ ရေရရှိရေးလုပ်ငန်းပေါင်း ၃၉၅၇ ခုကို ဆောင်ရွက်သွားနိုင်ဖို့ မေလဆန်းတုန်းက တင်ဒါခေါ်ယူထားခဲ့ပါတယ်။ ရေရရှိရေးလုပ်ငန်းတွေအနေနဲ့ အဝီစိတွင်းတွေ၊ သောက်သုံးရေကန်ဆယ်ခြင်းတွေ၊ လက်တွင်းတူးရေတွင်းတွေ စတဲ့လုပ်ငန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ မကြာမီကာလအတွင်းမှာ နိုင်ငံတစ်ဝန်းက ကျေးရွာတွေမှာ လုပ်ငန်းဆောင်ရွက်သွားတော့မှာပါ"ဟု မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နိုင်ငံတစ်ဝန်းရှိ ကျေးရွာ ၃၉၄၉ ရွာ၌ ရေရရှိရေးလုပ်ငန်းပေါင်း ၄၂၆၈ ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခု ၂၀၁၅ ခုနှစ် နွေရာသီကာလအတွင်း၌မူ အပူချိန်မြင့်တက်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒလမြို့နယ်အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ကျေးရွာအများအပြား၌ သောက်သုံးရေမလုံလောက်မှုပြဿနာများ ကြုံတွေ့ခဲ့ရပြီး လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များနှင့် အုပ်ချုပ်ရေးဦးစီးဌာနများက သွားရောက်ရေလှူဒါန်းမှုများကို အဓိကထား၍ အသုံးပြုခဲ့ကြရသလို သောက်သုံးရေရှားပါးမှု နောက်ဆက်တွဲပြဿနာအဖြစ် ကျေးရွာအချို့တွင် ကျန်းမာရေးထိခိုက်မှု ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

**သတင်း–ကြံတိုင်းအောင်**

# လမ်းမတော်မြို့နယ် စီးတီးမတ်မှ ကျပ်သိန်း ၁၃၀ ကျော် ခိုးယူသည့် လုံခြုံရေးဝန်ထမ်းအား တစ်ရက်အတွင်းဖမ်းမိ

**ရန်ကုန် မေ ၂၈**

လမ်းမတော်မြို့နယ် Junction Mawtin စင်တာ စီးတီးမတ်ဆိုင်မှ ရုံးခန်းအတွင်းရှိ မီးခံသေတ္တာအတွင်း သိမ်းဆည်းထားသည့် ငွေကျပ်သိန်း ၁၃၀ ကျော်ကို ဝင်ရောက်ခိုးယူခဲ့သော လုံခြုံရေးဝန်ထမ်းတစ်ဦးအား တစ်ရက်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မေ ၂၅ ရက် ည ၇ နာရီက အဆိုပါဆိုင်မှ မန်နေဂျာအမျိုးသမီးသည် ဈေးရောင်းချရငွေများအား ရုံးခန်းရှိမီးခံသေတ္တာအတွင်း သိမ်းဆည်းသော့ခတ်ကာ သော့ကိုဗီရိုအံဆွဲအတွင်းထား၍ နေအိမ်သို့ပြန်ခဲ့ကြောင်း၊ မေ ၂၆ ရက် နံနက် ၈ နာရီ ၄၀ မိနစ်တွင် မီးခံသေတ္တာအတွင်း သိမ်းဆည်းထားခဲ့သည့် ငွေများအနက် ကျပ်သိန်း ၁၃၀ မှာ ပျောက်ဆုံးနေသည်ကို တွေ့ရကြောင်း၊ CCTV မှတ်တမ်းများအား ကြည့်ရှုစစ်ဆေးရာ လုံခြုံရေးဝန်ထမ်းဖြစ်သူ နိုင်နိုင်က ခိုးယူသွားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအားစုံစမ်း အရေးယူပေးရန် လမ်းမတော်မြို့မရဲစခန်း၌ တိုင်တန်းခဲ့သဖြင့် လမ်းမတော်ရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့ကြောင်း သိရသည်။

လုံခြုံရေးဝန်ထမ်း နိုင်နိုင်အား ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲနှင့် မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေခဲ့ရာ မေ ၂၆ ရက် ညနေ ၃ နာရီခန့်တွင် နိုင်နိုင်အား ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၌ တွေ့ရှိဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ ၎င်းအားစစ်ဆေးချက်အရ ဆိုင်ခန်းရှေ့တံခါးသော့အား သော့တုဖြင့်ဖွင့်လှစ် ဝင်ရောက်ကာ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ၎င်းထံမှ ခိုးယူရရှိသည့်ငွေများဖြင့် ဝယ်ယူထားသော ရွှေထည်ပစ္စည်းများနှင့် ငွေများ စုစုပေါင်းတန်ဖိုး ကျပ် ၁၂၇၃၇၈၅၀ ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(SP)**

# ဆင်ဟွာမြန်မာသတင်း မိုဘိုင်းအပလီကေးရှင်းသစ် ထွက်ရှိ

**ရန်ကုန် မေ ၂၈**

ဆင်ဟွာသတင်းဌာန၏ မြန်မာဘာသာသတင်းများကို မိုဘိုင်းဖုန်းပေါ်မှ တစ်ဆင့် အလွယ်တကူဖတ်ရှုနိုင်မည့် Xinhua Myanmar Mobile application ကို အန်းဒရွိုက်နှင့် အိုင်ဖုန်းနှစ်မျိုးလုံးအတွက် ဒေါင်းလုပ်ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမိုဘိုင်းအပလီကေးရှင်းဖြင့် ဆင်ဟွာမြန်မာသတင်းဝက်ဘ်ဆိုက်မှ သတင်းများကို အလွယ်တကူ ဝင်ရောက်ဖတ်ရှုကာ အင်တာနက်မဖွင့်ဘဲ ဖတ်ရှုရန်လည်း သိမ်းဆည်းထားနိုင်မည်ဖြစ်သည်။ Android ဖုန်းအသုံးပြုသူများအတွက် Google Play store တွင် ရယူနိုင်ပြီး အိုင်ဖုန်းအသုံးပြုသူများအတွက် iTunes Store တွင် ဒေါင်းလုပ်ရယူရမည်ဖြစ်သည်။

ဆင်ဟွာသတင်းဌာန၏ မြန်မာဘာသာ အွန်လိုင်းမီဒီယာကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ထောင်ခဲ့ပြီး ဆင်ဟွာသတင်းဌာန၏ သတင်းများမှ စိတ်ဝင်စားဖွယ်ကောင်းသော နယ်ပယ်စုံသတင်းအချက်အလက်များကို ပြန်လည်စိစစ်ရွေးချယ်ပြီး မြန်မာဘာသာဖြင့် ရေးသား၍ ထုတ်ပြန်နေခြင်းဖြစ်ကာ ဆင်ဟွာသတင်းဌာန၏ မြန်မာဘာသာ အွန်လိုင်းမီဒီယာတွင် ဆင်ဟွာမြန်မာဝက်ဘ်ဆိုက် (www.XinhuaMyanmar.com)၊ ဆင်ဟွာမြန်မာဖေ့စ်ဘွတ်ခ် (www.facebook.com/XinhuaMyanmar) နှင့် ဆင်ဟွာမြန်မာမိုဘိုင်းအပလီကေးရှင်းများပါဝင်ကြောင်း သိရသည်။ **သူရဖြိုး**





## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေယာဉ်ကွင်းတည်ဆောက်ရေးတွင် အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါ ပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| ပစ္စည်းအမျိုးအမည် | အရေအတွက် |
| --- | --- |
| လေယာဉ်ပြေးလမ်းသုံး ကတ္တရာ | ၃၈၆.၃၉ တန် |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၁-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၈-၆-၂၀၁၅ ရက်(၁၅း၀၀)နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အုပ်ချုပ်ရေးနှင့်စီမံရေးဌာနခွဲ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၃၃၀၀၆၊ ၀၁-၅၃၃၀၃၀ လိုင်းခွဲ ၅၀၆**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ရုံးပင်စောက်ကျေးရွာ အထက သတ္တမတန်းမှ မောင်ဖြိုးလှျံသိန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဖြစ်ပါသည်။ **ဦးသိန်းဇော်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/ 9176၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/ 8133 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ဖခင်အမည်မှန်

အထက(၂) မရမ်းကုန်း၊ သတ္တမတန်း (A)မှ မဆုထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စန်း ၁၂/လကန(နိုင်)၀၁၆၂၀၉ ဖြစ်သည်။

**ဦးခင်မောင်စန်း**

## အမည်မှန်

ဦးဘီအောလ်း ၄/မတပ(နိုင်)၀၀၅၂၈၃ ၏ သမီး မင်္ဂလာဒုံမြို့နယ် အ.လ.က(ဇခွဲ) နဝမတန်းတွင် ပညာသင်ကြားနေသော မနွေဇင်း၏ အမည်မှန်မှာ မငွန်နွယ်ယိမ်း ဖြစ်ပါကြောင်းနှင့် မိခင်အမည်မှန်မှာ ဒေါ်နာမ်ဆူးလ်ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးမြင့်ရွှေ ၁၂/ထတပ(နိုင်)၀၅၄၃၂၀၊ ဒေါ်ဥမ္မာဝင်း ၇/ပခတ(နိုင်)၀၄၅၇၇၄၏သား အထက(ခွဲ) မြို့မသံတွဲ စတုတ္ထတန်းမှ မောင်ဒီသာထွန်းအား မောင်ဒီပါထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဒီပါထွန်း**

## အမည်ပြောင်း

ဦးကျော်သိန်း-ဒေါ်သွယ်သွယ်မိုးတို့၏သမီး မနှင်းအိအိလွင် ပဥ္စမတန်း(K) အထက (၁) အင်းစိန်အား မရူဇင်နှင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန်

ဦးရဲမင်းသိန်း(ခ)ဦးမင်းသိန်း ၉/မသန(နိုင်)၀၂၂၄၃၄ သည် ဒေါ်ခင်လေးနိုင်(ခ) ဒေါ်ပပခိုင် ၇/ရကန(နိုင်)၀၃၁၅၀၂ နှင့် ၅-၃-၂၀၁၃ ရက်တွင် အင်းစိန်မြို့နယ် တရားရုံး၌ ထိမ်းမြားခြင်း မှတ်ပုံတင်ပြီး တရားဝင်လင်မယားအဖြစ် အတူပေါင်းသင်းနေထိုင်လာခဲ့ကာ မကျေနပ်သည့်အခါ ထွက်ခွာသွားခြင်းရှိခဲ့သော်လည်း အချိန်မကြာ ဘဲ ဇနီးဒေါ်ခင်လေးနိုင်(ခ)ဒေါ်ပပခိုင်ထံပြန်လာ၍ အတူပြန်လည်ပေါင်းသင်းနေထိုင်လျက် ၂၀၁၅ခုနှစ် ဧပြီလက ဇနီးဒေါ်ခင်လေးနိုင်(ခ) ဒေါ်ပပခိုင်နှင့်အတူ ပေါင်းသင်းနေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာ၊ ကန်သာယာလမ်း၊ အိမ်အမှတ် -G1/၅၈ မှ ထွက်ခွာသွားရာတွင် ဇနီးဒေါ်ခင်လေးနိုင်(ခ) ဒေါ်ပပခိုင်နှင့် တရားဝင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းမရှိသေးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်လေးနိုင်(ခ)ဒေါ်ပပခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူဖြူညွန့် B.A, H.G.P,D.B.L,D.M.L**
**အထက်တန်းရှေ့နေ**
**အမှတ် ၅၈/၂၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ရက်တိုးမြှင့်ထပ်မံဖိတ်ခေါ်အပ်ပါသည်-

(က) လုပ်ငန်းစီမံကိန်းသစ်များ
- (၁) အဖျောက်မြို့အုပ်ချုပ်ရေးမှူးရုံး
- (၂) အဖျောက်မြို့(၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ
- (၃) သုံးခွမြို့နယ်(၂)ခန်းတွဲဝန်ထမ်းအိမ်ရာ(၂)လုံး
- (၄) ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးနေအိမ်
- (၅) ကွမ်းခြံကုန်းမြို့နယ်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ်

(ခ) အကြီးစားပြင်ဆင်မှုလုပ်ငန်းများ
- (၁) အမှတ်(၂၅)၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်ရှိ တိုင်း/ထွေအုပ်ဝန်ထမ်းနေအိမ် ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း။
- (၂) အင်းစိန်မြို့နယ် စုပေါင်းရုံး နှစ်ထပ် အဆောက်အအုံအကြီးစားပြင်ဆင်ခြင်း။
- (၃) ထန်းတပင်မြို့နယ် ရုံးအဆောက်အအုံပြင်ဆင်ခြင်း။
- (၄) မင်္ဂလာဒုံမြို့နယ် အစည်းအဝေးခန်းမပြင်ဆင်ခြင်း။

၂။ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာကို ၂၉-၅-၂၀၁၅ ရက်မှ ၁၀-၆-၂၀၁၅ရက် ၁၄း၀၀ နာရီမတိုင်မီ ပေးပို့တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၀၂၁၆၄၊ ၀၁-၂၃၀၂၁၁၄ နှင့် ၀၁-၂၃၀၂၁၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အလုံလမ်း၊ ရန်ကုန်မြို့**

## တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ နန်းမတော်ရွာနေ (ဘ)ဦးရွှေ၏သမီး မခင်စန်း ၇/တငန(နိုင်) ၀၀၄၁၃၇ နှင့် ဒေါ်လုံးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မခင်စန်း(ခ)ဒေါ်လုံး**

# ပြုံးပန်းဝေဆာ ရင်ထဲမှာ

ဒေါက်တာမင်းသန့်

မြန်မာနိုင်ငံကို အနောက်တောင်မုတ်သုံ အဝင်စောလို့လားမသိ၊ ရန်ကုန်မြို့ကြီးနဲ့ အနီးတစ်ဝိုက်မှာတော့ ရာသီဥတုက သာသာယာယာ ၊ မိုးတိမ်လေးတွေနဲ့ မှိုင်းမှိုင်းပျပျ၊ ဒါက ဒီကနေ့ ၂၀၁၅ ခုနှစ် မေလ ၂၂ ရက် (သောကြာနေ့) ရဲ့ ရာသီဥတုအခြေအနေပါ။ စာရေးသူတို့ ရောက်နေတဲ့အမှတ်(၅၁) မြဝတီ မင်းကြီးလမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာရှိတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်းကြီးရဲ့ သင်တန်းခန်းမကြီးဘေးမှာရပ်နေရင်း ပတ်ဝန်းကျင်ရာသီဥတု အခြေအနေကို ပြောပြနေတာပါ။

ဟုတ်ပါတယ်လေ။ ဒီကနေ့ဟာ ကရင်၊ ကယား၊ ရှမ်း၊ ချင်း၊ မွန်၊ ရခိုင်ပြည်နယ်တွေနဲ့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း စတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များက ကရင်၊ ကယား၊ ကယန်း၊ ချင်း၊ ရခိုင်၊ မွန်၊ ဗမာ၊ နာဂ၊ လီဆူစတဲ့ တိုင်းရင်းသူ ၁၄၃ ဦးရဲ့ "နယ်စပ်ဒေသ၊ ကျေးလက်၊ မြို့ပြနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းတဲ့နေ့ပါ။ သင်တန်းဆင်းမယ့် တိုင်းရင်းသူလေးတွေဟာ အသက် ၁၈ နှစ်ကနေ ၂၅ နှစ်ကြားရှိတဲ့ နုနယ်ပျိုမျစ်ချစ်စရာ အရွယ်လေးတွေပါပဲ။ မကြာမီမှာ သက်ဆိုင်ရာ အထည်ချုပ်စက်ရုံတွေမှာ ကျွမ်းကျင်လုပ်သားအဖြစ် ခန့်အပ်ခြင်းခံရပြီး လုပ်ငန်းခွင်ဝင်ရတော့မှာမို့ ပျော်ရွှင်မှုတွေ၊ စိတ်လှုပ်ရှားမှုတွေ သူတို့လေးတွေရဲ့ မျက်နှာမှာ အထင်းသားပေါ်နေပါတယ်။ တိုင်းရင်းသူ သမီးငယ်လေးတွေရဲ့ သုတ်သုတ်၊ သုတ်သုတ်နဲ့ သွားနေပုံလေးတွေ၊ ပြေးပြေးလွှားလွှားနဲ့ လှုပ်ရှားနေတာလေးတွေ၊ ရယ်ရယ်မောမောနဲ့ အချင်းချင်းပြောဆို ကျီစယ်နေတာလေးတွေ မြင်ရတော့ သင်တန်းဆင်းပွဲမစမီ မြင်ရတဲ့ ပုံရိပ်ကလေးတွေဟာ မြင်ရသူ စာရေးသူတို့ရင်မှာပါ အပျော်တွေကူးစက်လာပြီး ကြည်နူးနေရပါတယ်။



ဒီလို ပျော်ရွှင်ကြည်နူးရတဲ့ အကြောင်းရင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မှာရှိတဲ့ ဗဟိုလေ့ကျင့်ရေးကျောင်းမှာ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း အမှတ်စဉ် (၁)ကို (၄-၈-၂၀၁၄) မှ (၁၅-၈-၂၀၁၄) အထိ တိုင်းရင်းသူ သမီးငယ် အင်အား ၁၀၀ နဲ့ စတင်ဖွင့်လှစ်သင်ကြားပို့ချ လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် သင်တန်းရာသီမှာ အမှတ်စဉ် (၁)ကနေ အမှတ်စဉ်(၇) အထိ တိုင်းရင်းသူ သမီးငယ် စုစုပေါင်း အင်အား ၈၈၂ ဦး၊ ယခု ၂၀၁၅-၂၀၁၆ သင်တန်းရာသီအစမှာ အမှတ်စဉ် (၈) သင်တန်းသူ တိုင်းရင်းသူ သမီးငယ် ၁၄၃ ဦး အားလုံးစုစုပေါင်း တိုင်းရင်းသူ သမီးငယ် ၁၀၂၅ ဦး အောင်မြင်စွာ မွေးထုတ်လေ့ကျင့်ပေးနိုင်ခဲ့လို့ပဲဖြစ်ပါတယ်။ ဒီသမီးငယ်တွေဟာ ဒီသင်တန်းကျောင်းကြီးကိုလာတဲ့ ခရီးစရိတ်ကအစ နေစရိတ်၊ စားစရိတ်၊ပညာသင်စရိတ်၊ သင်ထောက်ကူပစ္စည်း အစစအရာရာ အကုန်လုံး နိုင်ငံတော်က ကျခံဆောင်ရွက်ပေးတဲ့အတွက် အခက်အခဲမရှိ သင်ကြားအောင်မြင်ပြီးမြောက်ခဲ့ကြပါတယ်။

အဲဒီ သမီးငယ်လေးတွေဟာ လွယ်လွယ်ကူကူနဲ့ ဒီသင်တန်းတိုလေးဆင်းလိုက်တာနဲ့တော့ ကျွမ်းကျင်သူစက်ချုပ်ဝန်ထမ်းအဖြစ် ခန့်အပ်ခံရတာတော့ မဟုတ်ပါဘူး။ သူတို့လေးတွေဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက နယ်စပ်ဒေသနဲ့ ကျေးလက်ဒေသတွေမှာရှိတဲ့ ပညာအရည်အချင်းနည်းပါးတဲ့ တိုင်းရင်းသူ သမီးငယ်လေးတွေကို မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံတွေ သိရှိစောင့်ထိန်းလိုက်နာတတ်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေဖို့ ရည်ရွယ်ပြီး ၁၉၉၂ ခုနှစ်ကစပြီး ဖွင့်လှစ်ခဲ့တဲ့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၃၇ ကျောင်းမှာ အခြေခံအိမ်တွင်းမှုသင်တန်း ၁၄ ပတ်၊ အဆင့်မြင့်စက်ချုပ်သင်တန်း ၁၄ ပတ် စုစုပေါင်း ခုနစ်လတာ ကိုယ်တိုင် တိုင်းထွာ၊ ကိုယ်တိုင်ပုံထုတ်၊ ပိတ်ညှပ်၊ ကိုယ်တိုင်ချုပ်လုပ်နိုင်တဲ့အထိ ကျွမ်းကျင်မှုရှိခဲ့တဲ့ တိုင်းရင်းသူလေးတွေပါပဲ။ ဒါကြောင့် သူတို့လေးတွေကို ခေတ်မီမော်တာစက်ချုပ်သင်တန်းဆင်းပြီးတာနဲ့ အထည်ချုပ်စက်ရုံတွေမှာ ကျွမ်းကျင်သူစက်ချုပ်ဝန်ထမ်းအဖြစ် ခန့်အပ်ခွင့်ရတာပါ။ အဲဒီလို အခြေခံ၊ အဆင့်မြင့် သင်တန်းတွေတက်ဖို့ နေစရိတ်၊ စားစရိတ်၊ သင်ကြားစရိတ်၊သင်ထောက်ကူပစ္စည်းတွေကို နိုင်ငံတော်စရိတ်နဲ့ အခမဲ့ခွင့်ပြုဆောင်ရွက်ပေးခြင်းဟာ တိုင်းရင်းသားတွေအပေါ်မှာထားရှိတဲ့ နိုင်ငံတော်အကြီးအကဲတွေရဲ့ ကြီးမားတဲ့ စေတနာတွေပါပဲ။

တိုင်းရင်းသူလေးတွေကို အထည်ချုပ်စက်ရုံတွေရဲ့ လိုအပ်တဲ့ နည်းပညာအတိုင်း စနစ်တကျလေ့ကျင့်သင်ကြားပေးခဲ့တဲ့အတွက် အထည်ချုပ်စက်ရုံတွေကလည်း တိုင်းရင်းသူသမီးငယ်လေးတွေ ခန့်အပ်ခွင့်ရဖို့ တောင်းဆိုမှုတွေအလွန်များပါတယ်။ ဘာလို့အထည်ချုပ် စက်ရုံတွေက တိုင်းရင်းသူသမီးငယ်လေးတွေကို ခန့်အပ်လိုရသလဲဆိုတော့ သူတို့ဟာ နယ်စပ်ဒေသအသီးသီးကလာကြတဲ့ တိုင်းရင်းသူတွေဖြစ်ကြပြီး ရိုးသားဖြူစင်ကြပါတယ်။

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနရဲ့ အိမ်တွင်းမှုသင်တန်းတွေမှာ စနစ်တကျတက်ရောက် အောင်မြင်ခဲ့ကြတော့ စည်းကမ်းကောင်းမွန်လိုက်နာ ဆောင်ရွက်တတ်တဲ့ လေ့ကျင့်သား ပြည့်ဝနေကြသူတွေလည်းဖြစ်ပါတယ်။ တိုင်းရင်းသူတွေရဲ့ ပင်ကိုစရိုက်အတိုင်း ရိုးသားဖြူစင်ကြတဲ့အပြင် သင်တန်းကျောင်းတွေမှာ ကိုယ်ကျင့်တရားကောင်းမွန်ရေး သင်ကြားလေ့ကျင့်မှုတွေရရှိခဲ့ကြသူတွေလည်းဖြစ်တယ်။ သူတို့လေးတွေဟာ တစ်နှစ်နီးပါး စက်ချုပ်ပညာရပ်တွေ စနစ်တကျ သင်ကြားလေ့ကျင့်ပြီးစီးခဲ့လို့ ကျွမ်းကျင်သူအဆင့်လည်း ဖြစ်ကြပါတယ်။

အဲဒီလို အရည်အချင်းတွေနဲ့ ပြည့်စုံနေတဲ့ တိုင်းရင်းသူသမီးငယ်လေးတွေကို အထည်ချုပ်စက်ရုံတွေက လိုလားစွာ ခန့်အပ်ချင်တာပဲဖြစ်ပါတယ်။ Myanmar Synergy Garment ၊ Cherry Garment ၊ Spike Garment ၊ Su Yu Ei Garment ၊ Trysea Garment ၊ Sun Apparel Garment စတဲ့ အထည်ချုပ်စက်ရုံကြီးတွေဟာ တိုင်းရင်းသူ သမီးငယ်တွေ အများဆုံးအလုပ်ခန့်အပ်ခဲ့တဲ့ စက်ရုံကြီးတွေပါပဲ။ သမီးငယ်တွေကို ကျွမ်းကျင်သူစက်ချုပ်ဝန်ထမ်းအဖြစ် ခန့်အပ်တဲ့နေရာမှာလည်း ဦးစီးဌာနနဲ့ သင်တန်းကျောင်းက အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှာ ကျွမ်းကျင်ဝန်ထမ်းအဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ပြီးမှသာ အထည်ချုပ်စက်ရုံတွေမှာ ခန့်အပ်ခဲ့တာဖြစ်လို့ အလုပ်သမားတစ်ဦးရဲ့ အခွင့်အရေးမှန်သမျှ ရရှိကြမှာပဲဖြစ်ပါတယ်။အထည်ချုပ်စက်ရုံတွေမှာ ကျွမ်းကျင်ဝန်ထမ်းအဖြစ် ခန့်အပ်ခွင့်ရရှိကြတဲ့ တိုင်းရင်းသူလေးတွေ ရရှိမယ့်အခွင့်အရေးတွေကတော့(က) နေထိုင်မှုအခမဲ့၊ (ခ) စားသောက်မှုအခမဲ့ (ဂ ) ဆေးကုသခွင့် အခမဲ့ ၊ (ဃ) အခြေခံလစာ တစ်လ ငွေကျပ် ၇၀၀၀၀၊ (င) ကျွမ်းကျင်မှုရှိလျှင်ရှိသလောက် တိုးမြှင့်လစာ။ ကဲ-သမီးငယ်တွေအတွက် ဘဝအာမခံချက် ဘယ်လောက်ကောင်းသလဲ။ ကျွမ်းကျင်မှုလျင်မြန်တဲ့ သမီးငယ်တွေဆိုရင် နှစ်လအတွင်းမှာကိုလစာ ငွေကျပ် ၁၃၀၀၀၀ ကနေ ၁၅၀၀၀၀ အထိ ရကြပါတယ်။ ရတဲ့လစာထဲကနေ မိဘတွေဆီ ပြန်ပို့ပြီး ကျေးဇူးဆပ်ခွင့်တွေ ရနေကြပြီ ဖြစ်ပါတယ်။ အခုဆိုရင် Synergy စက်ရုံမှာ တချို့တိုင်းရင်းသူ သမီးငယ်တွေဟာ ကြီးကြပ်သူ ခေါင်းဆောင်ငယ်အဖြစ်တောင် တိုးမြှင့်ခန့်အပ်ခြင်းခံလာရပြီ ဖြစ်ပါတယ်။

ယခုလို နိုင်ငံတော်က ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းကြောင့် တိုင်းရင်းသားပြည်သူများအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ခြင်း (Poverty Reduction)၊ ဒေသအသီးသီး၏ဖွံ့ဖြိုးတိုးတက်မှု (Rural Development) ကို အလျင်အမြန်အောင်မြင်မှု (Quick Win Result) ရရှိအောင် ဆောင်ရွက်နိုင်ခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် နယ်စပ်ဒေသအပါအဝင် ကျေးလက်မြို့ပြနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည့် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများကို စဉ်ဆက်မပြတ် (Sustainable) ဖွင့်လှစ်လေ့ကျင့် ဆောင်ရွက်လျက်ရှိပါကြောင်း အများပြည်သူများ မုဒိတာပွားနိုင်ကြစေရန် သတင်းကောင်းပါးရေးသားတင်ပြလိုက်ရပါတယ်။

**အထည်ချုပ်စက်ရုံတွေမှာ ကျွမ်းကျင်ဝန်ထမ်းအဖြစ် ခန့်အပ်ခွင့်ရရှိကြတဲ့ တိုင်းရင်းသူလေးတွေ ရရှိမယ့်အခွင့်အရေးတွေကတော့ နေထိုင်မှု အခမဲ့၊ စားသောက်မှု အခမဲ့၊ ဆေးကုသခွင့် အခမဲ့၊ အခြေခံလစာ တစ်လ ငွေကျပ် ၇၀၀၀၀၊ ကျွမ်းကျင်မှုရှိလျှင် ရှိသလောက် တိုးမြှင့်လစာ။ ကဲ- သမီးငယ်တွေအတွက် ဘဝအာမခံချက် ဘယ်လောက်ကောင်းသလဲ။**

## စိန်တလုံးစိုက်တောင်သူများ လေပြင်းဒဏ်ကြောင့် အရှုံးပေါ်

**မြင်းမူ မေ ၂၈**

ယခုနှစ် တပို့တွဲလပြည့်ကျော်နှင့် တပေါင်းလဆန်းတွင် သရက်ပွင့် လှိုင်လှိုင်ပွင့်ချိန် အချိန်အခါမဲ့မိုး ရွာသွန်းခဲ့ရာ သရက်ပွင့်များ ပျက်စီးကုန်ပြီး အသီးမတင်ခြင်းကြောင့် စိန်တစ်လုံး သရက်စိုက်ပျိုးသူများ အရှုံးပေါ်ကြကြောင်း သိရသည်။

တန်ခူးလဆန်းတွင် ဒုတိယအကြိမ် အပွင့်ပွင့်ပြီး နောက်ပြန်သီးသည့် အသီးမှာလည်း ရာသီနောက်ကျသွားသည့်အတွက် လေပြင်းနှင့် သီးထိုးယင်ကောင်များ၏ ဖျက်ဆီးမှုတို့ကြောင့် စိန်တလုံးစိုက်သည့် တောင်သူများ ဆုံးရှုံးမှုများခဲ့သည်။

"ကျွန်တော့်ခြံက အပင် ၆၀၀ စိုက်ထားတာ မနှစ်က အပင် ၃၀၀ က သီးတဲ့ အလုံးရေ ၄၀၀၀၀ ကျော်ရတယ်၊ မြင်းမူမှာ အနည်းအကျဉ်း ရောင်းတယ်၊ မန္တလေးတက်ရောင်းချတာ ရောင်းရငွေကျပ် သိန်း ၈၀ ကျော်လောက်ရခဲ့ပါတယ်။ အခုနှစ်မှာ အလုံးရေ ၄၀၀၀ ဝန်းကျင်ပဲ ရနိုင်မယ်ထင်တယ်။ အရင်နှစ်တွေက ကဆုန်လပြည့်ကျော်လျှင် အသီးတုံးသွားပြီ၊ အခုနှစ် နယုန်လကုန်လောက်မှ အသီးစခူးရမှာဖြစ်ပါတယ်။ အခုနှစ် သရက်သီးရာသီ အချိန်အတွင်းမှာ လေပြင်း လေးခါတိုက်ခဲ့ပြီး မရမ်းသီးအလုံးအရွယ် သရက်သီးကင်းတွေ လေပြင်းဒဏ်ကြောင့် ကြွေကျတာ ဘာမှလုပ်လို့မရဘူး။ လွှင့်ပစ်လိုက်ရပါတယ်"ဟု မြင်းမူမြို့ ညောင်ဦးဖီးရပ်ရှိ စိန်တလုံးသရက်ခြံပိုင်ရှင် ဦးမောင်စိုးက ပြောသည်။

မြင်းမူမြို့ပေါ်မှ ငွေကြေးချမ်းသာသူများသည် စိန်တလုံး၊ နဂါးမောက်ပင်များ အပြိုင်အဆိုင် စိုက်ပျိုးနေကြကြောင်း သိရသည်။

(၀၇၉)

## ကိုယ့်အားကိုယ်ကိုးကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ညောင်လေးပင် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငွေးကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးဖွင့်ပွဲနှင့် ကောက်မယ်သူကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၁ ရက်က အဆိုပါ ကျေးရွာ၌ တစ်ပြိုင်နက်တည်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းနု၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းယုမော်တို့ အမှာစကားပြောကြားသည်။

ယခုဖွင့်လှစ်သောကိုယ့်အားကိုယ်ကိုး အုပ်ချုပ်ရေးမှူးရုံးသည် အုတ်ခင်းအုတ်ကာ သွပ်မိုးတစ်ထပ်တိုက်ဖြစ်ပြီး ကောက်မယ်သူ ကျေးရွာ မူလတန်းကျောင်းဆောင်သစ်သည် အစိုးရခွင့်ပြုငွေဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကြည်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မေ ၂၅ ရက်က ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းအနီးရှိ သုံးထပ်အဆောက်အအုံတွင် သရုပ်ပြလေ့ကျင့်စဉ်။

ကိုလွင်(ဆွာ)

# မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ပုလဲမြို့နယ်၌ စတင်ထုတ်ချေး

**ပုလဲ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၆ ခုမှ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေ ၂၁ ရက်မှစ၍ ထုတ်ချေးနေပြီဖြစ်ကြောင်း သိရသည်။

ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးတင်အောင်မြင့်က "မေလထဲမှာ မိုးစတင် ရွာသွန်းခဲ့ပြီဖြစ်လို့ မိုးသီးနှံစိုက်ပျိုးရာသီအမီ ငွေထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ခဲ့ပြီး မေ ၂၁ ရက်မှာ တောင်ရွာသစ်ကျေးရွာအုပ်စုက တောင်သူ ၇၂ ဦးရဲ့ မိုးစပါး ၂၁၇ ဧကနဲ့ ပဲစင်းငုံ ၃၂၅ ဧကအတွက် ငွေကျပ် ၂၈၂ သိန်းကို စတင်ထုတ်ချေးပေးခဲ့ပါတယ်။ ဒီနှစ်မှာတော့ ကျေးရွာအုပ်စုအလိုက် မိမိတို့ဆန္ဒသဘောအရ ပါဝင်တဲ့ တောင်သူ သုံးဦးတစ်ဖွဲ့စနစ်နဲ့ စပါး တစ်ဧကကို ငွေကျပ် တစ်သိန်း၊ အခြားသီးနှံကိုတော့ တစ်ဧက ငွေကျပ်နှစ်သောင်းနှုန်းနဲ့ ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးတဲ့အခါ အဓိကအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) ရရှိတဲ့ တောင်သူများကိုသာ ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ်တောင်ရွာသစ်ကျေးရွာနေ တောင်သူ ဦးစန်းအောင်က "အရင်အပတ်က မိုးရွာသွန်းခဲ့လို့ မိုးဦးလည်းကောင်းခဲ့ပြီဆိုတော့ ပဲစင်းငုံနဲ့ မိုးစပါး စိုက်ပျိုးဖို့အတွက် ထွန်ရေးပြင်နေကြပါပြီ။ ကျွန်တော်တို့ ကျေးရွာအုပ်စုက မနှစ်က ဇွန်လမှ စိုက်ပျိုးစရိတ်ချေးငွေကို ထုတ်ခွင့်ရတာ။ ဒီနှစ်တော့ မေလထဲမှာ စိုက်ပျိုးစရိတ်ချေးငွေကို အစောဆုံး ထုတ်ယူခွင့်ရတဲ့အတွက်ကြောင့် လိုအပ်တဲ့ မျိုးစေ့တွေ၊ ရွက်ဖျန်းအားတိုးဆေးတွေ၊ ဓာတ်မြေဩဇာထုပ်တွေဝယ်ဖို့နဲ့ လုပ်သားတွေကို ပေးရမယ့် စရိတ်တွေအတွက် အခက်အခဲမဖြစ်တော့ဘူးပေါ့"ဟု ပြောသည်။

ပုလဲမြို့နယ်အတွင်းမှ တောင်သူ ၁၂,၀၀၀ ကျော်အတွက် ငွေကျပ်သိန်းပေါင်း ၃၅၈၉၄ ဒသမ ၄၀သိန်းကို ထုတ်ချေးသွားမည်ဖြစ်ပြီး နိုင်ငံသားအားလုံးတို့၏ စားနပ်ရိက္ခာလိုအပ်ချက်ဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာ ထုတ်ကုန်များကို နိုင်ငံတကာ ဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးအတွက် ချေးငွေများထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## ဘိန်းအစားထိုးစိုက်ပျိုးရန် မျိုးစေ့နှင့်ပျိုးပင်များအခမဲ့ဖြန့်ဖြူး

**ကလော မေ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်၌ ၂၀၁၅-၂၀၁၆ခုနှစ် မိုးရာသီစိုက်ပျိုးရေးကာလအတွင်း ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန်အတွက် နှစ်ချင်းသီးနှံမျိုးစေ့ထုပ်များနှင့် နှစ်ရှည်ပျိုးပင်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မေ ၂၅ ရက်က အခမဲ့ဖြန့်ဖြူးပေးအပ်ခဲ့ကာ စိုက်ပျိုးရေးပညာပေးဟောပြောပွဲကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

ကလောမြို့နယ် နန်းတိုင်းကျေးရွာအုပ်စု နန်းတိုင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည့် သီးနှံမျိုးစေ့များပေးအပ်ပွဲ၌ ကလောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သက်သက်အေးက အမှာစကားပြောကြားပြီး ဒုဦးစီးမှူးဒေါ်ငုဧကခိုင်က ဘက်စုံသီးနှံပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းနည်းများ၊ ဒုလက်ထောက်ဦးစီးမှူး ဒေါ်စန္ဒီအောင်က စပ်မျိုးပုလဲသွယ်စပါး တစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်၊ လက်ထောက်ဦးစီးမှူး ဒေါ်ပိုးသန္တာနှင်းက အစေ့ထုတ်ပြောင်းစိုက်ပျိုးနည်းစနစ် စသည့် အကြောင်းအရာများကို ဟောပြောခဲ့သည်။

ထို့နောက် ပုလဲသွယ်စပါးမျိုးစေ့ထုပ်များနှင့် အစေ့ထုတ်ပြောင်းမျိုးစေ့ထုပ်များကို စိုက်ပျိုးရေးသုတေသန ဒုဦးစီးမှူး ဦးဆလိုင်းကျော်မိုးအောင်နှင့် ဦးစီးမှူးဒေါ်သက်သက်အေးတို့က နန်းတိုင်းကျေးရွာအုပ်စုမှ ဒေသခံတောင်သူများထံ တစ်ဦးချင်းပေးအပ်ခဲ့သည်။ ဘိန်းအစားထိုးသီးနှံများပေးအပ်ပွဲသို့ စိုက်ပျိုးရေးဌာနတာဝန်ရှိသူများ၊ နန်းတိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ဒေသခံ ပအိုဝ်း၊ တောင်ရိုးနှင့် ရှမ်းတိုင်းရင်းသား စိုက်ပျိုးရေးသမားများ တက်ရောက်ခဲ့သည်။

**ဇော်သိန်းရှည်**



ရေဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ကညင်သောင်ကျေးရွာအုပ်စု ကန်းကြီးကျေးရွာမှ ဒေသခံပြည်သူ ၃၂၃ ဦးအား မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဝန်ထမ်းများ မေ ၂၅ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (ကျော့မောင်)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်းနှင့်တံတားသစ်များတည်ဆောက်ရေး ညှိနှိုင်းဆွေးနွေး

**မြို့သစ် မေ ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှ လမ်းတံတားလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၂၇ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်လမ်းလုပ်ငန်းဦးစီးဌာန မြို့နယ်အင်ဂျင်နီယာ ဒေါ်ပြုံးကြည်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် နေပြည်တော်-မြို့သစ်-ကံပြားလမ်း၊ တောင်တွင်း-မြို့သစ်-နတ်မောက်လမ်း စသည့် လမ်း/တံတားလုပ်ငန်းများအတွက် ရန်ပုံငွေရရှိမှု စာရင်းများကိုလည်းကောင်း၊ တောင်တွင်း-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိ ဆင်မကျကန်နှင့် ကံကြီးကန်များကို ကျောက်ရိုးစီ မြေကာနံရံများပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**ဇော်ဇော်(မြို့သစ်)**

## လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**ကျောက်တံခါး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းမှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ကျောက်တံခါးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၆ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။


ဧပြီ ၂၇ ရက်က တိုက်ခတ်ခဲ့သောလေပြင်းကြောင့် ပြိုလဲခဲ့သော နေအိမ် ၁၂ လုံးနှင့် အမိုးလန်ပျက်စီးခဲ့သော နေအိမ် ၈၄ လုံးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းငွေ ကျပ်ရှစ်သိန်းကျော်နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့သော ထောက်ပံ့ရေးပစ္စည်း ၁၃ မျိုးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့သည်။ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲသို့ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

**မိခင်အမည်မှန်**
သထုံမြို့၊ အလက(၁) အထက-ခွဲကျောင်း နဝမတန်း(B)မှ မအေးအေးအောင်နှင့် ဆဋ္ဌမတန်း(C)မှ မောင်အောင်ပိုင်ဖြိုးတို့၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းဦး ၁၀/ကထန(နိုင်)၀၆၈၅၁၃ ဖြစ်ပါကြောင်း။ **ဒေါ်သန်းသန်းဦး**

**ဖခင်အမည်မှန်**
မဘိမ်းမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးနိုင် ၁၃/မဘန(နိုင်)၀၀၁၁၂၁ ဖြစ်ပါကြောင်း။
**ဦးဇော်မျိုးနိုင် ၁၃/မဘန(နိုင်)၀၀၁၁၂၁**

**အမည်ပြောင်း**
ဦးစိုးနောင်ဦး၏ သမီး နေပြည်တော် ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ C.A.E ကိုယ်ပိုင်အထက်တန်းကျောင်း ပဥ္စမတန်းမှ မအေးစင်စင်သန့်အား မဝေတ်ရည်သန့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မဝေတ်ရည်သန့်**



## ရွှေဗဟိုရိစည်ဆရာတော်ကြီး ဂုဏ်တော်ပူဇော်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ရွာကောက်အုပ်စု မဟာဝိသုတာရာမ စေျးကုန်းကျောင်းတိုက်ကြီးအား စတင်တည်ထောင်တော်မူခဲ့သည့် ဓမ္မဘေရီရွှေဗဟိုရိစည်ဆရာတော်ကြီး ပျံလွန်တော်မူခဲ့ခြင်း ၃၃နှစ်ပြည့် အထိမ်းအမှတ်ဂုဏ်တော်ပူဇော်ပွဲကို မေ၂၆ ရက်က ကျင်းပခဲ့ရာ စေျးကုန်းကျောင်းတိုက် ပရိယတ္တိသာသနာ့နုဂ္ဂဟနှင့် ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ အမျိုးသမီးဓမ္မစကြာအသင်းများက ပူဇော်ခဲ့ကြပြီး မြို့ပေါ်ဘုန်းတော်ကြီးကျောင်းတိုက်များမှ သံဃာတော်အပါး ၃၀၀ အား လှူဖွယ်ပစ္စည်းများ ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**ကာရန်ခ**

## မြောက်ကိုင်းကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**ဝမ်းတွင်း မေ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကိုင်းကျေးရွာအုပ်စု မြောက်ကိုင်းကျေးရွာ၌ ကျေးရွာစာကြည့်တိုက်သစ်ဖွင့်ပွဲကို မေ ၂၅ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်သစ်သည် အလျား၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၉ ပေရှိ သွပ်မိုး အုတ်ခင်းအုတ်ကာ အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များ၏ လှူဒါန်းငွေ ကျပ် ၂၂ သိန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။ စာကြည့်တိုက်ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဝင်းနိုင်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးမြတ်ကျော်နှင့် မြေအလှူရှင်ဒေါ်ခင်ညိုတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဝင်းတင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့ကာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှူးဦးစန်းယုနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးသဲတို့က စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းခဲ့သည်။

**ဒွေးလှိုင်(iprd)**



## မိုးသီးနှံစိုက်ပျိုးရေးအတွက် တောင်သူ ၂၀၃၀၀ ကျော်အား ကျပ်သိန်းပေါင်း သုံးသောင်းကျော် ထုတ်ချေးမည်

**ကျောက်ပန်းတောင်း မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ တောင်သူများအား ၂၀၁၅ မိုးသီးနှံစိုက်ပျိုးထုတ်လုပ်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ချေးငွေ ကျပ်သိန်းပေါင်း သုံးသောင်းကျော်ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေများကို မေ ၂၇ ရက်မှစ၍ လယ်ကြီးမြောက်ကျေးရွာအုပ်စုနှင့် ကူလည်ကျေးရွာအုပ်စုများတွင် စတင်ထုတ်ချေးနေပြီဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၉၄ ခုမှ တောင်သူလယ်သမား ၂၀၃၀၀ အတွက် စုစုပေါင်းချေးငွေ ကျပ်သိန်းပေါင်း သုံးသောင်းကျော် ထုတ်ချေးမည်ဖြစ်သည်။

ယခင်က ငါးဦးတစ်ဖွဲ့ ဖွဲ့စည်း၍ တစ်ဖွဲ့ချင်းတာဝန်ခံသည့် ဝိုင်းကြီးချုပ်စနစ်ဖြင့် ထုတ်ချေးပေးခဲ့ခြင်းဖြစ်သော်လည်း ယခုနှစ်တွင်မူ တောင်သူများ ချေးငွေထုတ်ယူခြင်းနှင့် ပေးဆပ်ခြင်းများတွင် ပိုမိုလွယ်ကူလျင်မြန်စေရန် အစုအဖွဲ့ကို သုံးဦးတစ်ဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာဦးမောင်မောင်ရင်က မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲခန်းမ၌ မေ ၂၆ ရက်က ကျင်းပခဲ့သည့် တောင်သူများ ချေးငွေလွယ်ကူစွာထုတ်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။ ချေးငွေထုတ်ယူရန် လိုအပ်သည့် အချက်အလက်များဖြစ်သော မြေယာလုပ်ပိုင်ခွင့် သက်သေခံလက်မှတ် ပုံစံ(၇) (သို့မဟုတ်)ထောက်ခံစာ အစရှိသည်များ ပြည့်စုံပါက ချက်ချင်းထုတ်ချေးပေးသွားမှာဖြစ်ကြောင်းလည်း ဘဏ်ခွဲမန်နေဂျာက ဆက်လက်ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးပေးမည့် ချေးငွေများသည် လယ်ယာစိုက်ပျိုးရေးသွင်းအားစုများအတွက် လိုအပ်သလိုသုံးစွဲရန်ဖြစ်၍ လောင်းကစားပြုလုပ်ခြင်း အစရှိသည့် အလွဲသုံးစားပြုလုပ်မှုများကို ရှောင်ရှားကြရန်နှင့် ပြန်လည်ပေးဆပ်ရမည့်အချိန်တွင်လည်း အချိန်နှင့်တစ်ပြေးညီ စနစ်တကျပြန်လည်ပေးဆပ်သွားကြရန် မှာကြားသည်။ ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြေယာပိုင်ဆိုင်မှုဆိုင်ရာကိစ္စနှင့် မိုးစပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဘဏ်ကော်မတီများက အချို့ကျေးရွာများတွင် ပုံစံ(၇) ရရှိခြင်းမရှိသေးသည့် တောင်သူများအတွက် ချေးငွေရရှိရန် ဆောင်ရွက်ရမည့်နည်းလမ်းများကို မေးမြန်းကြပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**နေအောင်(iprd)**




23 မဆလာ (တင်းသတ်အရွေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

ကမ္ဘာ့အဖိုးတန်သစ်မွှေး စိုက်နည်း၊ ပျိုးနည်း
ဝင်းသစ်မွှေး 09-5117226

အခန်းငှားမည်
ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း ၃-ထပ်၊ Hall Type ငှားမည်။
ဖုန်း- ၂၀၆၀၄၉၊ ၂၀၀၇၄၇၊ လိုင်းခွဲ ၁၇၇၁

ကင်ဆာကင်းဝေးအောင် သဘော်ရွက်ကိုဆောင်
(သဘော်ရွက်လက်ဖက်ခြောက်၊ သဘော်ရွက်ဆေးပြား)
ဆီးချို သွေးချို အမြစ်ပြတ် ရှားစောင်းလက်ပပ်
(ရှားစောင်းသတ္တုရည်၊ ရှားစောင်းလက်ဖက်ခြောက်၊ ရှားစောင်းဆေးပြား)
သဘာဝသုခ
TEL:(09)73071133,73081817,31289191,798326362

MYANMAR NOBLE COLLEGE
edexcel Approved Centre No.93711
Uk နိုင်ငံ၏ Edexcel ပညာရေးအဖွဲ့အစည်း မှ တိုက်ရိုက်ချီးမြှင့်သည့် Higher National Diploma (HND) Certificate ရရှိမည့်တန်းခွဲသစ်အား ၂၀၁၅ ဇူလိုင်လ (၆)ရက်နေ့တွင်ဖွင့်လှစ်သွားပါမည်။
အခြေခံပညာ အထက်တန်းနှင့် LCCI Level '3'၊ GCE "O" Level အောင်မြင်ထားသူများတက်ရောက်နိုင်ပါသည်။
အောက်ပါဘာသာရပ်များအတွက် နိုင်ငံတကာသင်ရိုးညွှန်းတမ်းများအတိုင်း ကျောင်းသားဦးရေ ကန့်သတ်၍ ဖွင့်လှစ်ရန်စီစဉ်ထားပါသည်။
- Construction & the Built Environment (Civil Engineering)
- Mechanical Engineering
- Electrical & Electronic Engineering
- Business
- Information Technology (IT) System Development
နိုင်ငံတကာပညာရေးနယ်ပယ်သို့ စိတ်ပါဝင်စားသူတိုင်းလိုအပ်သည့် English ဘာသာ ကျွမ်းကျင်မှု (4 Skills)ကိုအတွေ့အကြုံရှိသည့် ဌာနမှူး (ငြိမ်း) များမှ ကြီးကြပ်၍ Native Speaker များနှင့်အထူးကြပ်မတ်သင်ကြားပေးလျက်ရှိပါသည်။
၂၀၁၅ ဇွန်လ (၁၅) ရက်နေ့အထိကြိုတင်စာရင်းပေးသူများအား Samsung Gallery Tab 4 (8") တစ်လုံးမေတ္တာလက်ဆောင်ရရှိပါမည်။
အသေးစိတ်သိရှိလိုပါက - "ကျောင်းသားရေးရာဌာန"
ဖုန်း - ၀၁-၂၂၀၄၇၆၊ ၀၉ - ၇၃၁၆၃၉၇၅
အမှတ်(၁၀၈)၊ နှင်းဆီလမ်း (အထက်)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Website : www.myanmarnoblecollege.com.mm

တက္ကသိုလ်ဝင်တန်းဖြေဆို အောင်မြင်ပြီးသူတိုင်း တက်ရောက်သင်ကြားနိုင်မည့် ဘွဲ့သင်တန်း
BBA (စီးပွားရေး စီမံခန့်ခွဲမှုဘွဲ့)
B.B.A (International Business Management
(စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့)
B.B.A (Hotel & Tourism Management)
(ဟိုတယ်နှင့်ခရီးသွား စီမံခန့်ခွဲမှုဘွဲ့)
Awarded by: *Siam University (Thailand)*
June Intake Enroll Now!
HOT LINE - 246634, 2304156
www.facebook.com/mcc.institute
MCC.*i* (Yangon Campus) Ph - 01-245762, 249152, 395512
MCC.*i* (Mandalay Campus) Ph - 09-402671562, 02-77930, 09-91034062

# ဂျာမန်ပိုကယ်ဖလား ကိုင်မြှောက်အောင်ပွဲခံမယ့် ဒေါ့မွန်

မိုးမြင့်လင်းလက်

ဒီနှစ်ဘောလုံးရာသီရဲ့ ဂျာမန်ပိုကယ်ဖလား နောက်ဆုံးဗိုလ်လုပွဲကိုတော့ မေ ၃၁ ရက်မှာ ဒေါ့မွန်နဲ့ ဝုဖ်ဘတ်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်ပါတယ်။ ခြေရည်တူနှစ်သင်းတွေ့ဆုံတဲ့ ဗိုလ်လုပွဲဖြစ်တာမို့ ဘယ်အသင်း ဂျာမန်ပိုကယ်ဖလား ဆွတ်ခူးရရှိသွားမလဲဆိုတာ ရင်ခုန်မျှော်လင့်စရာကောင်းနေတာတော့ အမှန်ပါပဲ။

နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်လာတဲ့ ဒီနှစ်သင်းရဲ့ ဂျာမန်ပိုကယ်ဖလား သမိုင်းမှတ်တမ်းကို ကြည့်ရင် ဒေါ့မွန်တို့က သုံးကြိမ်ဗိုလ်စွဲထားပြီး ဒုတိယနဲ့ ကျေနပ်ခဲ့ရတဲ့ အကြိမ်ဟာလည်း သုံးကြိမ်ရှိခဲ့ပါတယ်။ ဝုဖ်ဘတ်တို့ကတော့ ဂျာမန်ပိုကယ်ဖလားမှာ အောင်မြင်မှုမှတ်တမ်းကောင်း မရှိပါဘူး။

ဒေါ့မွန်အသင်းဟာ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲမှာ ဘိုင်ယန်မြူးနစ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ဖလားလက်လွှတ်ခဲ့ရသလို ၂၀၁၂-၂၀၁၃ဘောလုံးရာသီမှာလည်း ဘိုင်ယန်မြူးနစ်ကို နှစ်ဂိုးပြတ်နဲ့ရှုံးပြီး ဒုတိယနဲ့ ကျေနပ်ခဲ့ရပြန်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ ဒေါ့မွန်တို့ ဂျာမန်ပိုကယ်ဖလားကို သိမ်းပိုက်နိုင်မလားဆိုတာ စောင့်ကြည့်ချင်စရာ ကောင်းနေပါတယ်။




ဒေါ့မွန်နဲ့ ဝုဖ်ဘတ်တို့ မေ ၁၆ ရက်က ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဝုဖ်ဘတ်ကွင်းမှာ ယှဉ်ပြိုင်ကစားတဲ့အခါ ဝုဖ်ဘတ်တို့က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရသွားခဲ့ပါတယ်။ ဒါကြောင့် အခုပွဲမှာ ဒေါ့မွန်တို့အများအယွင်းမခံဘဲအလေးအနက်ထားပြီးယှဉ်ပြိုင်မှုရပါလိမ့်မယ်။

ဒေါ့မွန်နဲ့ ဝုဖ်ဘတ်တို့ နောက်ဆုံးငါးပွဲတွေ့ဆုံမှု မှတ်တမ်းကိုကြည့်ရင် ဒေါ့မွန်က နှစ်ပွဲနိုင်ပြီး ဝုဖ်ဘတ်တို့က နှစ်ပွဲနိုင်ထားကာ တစ်ပွဲသရေဖြစ်ထားပါတယ်။ ဒါကြောင့်ခြေစွမ်းတူညီနေတဲ့ ပြိုင်ဘက်ကောင်းတွေ ပြန်လည်တွေ့တဲ့ပွဲလည်း ဖြစ်နေပါတယ်။

ဒေါ့မွန်အသင်းမှာ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်တဲ့ သူတွေရှိနေပြီး တိုက်စစ်မှူး အူဘာမီလန်က တစ်ဦးတည်း လေးဂိုးသွင်းထားနိုင်ပါတယ်။ ဒါ့အပြင် ဘလက်ဇီကောစကီး၊ အမ်မိုဘိုင်းတို့ကလည်း ပွဲရလဒ်ကို ပြောင်းလဲနိုင်တဲ့ ကစားသမားတွေဖြစ်တာမို့ ဝုဖ်ဘတ်တို့ရဲ့ ဂျာမန်ပိုကယ်ဖလား ပိုင်ဆိုင်ခွင့်မျှော်လင့်ချက်တွေကို ဖျက်ပစ်နိုင်ပါတယ်။

ဝုဖ်ဘတ်တို့ကတော့ ဂတ်စ်တာဗို၊ ဘက်စ်ဒိုဖ်၊ ကာလီဂူရီတို့ အားကိုးရှိနေပြီး ဂတ်စ်တာဗိုက ဂိုးသွင်းစွမ်းရည်ထက်မြက်သူဖြစ်ပါတယ်။ ဝုဖ်ဘတ်တို့ဟာဒီနှစ်မှာ ခြေစွမ်းအကောင်းဆုံးပြသနိုင်နေပြီး ပြိုင်ဘက်တွေကို အနိုင်ကစားနိုင်တဲ့ စွမ်းဆောင်မှုတွေလည်း ပြသထားပါတယ်။

ဝုဖ်ဘတ်ဟာ ပြီးခဲ့တဲ့ မေ ၁၆ ရက် ပွဲစဉ်မှာ ဒေါ့မွန်ကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တာမို့ အခုပွဲမှာလည်း ဒေါ့မွန်ကို အခက်တွေ့အောင် ကစားပါလိမ့်မယ်။ ဒါပေမယ့် ဂျာမန်ပိုကယ်ဖလားပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ကစားပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်လာတဲ့ ဒေါ့မွန်ရဲ့ အနိုင်ရလိုစိတ်ပြင်းထန်မှုကို ဝုဖ်ဘတ်တို့ဟန့်တားနိုင်ဖို့ ခဲယဉ်းပါလိမ့်မယ်။

ပြီးခဲ့တဲ့နှစ်က ဘိုင်ယန်မြူးနစ်ကို နောက်ဆုံးဗိုလ်လုပွဲမှာ နှစ်ဂိုးပြတ်နဲ့ရှုံးပြီး ဖလားလက်လွှတ်ခဲ့ရတဲ့ဒေါ့မွန်ဟာ ဒီနှစ်မှာတော့ ဘိုင်ယန်မြူးနစ်ကို ရှုံးကြွေးပြန်ဆပ်ပြီးဖြစ်လို့ ဖလားသိမ်းပိုက်နိုင်ရေး အကောင်းဆုံး အခွင့်အရေး တစ်ရပ်ဖြစ်တဲ့ အခုပွဲမှာ ရလဒ်ကောင်းကို ဖော်ထုတ်ပြီး ဂျာမန်ပိုကယ်ဖလားကို ကိုင်မြှောက်အောင်ပွဲခံလိမ့်မယ်လို့ ယုံကြည်နေပါတယ်။

# ဘာနေဗျူးမှာ ဆက်ရှိနေမယ့် ဂါးရက်ဘေးလ်

နည်းပြအန်ဆယ်လော့တီ ဘာနေဗျူးမှ ထွက်ခွာသွားရသော်လည်း တောင်ပံတိုက်စစ်မှူး ဂါးရက်ဘေးလ်ကတော့ ဆက်လက်ရှိနေမယ်လို့ ဆိုပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ဂါးရက်ဘေးလ် အနေနဲ့ ပြီးခဲ့တဲ့ရာသီအတွင်း ရုန်းကန်ကြိုးစားခဲ့ရပေမယ့် လာမယ့်ရာသီမှာတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်လို့ ပြောဆိုလိုက်ပါတယ်။ ဂါးရက်ဘေးလ်ကို ပရီမီယာလိဂ်သို့ ပြန်လာဖို့ အဆက်အသွယ်တွေ ပြုလုပ်နေကြပါတယ်။ သို့ပေမယ့် ဘာနေဗျူးမှာပဲ ဆက်လက်ရှိနေမယ်လို့ သူကဆိုပါတယ်။ ဂါးရက်ဘေးလ်ဟာ ၂၀၁၃ ခုနှစ် စက်တင်ဘာလက စပါးအသင်းမှ ရီးရဲမက်ဒရစ်သို့ ကမ္ဘာ့အမြင့်ဆုံး စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် ၈၅ ဒသမ ၃ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။ ဆောက်သန်ပ်တန် ကစားသမားဟောင်း ဂါးရက်ဘေးလ်ဟာ စပိန်သို့ ရောက်ရှိစဉ်ကာလအတွင်း ရီးရဲမက်ဒရစ်နဲ့အတူ ၄၆ ပွဲမှာ ၂၄ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ်နဲ့ ကိုပါဒယ်ရေးဖလားရအောင် ကြိုးစားပေးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် ဒုတိယနှစ်မှာ အပြင်းအထန် ဝေဖန်မှုများနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ရာသီအကုန်မှာ ဖလားများနဲ့ အဆုံးမသတ်နိုင်ခဲ့တဲ့အတွက် ဝေဖန်မှုများနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။




● ကောင်းမြတ်သူ – စုစည်းသည်

# တစ်နှစ်အတွင်း ငါးဦးမြောက် နည်းပြရာပုံတော်ဖွင့်မယ့် ဝက်ဖို့ဒ်

ဝက်ဖို့ဒ်အသင်းအနေနဲ့ နည်းပြဆလာဗီဆာ ဂျိုကာနိုဗစ်ရဲ့ နေရာမှာ ဂီတာဖေးလ်နဲ့ အက်သလက်တီကို နည်းပြဟောင်း ဆန်ချက်ဇ် ဖလောရက်စ်ကို အစားထိုးဖို့ ချဉ်းကပ်နေပါတယ်။ အသက် ၄၆ နှစ်အရွယ်ရှိတဲ့ ဂျိုကာနိုဗစ်ဟာ ဝက်ဖို့ဒ်အသင်းကို ချန်ပီယံရှစ်မှ ပရီမီယာလိဂ်သို့ တန်းတက်ခွင့်ရရှိလာအောင် ကြိုးစားပေးခဲ့တဲ့ နည်းပြဖြစ်ပါတယ်။ သို့ပေမယ့် သူ့ရဲ့စာချုပ်က လာမယ့်လမှာကုန်ဆုံးတော့မှာပါ။ ဝက်ဖို့ဒ်က စာချုပ်သစ်ချုပ်ဆိုဖို့ ပယ်ချထားတယ်လို့ ဆိုပါတယ်။ ဝက်ဖို့ဒ်အသင်းဟာ အသက် ၅၀ အရွယ်ရှိတဲ့ စပိန်သား ဖလောရက်စ်ကို ချဉ်းကပ်နေတယ်လို့ဆိုပါတယ်။ သူဟာ ဝက်ဖို့ဒ်အသင်းရဲ့ နည်းပြဖြစ်လာမယ်ဆိုရင် ဒီနှစ်ထဲမှာ ဝက်ဖို့ဒ်အသင်းကခေါ်ယူတဲ့ ပဉ္စမမြောက် နည်းပြဖြစ်လာမှာ ဖြစ်ပါတယ်။ ချယ်လ်ဆီး ကွင်းလယ်ကစားသမားဟောင်း ဂျိုကာနိုဗစ်အနေနဲ့ ဝက်ဖို့ဒ်အသင်းမှာ လစာပိုတောင်းခဲ့တဲ့အတွက် အဆင်မပြေဖြစ်ခဲ့ပြီးနောက် သူ့ထက်အတွေ့အကြုံများတဲ့ နည်းပြဖလောရက်စ်ကို ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဂျိုကာနိုဗစ်ဟာ အောက်တိုဘာလက ဝက်ဖို့ဒ်နည်းပြဖြစ်လာပြီးနောက် ၃၆ ပွဲတွင် ၂၁ ပွဲ အနိုင်ရအောင် ကြိုးစားပေးနိုင်ခဲ့ပြီး ချန်ပီယံရှစ်တွင် ဘုန်းမောက်နောက်မှ ဒုတိယဖြင့် အဆုံးသတ်ကာ ပရီမီယာလိဂ်သို့ တန်းတက်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။ သူဟာ ဘက်ပီဆန်နိုယို၊ အော်စကာ ဂါစီယာနဲ့ မိုက်ကင်လေးတို့အပြီး ဝက်ဖို့ဒ်အသင်းရဲ့ စတုတ္ထမြောက်နည်းပြ ဖြစ်လာခဲ့ပါတယ်။




# အန်ဆယ်လော့တီ မရှိတော့တဲ့နောက် ရီးရဲနည်းပြဖြစ်လာဖို့ နီးလာတဲ့ ဘင်နီတက်ဇ်

ရာဖေးလ်ဘင်နီတက်ဇ်အနေဖြင့် တနင်္ဂနွေနေ့ နာပိုလီနဲ့ စီးရီးအေ ပြိုင်ပွဲအပြီးမှာ ရီးရဲမက်ဒရစ်နည်းပြဖြစ်လာဖို့ မျှော်လင့်ထားပါတယ်။ အသက် ၅၅ နှစ်အရွယ်ရှိတဲ့ လီဗာပူး နည်းပြဟောင်း ဘင်နီတက်ဇ်ကို ဥရောပချန်ပီယံလိဂ်ဖလား ၁၀ ကြိမ် ဆွတ်ခူးနိုင်ခဲ့တဲ့ ရီးရဲမက်ဒရစ်က စာချုပ်ဖို့ အစီအစဉ်မရှိသေးပါဘူး။ သို့ပေမယ့် စေ့စပ်ဆွေးနွေးတဲ့အဆင့်တော့ ရောက်နေပြီလို့ဆိုပါတယ်။ ကားလို့စ်အန်ဆယ်လော့တီဟာ ဘာနေဗျူးကို နှစ်ရာသီကိုင်တွယ်အပြီး တနင်္လာနေ့က နည်းပြအဖြစ်မှ အလုပ်ဖြုတ်ခံလိုက်ရပါတယ်။ အီတလီနိုင်ငံသား အန်ဆယ်လော့တီဟာ ပြီးခဲ့တဲ့နှစ်က ရီးရဲမက်ဒရစ် အသင်းနဲ့အတူ (၁၀) ကြိမ်မြောက် ဥရောပချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် ဒီနှစ်မှာတော့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်မှာ ဂျူဗင်တပ်စ်ကိုရှုံးပြီး ထွက်ခဲ့ရသလို ဘာစီလိုနာကလည်း လာလီဂါဖလား ရယူသွားတဲ့အတွက် ဖလားလက်မဲ့ဖြစ်ခဲ့ရပါတယ်။ စပိန်သား ဘင်နီတက်ဇ်ဟာ သူ့နိုင်ငံမှာ နည်းပြလုပ်စဉ်က ဗလင်စီယာအသင်းနဲ့အတူ လာလီဂါဖလားနှစ်လုံးနဲ့ ယူအီးအက်ဖ်အေဖလားတစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်။ သူဟာ ၂၀၁၃ ခုနှစ်က နာပိုလီအသင်းကို ဦးဆောင်ခဲ့ပြီး ပြီးခဲ့တဲ့ရာသီက ကိုပါအီတာလီယာ ဖလားဆွတ်ခူး ပေးနိုင်ခဲ့ပါတယ်။


CNC
RAINCOAT
www.cncmenwear.com | www.facebook.com/cnc1999
Detachable Hood
Eyeglass Pocket
Digital Camera Pocket
Extendable Key Holder
& Water Bottle Loop


မြန်မာ - ကိုရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေး နှစ် (၄၀) ပြည့်
Samsung Myanmar ၏ ဂုဏ်ပြုအစီအစဉ်
ဝယ်ယူသူများအတွက် အထူးလက်ဆောင်
SAMSUNG
Galaxy S6
DUOS
ဆင်းမ်ကတ်နှစ်ကတ်
ထည့်သွင်းအသုံးပြုနိုင်ပါသည်
Original Clear View Cover
Power Bank
SAMSUNG
Galaxy S6 edge
Power Bank
သတ်မှတ်ကာလ - ၁၀ မေလ မှ ၇ ဇွန်လ ၂၀၁၅ အတွင်း ဝယ်ယူသူများသာ
သတ်မှတ်ကာလအတွင်း ဝယ်ယူသူများသည် လက်ဆောင်ရယူနိုင်ရန်အတွက် Hot Line - 09970498724 နှင့် 09970498725 သို့ ဆက်သွယ်၍ မိမိတို့၏ အမည်၊
မှတ်ပုံတင်နံပါတ်၊ ဝယ်ယူခဲ့သည့်ဆိုင်၊ ဝယ်ယူခဲ့သည့်နေ့၊ IMEI နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ နှင့် ဖုန်း တို့ကို မနက် ၉ နာရီမှ ညနေ ၆ နာရီ (ရုံးပိတ်ရက်များမှအပ)
ဆက်သွယ်အကြောင်းကြားပေးရပါမည်။ Samsung Myanmar မှ တိုက်ဆိုင်စစ်ဆေး၍ လက်ဆောင်များအား (၇) ရက်အတွင်း အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးသွားပါမည်။
လက်ဆောင်ရရှိမည့် အမှတ်တံဆိပ်၊ ပုံစံ နှင့် အရောင် ကွဲလွဲမှု ရှိနိုင်ပါသည်။ အရောင် ရွေးချယ်ခွင့် မရှိပါ။
Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းဖြစ်ပြီး၊ Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

# အမျိုးသမီးများ ဦးဆောင်မှုနှင့် ပါဝင်မှုမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၂၈**

လူမှုသင့်မြတ်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ဦးဆောင်မှုနှင့် ပါဝင်မှုမြှင့်တင်ရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ပူးပေါင်း၍ နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရာ ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ်များအနေဖြင့် ဂျင်ဒါကိစ္စ၊ လူမှုသင့်မြတ်မှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သမိုင်းကြောင်း၊ တောင်ပိုင်း အချင်းချင်းနှင့် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းစီမံချက်များ၊ အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ဆောင်ရွက်ခဲ့မှုနှင့် မြန်မာနိုင်ငံရှိ ငြိမ်းချမ်းမှုတည်ဆောက်ရေးနှင့် လူမှုပေါင်းစည်း ညီညွတ်မှုများတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ရေးတို့ကို ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၂၀၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀ ဦး၊ UNDP မှ ကိုယ်စားလှယ် ရှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ် ငါးဦး စုစုပေါင်း ၄၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



## လုံးချင်းအိမ်ရာများနှင့်တိုက်ခန်းများ ဆောက်လုပ်မှုများလာ

**ပြင်ဦးလွင် မေ ၂၈**

ပြင်ဦးလွင်မြို့သည် လူဦးရေထူထပ်များပြားလာသည်နှင့်အမျှ ခေတ်မီ တိုးတက်သော လူနေအိမ်များလည်း တစ်နေ့ထက်တစ်နေ့ များပြားစွာပေါ်ထွက် လာသည်ကို တွေ့မြင်နိုင်သည်။

ယခင်က ပြင်ဦးလွင်မြို့တွင် ခြံဝင်းကျယ်ကြီးများဖြင့် စိုက်ပျိုးရေးလုပ်ကိုင် လျက်ရှိသော မိသားစုဝင်အများစုသည် မိမိတို့၏ ခြံဝင်းများကို ရောင်းချပြီး အခြားစီးပွားရေးလုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။

ယခုအခါ မြို့တွင်းမြို့ပြင်ရှိ မြေနေရာကျယ်ဝန်းသော ခြံဝင်းများကို အပြိုင်အဆိုင် ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိပြီး ထိုမြေနေရာများကို လှပခေတ်မီသောအဆောက်အအုံများဆောက်လုပ်ကာ ပြန်လည်ငှားရမ်းခြင်းနှင့် ဈေးဆိုင်ခန်းများဖွင့်လှစ်ခြင်းတို့ လုပ်ဆောင်လာကြကြောင်း မြို့ခံများထံမှ သိရသည်။

ထို့ကြောင့် တိုးတက်များပြားလာသော လူဦးရေနှင့်အညီ လုံးချင်းအိမ်ရာများ ဆောက်လုပ်၍ နေထိုင်မှုများပြားလာပြီး ထိုအိမ်ရာများ၏ ငှားရမ်းမှုဈေးနှုန်းမှာ တစ်လလျှင် ငွေကျပ် လေးသိန်းမှ ခြောက်သိန်းအကြားတွင်ရှိကြောင်း အိမ်၊ ခြံမြေ အကျိုးဆောင်များထံမှ သိရသည်။ **စံဖူး**

# စစ်တွေမြို့တွင် ကျောင်းအပ်နှံရေး သီတင်းပတ်လှုပ်ရှားမှုများဆောင်ရွက်

**စစ်တွေ မေ ၂၈**

စစ်တွေမြို့နယ်တွင် ကျောင်းအပ်နှံရေးသီတင်းပတ် လှုပ်ရှားမှုများအဖြစ် မေ ၂၆ ရက် နံနက် ၉ နာရီက ခေမာမဏ္ဍိုင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်က အထက (၉) မင်းဂံရပ်ကွက်၌ လည်းကောင်း ဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ် ကျောင်းနေရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်မင်း တက်ရောက်ကာ ကျောင်းသားကျောင်းသူများအား ကျောင်းသုံးစာအုပ်များနှင့် ကျောင်းဝတ်စုံများ ပေးအပ်သည်။



ရခိုင်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း ကျောင်းအပ်နှံရေး သီတင်းပတ်လှုပ်ရှားမှုများကို ဆောင်ရွက်လျက် ရှိကြောင်းနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပြည်နယ်၌ အသက်ငါးနှစ် ပြည့်ပြီး မူလတန်းဝင်မည့် ကလေး ၁၁၀၀၀၀ ခန့်နှင့် ထက်၊ လယ်၊ မူ ကျောင်းသားကျောင်းသူပေါင်း ၆၀၀၀၀၀ ကျော်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကြီးစော၊**
**ဓာတ်ပုံ- ညေစော**

# နမ့်ခမ်းမြို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်သူများပြား

**နမ့်ခမ်း မေ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများအားလုံး မေ ၂၅ ရက်တွင် စတင်လက်ခံလျက်ရှိကြောင်း သိရသည်။ သူငယ်တန်းတွင် စတင်တက်ရောက်သင်ယူမည့် ကျောင်းသား ကျောင်းသူများကို မွေးစာရင်းမိတ္တူနှင့်အတူ သတ်မှတ်ထားသောပုံစံတွင် မိဘအုပ်ထိန်းသူကိုယ်တိုင် ရေးသွင်းလက်မှတ်ရေးထိုး၍ ကျောင်းအုပ်ကြီး ကိုယ်တိုင် စိစစ်ကာ စနစ်တကျ ကျောင်းအပ်လက်ခံပေးကြောင်း သိရသည်။

ကျောင်းအပ်နှံမှု စနစ်တကျဖြစ်စေရေးအတွက် မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ "ဖတ်စာအုပ်ဝယ်စရာမလိုဘဲ အခမဲ့ ထုတ်ပေးတယ်၊ ကျောင်းဝင်ကြေး၊ မိဘဆရာအသင်းကြေးပေးစရာမလိုဘဲ ပညာသင်ခွင့်ရလို့ ပညာသင်စရိတ်အတွက် ငွေကုန်ကြေးကျ မရှိတော့ဘူး၊ ကျေးဇူးလည်းတင်တယ်၊ ဝမ်းလည်းသာတယ်"ဟု နမ့်ခမ်းမြို့ အထက(၁)၌ ကျောင်းလာအပ်နှံသူ မိဘတစ်ဦးက ပြောသည်။



**ဉာဏ်မင်း(နမ့်ခမ်း)**

## ကျောင်းသားလူငယ်ဘောလုံးပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် မေ ၂၈**

ကျောင်းသားလူငယ်များ အခြေခံဘောလုံးအားကစား ထူးချွန်တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ LG Co.,Ltd ၏ ပံ့ပိုးကူညီမှုဖြင့် 2015 LG Cup(U-15) ကျောင်းသား လူငယ်ဘောလုံးပြိုင်ပွဲကို မေ ၉ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ယူနိုက်တက်အားကစားကွင်းနှင့် ပဒေသာအားကစားကွင်းတို့၌ ကျင်းပလျက်ရှိရာ မေ ၂၆ ရက်က တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အထက (၅) တောင်ဥက္ကလာပနှင့် အထက(၁) မင်္ဂလာဒုံတို့ ယှဉ်ပြိုင်ကြပြီး အထက (၅) တောင်ဥက္ကလာပအသင်းက ၁၀-၁ ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲများတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထက ကျောင်း ၁၆ ကျောင်းမှ ကျောင်းသားလူငယ်များပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရပြီး ဘောလုံးပြိုင်ပွဲများသို့ ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာများ၊ အားကစားပြိုင်ပွဲဝင်များ၏ မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားလူငယ်များ လာရောက်အားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၄ယ/၁၃၈၉၂ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇွန် ၉/ပမန(နိုင်)၂၁၆၁၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ (နေပြည်တော်)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဂယ/၆၆၉၈၅ ဟွန်ဒါဝေ့(ဖ်) 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇင်စိုး ၁၀/မလမ(နိုင်)၂၂၅၃၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

**MR.COOK** 09 5506333, 09 73079969

မြန်မာနိုင်ငံတွင်တစ်ခုတည်းသောကိုယ်တိုင်လက်တွေ့ချက်ပြုတ်အလှဆင်ပြီးနေ့စဉ် အိမ်ပြန်သယ်နိုင်သောဟင်းလျာများလက်တွေ့ချက်ပြုတ်အလှဆင်နည်းသင်တန်း

1. မြန်မာပြည်တွင် အစားများသောတရုတ်အစားအစာများလက်တွေ့ ချက်ပြုတ်နည်းသင်တန်း (100000+60000- 2weeks)
(ခေါက်ဆွဲကြော်၊ထမင်းပေါင်း၊ကုန်းဘောင်ကြော်၊ချိုချဉ်ကြော်၊ပြည်လုံးချမ်းသာ၊ကြက်ချဉ်စပ်၊ဂဏန်းမဆလာ၊ငါးခေါင်းဟင်းချို၊နံရိုးကြော်အပါဝင်)
2. စီးပွားဖြစ်ထူးဆန်းတွေလျှာသစ်သီးဖျော်ရည်များလက်တွေ့သင်တန်း (100000+60000- 2weeks)
(ဖာလူဒါ၊ဒိုမိနီ၊ချောကလက်မစ်ရှိတ်၊နဂါးမောက်၊ချဉ်စော်ခါး၊ပိန်နဲ့သီး၊ပြောင်းဖူး၊လက်ဖက်စိမ်း၊ဆည်းဆာ၊ကော်ဖီအအေး၊ရေခဲမုန့်ကြော်အပါအဝင်)
3. ကြေးအိုးဆီချက်ဆိုင်အတွက် (menu) များလက်တွေ့ချက်ပြုတ်နည်းသင်တန်း (200000+60000-3 days)
(ကြေးအိုးအမျိုးမျိုး၊ဆီချက်အမျိုးမျိုး၊ကြေးအိုးဆီချက်အမျိုးမျိုး၊ဖက်ထုပ်အမျိုးမျိုးနှင့်ဆော့စ်များအပါဝင်)
4. ထိုင်းအစားအစာများလက်တွေ့ချက်ပြုတ်အလှဆင်နည်းသင်တန်း (300000+60000-2weeks)
(တုံယမ်း၊လတ်န၊ဖတ်ဆီရူ၊ဖတ်ထိုင်း၊ကွတ်တယို၊ဖတ်ကဖေါင်း၊လပ်မူ၊ငါးခူမှုကြော်၊သင်္ဘောသီးထောင်းနှင့်ဆာတေး၊ဂုတ်သားကင်အပါဝင်)
5. လက်ဖက်ရည်ဆိုင်သုံးစီးပွားဖြစ် အသားပေါင်းနှင့်ပေါက်ဆီပြုလုပ်နည်းသင်တန်း (200000+60000-3days)
6. ဝါသနာရှင်နှင့်အိမ်ရှင်မများအတွက်လွယ်ကူပေါ့ပါးဟင်းလျာများလက်တွေ့ချက်ပြုတ်နည်းသင်တန်း (200000+60000-2weeks)
(ဟင်းလျာကြီး၊အရံဟင်း၊ဟင်းချို၊အသုပ်၊ဆီကြော်၊ထမင်းကြော်၊ပုံစားဟင်း၊ခေါက်ဆွဲကြော်၊ဒံပေါက်နှင့်အကင်များအပါဝင်)
7. စီးပွားဖြစ်ရှမ်းရိုးရာအစားအစာများ လက်တွေ့ချက်ပြုတ်နည်းသင်တန်း (200000+60000-2weeks)
(ရှမ်းခေါက်ဆွဲ၊မြီးရှည်၊တို့ဟူးနွေး၊ဆန်စီးဟင်းထုပ်၊ငါးဖုတ်၊ငါးထမင်းနယ်၊မာလာဟင်း၊ မြေအိုးမြီးရှည်ရှမ်းကြက်ပေါင်းဆီချက် အပါဝင်)
8. ပင်လယ်စာများသီးသန့် လက်တွေ့ချက်ပြုတ်နည်းသင်တန်း (200000+60000-2weeks)
9. ဆူရှီလက်တွေ့ပြုလုပ်နည်းသင်တန်း (200000+60000-2weeks)
10. အခြေခံအကင်နှင့်ဆော့စ်ပြုလုပ်နည်းသင်တန်း(ကြက်၊ဝက်၊နံ၊ဆိတ်၊ပင်လယ်စုံနှင့်ဟင်းသီးဟင်းရွက်) (200000+60000-2weeks)
11. အဆင့်မြင့်အကောင်လုံးကင်ပြုလုပ်နည်းသင်တန်း(ဘဲ၊ကြက်၊အခေါက်၊နံ၊ငါး၊ဝက်ကင်များ) (500000+60000-3 days)
12. စီးပွားဖြစ်အသားကင်ယိုးဒယားကြက်ဆီထမင်းပြုလုပ်နည်းသင်တန်း (500000+60000-3days)
13. စီးပွားဖြစ်ဒမ်ဆမ်း (DIM-SUM) များလက်တွေ့ပြုလုပ်နည်းသင်တန်း (500000+60000-2weeks)
(နိုင်လွန်ပုစွန်၊အသားပေါင်း၊ပေါက်စီ၊ကြက်ခြေထောက်ပေါင်း၊ နံရိုးပေါင်းပုဇွန်ရေညှိလိပ်၊ပင်လယ်စာတို့ဟူး၊မုန်ညင်းလိပ်၊ကိုက်လန်လိပ်၊အပါဝင်)
14. ဟော့ပေါ့ဆိုင်အတွက် (menu) များလက်တွေ့ချက်ပြုတ်နည်းသင်တန်း (500000+60000 -3 days)
15. စားသောက်ဆိုင်အသစ်အတွက်စိတ်တိုင်းကျ(menu)လက်တွေ့ချက်ပြုတ်နည်းသင်တန်း (500000+60000-2weeks)
ဟင်းလျာအားလုံးကိုမတက်လိုဘဲမိမိအတွက်အသုံးလိုသောဟင်းလျာများကိုသာရွေး၍တမျိုးချင်းတက်လိုပါကတမျိုးအတွက် သင်တန်းကြေး(8000)သွင်းပြီးတက်ရောက်နိုင်ပါသည်။စာအုပ်ကိုသက်ဆိုင်ရာသင်တန်းကြေး3ပုံ1ပုံသွင်း၍မှာယူနိုင်သည်။ သင့်အလှူမင်္ဂလာနှင့်မွေးနေ့ ဧည့်ခံပွဲများအတွက် အသားကင်ကြက်ဆီထမင်းကိုတပွဲ (1500)ဈေးနှုန်းဖြင့် အိုးခွက်ပန်းကန်ဇွန်းခရင်းနှင့်သယ်ယူပို့ဆောင်ခ၊ပွဲပြင်ဝန်ဆောင်ခအပြီးအထူးအော်ဒါလက်ခံဆောင်ရွက်ပေးသည်၊
အမှတ် ၂၀၆လှာ၊မင်္ဂလာလမ်း၊တာမွေမြို့နယ်၊၁၅၂နှင့်၁၅၂လမ်းကြား၊ကျောက်မြောင်းဈေးမှတ်တိုင်အနီး095506333

**ဖခင်အမည်မှန်**
သံဖြူဇရပ်မြို့၊ အောင်မင်္ဂလာအမှတ်(၂) မူလတန်းလွန်ကျောင်းမှ ဒုတိယတန်း အောင်မြင်ထားသော မနဒီချမ်း၏ဖခင် အမည်မှန်မှာ ဦးတင်ထွန်း ၇/ဒဥန(နိုင်) ၁၃၃၆၆၃ ဖြစ်ပါကြောင်း။
ဦးတင်ထွန်း ၇/ဒဥန(နိုင်)၁၃၃၆၆၃

**ဖခင်အမည်မှန်**
ပခုက္ကူမြို့၊ ဧရာဂုဏ်ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မဌေးဌေးနိုင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးတင်(ခ)ဦးသိန်းအောင် ၈/ပခက(နိုင်)၁၈၇၁၄၈ ဖြစ်ပါကြောင်း။
ဦးဖိုးတင်(ခ)ဦးသိန်းအောင်

**မိဘအမည်မှန်**
အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၊ လှိုင်သာယာမြို့နယ်၊ သတ္တမတန်း (C)မှ ပညာသင်ကြား အောင်မြင်ခဲ့သည့် မဇင်မီမီထက်၏မိဘအမည်မှန်မှာ ဦးသန်းဆွေနှင့် ဒေါ်မိုးမိုးအေး ဖြစ်ပါသည်။
ဦးသန်းဆွေ-ဒေါ်မိုးမိုးအေး

**အမည်ပြောင်း**
သာစည်မြို့၊ အမှတ်(၁) တိုးချဲ့ရပ်ကွက်နေ ဦးတင်နှင်းအောင် ၉/သစန(နိုင်) ၀၀၆၅၅၇ ၏သမီး မခင်ကံ့ကော်အား မခင်ကြည်ဖြူဟန်ဟု ပြောင်းလဲခေါ်ပါရန်။
မခင်ကြည်ဖြူဟန်

**အမည်ပြောင်း**
အိမ်အမှတ်(၇)၊ ဦးအောင်ဘလမ်း၊ ဆရာစံတောင်စံပြရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးမြင့်နိုင် ၁၁/စတန(နိုင်)၀၅၇၉၉၉ ၏သမီး အမက(၁)၊ ဗဟန်း စတုတ္ထတန်း G-5,B တွင် ပညာသင်ကြားနေသော မဇူးဇူးအား မမိုးမြင့်ယမုံဟု ယနေ့စ၍ ပြောင်းလဲသတ်မှတ်ခေါ်ဆိုပါရန်။
မမိုးမြင့်ယမုံ

**ဖခင်အမည်မှန်**
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့၊ လဲချားအထက ဆဌမတန်း(B)မှ မောင်စိုင်းမွမ်းခေး၏ဖခင်အမည်မှန်မှာ ဦးစိုင်းမောင်ဘ ဖြစ်ပါသည်။
ဖခင်-ဦးစိုင်းမောင်ဘ

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးစိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၀၁၇/၀၃၁၅
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော
ဖျံ့-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၉၉၄

# (၃၂)ကြိမ်မြောက် ပျဉ်းမနားမြို့နယ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကျင်းပ

**ပျဉ်းမနား မေ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ပန်းခင်းလမ်းနှင့် ရာဇဌာနီလမ်းထောင့်ရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ မေ ၂၅ ရက်က ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲ ကျင်းပသည်။ **(ယာပုံ)**



စာမေးပွဲဖြေဆိုရာတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စက်ရုံကျောင်းတိုက်ဆရာတော် ဦးဇောတိကပါသံဃာတော်ခြောက်ပါးနှင့် စာမေးပွဲကြီးကြပ်ရေးကော်မတီဝင်များက စာမေးပွဲဖြေဆိုမှုကို ကြီးကြပ်ပေးခဲ့ပြီး ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်သာသနာရေးမှူးနှင့် မြို့နယ်သာသနာ့နုဂ္ဂအဖွဲ့တို့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# အခြေခံပညာဦးစီးဌာနသို့ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**ခရမ်း မေ ၂၈**

အခြေခံပညာ အထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသော ကျုံးကျုံးကျကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို မေ ၂၄ ရက်က ခရမ်းမြို့နယ်အနောက်ခြမ်း ကျုံးကျုံးကျကျေးရွာ၌ ကျင်းပသည်။

ကျောင်းဆောင်သစ်များကို ကျုံးကျုံးကျကျေးရွာ ဇာတိသားများဖြစ်ကြသော ဦးသန်းလွင်မိသားစုက ငွေကျပ်သိန်း ၃၅၀တန်ဖိုးရှိ ကျောင်းဆောင်သစ်တစ်ဆောင်၊ ဦးဖိုးပိန်းမိသားစုက ငွေကျပ်သိန်း ၄၈၀ တန်ဖိုးရှိကျောင်းဆောင်သစ် တစ်ဆောင်နှင့်ဦးတင်ကြည်မိသားစုက ငွေကျပ် ၃၅၅ သိန်းတန်ဖိုးရှိ ကျောင်းဆောင်သစ်တစ်ဆောင် စုစုပေါင်း ကျောင်းဆောင်သစ်သုံးဆောင်ကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်စွာလွင်သို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းနှင့် ဝန်ကြီးများ၊ မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# တရားမဝင်သစ်များဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုင်ငံတော်၏ သစ်တောသယံဇာတများကို ပြည်သူ့အကျိုးအတွက် စနစ်တကျ စီမံအုပ်ချုပ်လျက်ရှိနေသကဲ့သို့ ဝိသမလောဘသားများ၏ တရားမဝင်သစ်ခိုးထုတ်ယူမှုနှင့် သယ်ဆောင်မှုများကို အခြားသောဆက်စပ်ဌာနများနှင့် ပူးပေါင်း၍လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်လည်းကောင်း အရှိန်အဟုန်မြှင့် ဖမ်းဆီးဖော်ထုတ်အရေးယူလျက်ရှိသည်။

မေ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ပန်းတောင်းမြို့နယ် သံလယ်ကြီးကြိုးပြင်ခုတ်ကွက်အမှတ်(၁၂၃)တွင် တရားမဝင်ကျွန်း၊ အခြားသစ်တန် ၀ ဒသမ ၆၉၅၀ ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ မေ ၂၂ ရက်က မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် အရှေ့ရိုးမ တိုးချဲ့ကြိုးဝိုင်းအကွက်အမှတ်(၁၄)အတွင်းမှ တရားမဝင်သစ်မာ၊ အခြားသစ် ၂ ဒသမ ၈၉၈ တန်ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း ဖမ်းဆီးရမိသည်။ ထို့ပြင် မေ ၂၃ ရက်က ရေတာရှည်မြို့နယ် ငွေတောင်ကျေးရွာအနီးမှ တရားမဝင် အခြားသစ် ၂ ဒသမ ၀၃၂ တန်ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ စိုင်းရကြိုးဝိုင်း အကွက်အမှတ်(၇၉)အတွင်းမှ တရားမဝင် ကျွန်းခားရွေ့အချောင်း ၂၀၊ ၁ ဒသမ ၆၁၀၄ တန်ကိုလည်းကောင်း၊ မေ ၂၄ ရက်က ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်း အကွက်အမှတ်(၆၆)အတွင်းမှ တရားမဝင် ကျွန်းခားရွေ့ ၁၅ ချောင်း ၀ ဒသမ ၅၇၁၆ တန်ကိုလည်းကောင်း ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မင်းလှမြို့တွင် အပတ်စဉ် ဓမ္မစကူးလ်သင်တန်းများ ဖွင့်လှစ်

**မင်းလှ မေ ၂၈**

ဓမ္မစကူးလ်ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် ဓမ္မစကူးလ်အပတ်စဉ်သင်တန်းများကို သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် မေလတတိယပတ်ကစတင်ပြီး ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် ဓမ္မစကူးလ်ဩဝါဒါစရိယဆရာတော် ဝေဠုဝန်ဆရာတော်ကြီးက ကလေးငယ်များ၊ ကျောင်းသားကျောင်းသူများ လိမ္မာယဉ်ကျေးစေရန်နှင့် ဘာသာရေး အသိစိတ်ဓာတ်ရှိစေရန်ရည်ရွယ်ပြီး တစ်မြို့နယ်လုံးရှိ ဓမ္မစကူးလ်ကျောင်းတော်များကို ဖွင့်လှစ်သင်ကြားစေခဲ့သည်။ ဓမ္မစကူးလ်ကလေးငယ်များကို စေတနာအလှူရှင်များက အပတ်စဉ် အချိုရည်၊ အအေး၊ မုန့်များကို ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(iprd)**

# ၃၃၀၀၀ ဗို့ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်

**မန္တလေး မေ ၂၈**

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်လင်းဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက လမ်း ၃၀ / ပြင်ဦးလွင်မြို့ပတ်လမ်းမှ ၅၇ လမ်းကြားတွင် ၃၃၀၀၀ ဗို့ဓာတ်အားလိုင်းပေ ၆၆၀၀ ကို တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ၃၃၀၀၀ ဗို့ဓာတ်အားလိုင်း တိုးချဲ့တပ်ဆင်တည်ဆောက်ခြင်းကြောင့် ချမ်းအေးသာစံမြို့နယ် လျှပ်စစ်မန်နေဂျာရုံးဝင်းအတွင်းရှိ ဝါးခင်းကုန်းဓာတ်အားခွဲရုံတွင် လက်ရှိမြောက်ပြင်(အိုးဘိုအကျဉ်းဦးစီးမြောက်ဘက်)ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားရယူဖြန့်ဖြူးနေခြင်းအပြင် အောင်ပင်လယ်(၂၆-၂၈လမ်းကြား/ပြင်ဦးလွင်လမ်းထိပ်)ပင်မဓာတ်အားခွဲရုံမှလည်း ဓာတ်အားရယူနိုင်မည်ဖြစ်သဖြင့် ၃၃၀၀၀ ဗို့ ဓာတ်အားလိုင်းနှစ်လိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ဘိန်းအစားထိုးသီးနှံမျိုးစေ့ တောင်သူများသို့အခမဲ့ဖြန့်ဝေ

**ဖယ်ခုံ မေ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ် ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးနိုင်ရေးအတွက် သီးနှံမျိုးစေ့၊ ပျိုးပင်နှင့် ပညာပေးစာစောင်များ(အခမဲ့)ပေးအပ်ခြင်းအခမ်းအနားကို မေ ၂၅ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးမည့်မျိုးစေ့နှင့် ပျိုးပင်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ခေါင်းအိကျေးရွာအုပ်စု၊ ရီနွဲ့ကျေးရွာအုပ်စု၊ ရီလုံရီကန်ကျေးရွာအုပ်စု၊ အလယ်ကယန်းကျေးရွာအုပ်စု၊ ကယောကျေးရွာအုပ်စုနှင့် နားဟီးကျေးရွာအုပ်စုရှိတောင်သူများအား ပုလဲသွယ်စပါးမျိုး ၁၂၄ ဧကအတွက်လည်းကောင်း၊ ထောပတ်ပျိုးပင်များ၊ နဂါးမောက်ပျိုးပင်များ၊ ငရုတ်ကောင်းပျိုးပင်များကိုလည်းကောင်း စိုက်ပျိုးနည်းစနစ်ပညာပေးစာစောင်များနှင့်အတူ တာဝန်ရှိသူများက(အခမဲ့)ပေးအပ်ခဲ့ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက လက်ခံယူခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**






## အမည်ပြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ နားခိုက်ကျေးရွာအုပ်စု ထီအုံးစောက်ကျေးရွာမှ ဦးသာရ၏သား ဦးခွန်ထွက်ဖေအား ဦးခွန်အောင်သိန်း ၁၃/ဆဆန(နိုင်)၀၁၉၀၉၄ ဟု ပြောင်းလဲခေါ်ပါရန်

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ အကြီးတန်းစာရေး ဦးစိန်မောင် ၁၄/ကပန(နိုင်)၀၀၄၃၈၁၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းထောက်ခံစာအရ (၁၄-၈-၁၉၅၇)ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မွန်ပြည်နယ်မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အောင်သုခလမ်းနေ ဦးရန်ဟိန်း ၁၀/မလမ(နိုင်)၁၃၉၃၇၆ ၏သမီး အထကခွဲ အလက(၄)စတုတ္ထတန်း(B)မှ မခိုင်ခိုင်ထွန်းအား မသူဇာခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ကရင်ပြည်နယ် ဘားအံမြို့ အထက(ဘားကပ်)Grade 7(A)မှ မစန္ဒာမိုး၏ ဖခင်အမည်မှန်မှာ ဦးဟန်နိုင် ဖြစ်ပါသည်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မူဆယ်မြို့၊ ခရစ်ယာန်ရပ်ကွက်၊ အိမ်အမှတ် ခ/၄၆နေ (ဦးခင်မောင်)-ဒေါ်သန်းနွဲ့ ၁၃/လရန(နိုင်)၀၂၅၅၇၆ တို့၏ သား မောင်ဝင်းကျော်သူသည် မိဘများ၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ မိဘများစိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်ငွေနှင့်ပတ်သက်သောကိစ္စအဝဝတို့ကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**မိခင်- ဒေါ်သန်းနွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၉၀၀၆၆၊ ယာဉ်လက်ဝယ်ရှိသူ ဦးရာမား(ခ)လှထွန်း ၁၀/သထန(နိုင်)၁၅၇၇၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉C/၆၆၅၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/5771 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ခင် အမည်ဖြင့် ID.No-843967 ၂၆-၂-၂၀၁၅
ဦးသန်းထွန်း ID-706590 30-4-15
ဒေါ်မြအေး ID-706591 30-4-15
ကားပါမစ် စာရွက်များ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅-၅-၂၀၁၅ရက် နေပြည်တော်၌ ကျင်းပပြုလုပ်သည့်
နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင်
နိုင်ငံတော်အခွန်ဘဏ္ဍာအများဆုံး ထမ်းဆောင်ခဲ့သည့်အတွက်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
'အထူးဂုဏ်ဆောင်နိုင်ငံ့စွမ်းဆောင်ရည်ဆု'
နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်(ပထမဆု)
**'ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း'**အားလည်းကောင်း၊
နိုင်ငံတော်နှင့် ပြည်သူတို့၏လူမှုရေးကိစ္စရပ်များအား အားသွန်ခွန်စိုက်
ဆောင်ရွက်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
**'နိုင်ငံ့စွမ်းဆောင်ရည်ဆု'**
နိုင်ငံတော်နှင့် ပြည်သူတို့၏လူမှုရေးအကျိုးပြု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆုကို
**'ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်း ဖောင်ဒေးရှင်းဥက္ကဋ္ဌ
ဒေါ်နန်းလိုင်းခမ်း'**အားလည်းကောင်း
ဂုဏ်ပြုဆုများ ချီးမြှင့်ခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နောင်တွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး
သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံ၊ ဘာသာ၊ သာသနာ၊ လူမျိုးအကျိုးပြုဆိုင်ရာ
ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**အင်းလေးဒေသလုံးဆိုင်ရာ ပရိယတ္တိသာသနာပါလကအသင်း၊ အင်းလေး
သံဃသြဝါဒခံ သာသနာပါလဓမ္မဗိမာန်တော်တည်ဆောက်ရေးကော်မတီ၊ အင်းလေး**

ဆရာကောင်းမှ တပည့်ကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်း**

- **ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်းကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ၊ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိ ကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင် ထပ်မံယူရန် မလိုအပ်ပါ။ သို့သော် စာကျက်ချိန်ကို တိတိကျကျသတ်မှတ်ပြီး နေ့စဉ် သင်ပေးသမျှ သင်ခန်းစာများအား အချိန်မှန် ကျက်မှတ်လေ့ကျင့်ရန် (အထူး) အထူးလိုအပ်ပါသည်။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

**ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်**

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၁၉/၀၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ပညာရွှေရောင်လင်း / နေမင်းတံဆိပ်တော်

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

# ပညာနန်းတော်

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ

**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ**

- **အဆောင်မှူး(ဘွဲ့ရ) ဆရာ၊ ဆရာမများအလိုရှိပါသည်။**

စေတနာကောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်း**

- ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးကို နိုင်ငံကျော် ဆရာ၊ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၁-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၂-တန်း | ။ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၃-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၄-တန်း | ။ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | ။ | ၄၀၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ မှ ၁၂း၀၀ နာရီ | ၄၅၀၀၀ | ၃၀၀၀၀ |
| ၉-တန်း | ။ | ၅၀၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ။ | ၆၀၀၀၀ | ၄၀၀၀၀ |

- လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။ (ကျောင်းပြောင်း လက်မှတ်ကို ဇွန်လမှ ပေးပါ)

**ဇွန် ၄ ရက် ဖွင့်မည်**

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ။ ဖုန်း 01-577605 ကျောင်း - A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။ ဖုန်း 09 73036827, 09 47074649


## မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ် ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်း အသိပေးကြော်ငြာချက်

"အမှတ်(၅၃၁)၊ အခန်း(၈၀၅)၊ ရဲတံခွန်တာဝါ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၅၀၈၂၅၅" တွင် ဖွင့်လှစ်ထားရှိသော မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်(ယာယီရုံး)ရုံးခန်းကို ယခုအခါ "အမှတ်(၆၆)၊ ရုံးအမှတ်(၉)၊ မြန်မာ့ကျောက်မျက်ရတနာအရောင်းပြခန်းဝန်းအတွင်း၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ Fax-Ph: ၀၁-၆၅၈၁၀၅၊ ၀၉ ၂၅၈၄၉၇၂၇၉၊ ၀၉ ၂၅၈၄၉၇၂၈၀" သို့ (၁၀-၁၁-၂၀၁၄)တနင်္လာနေ့မှစတင်၍ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၁။ ဆေးနှင့်ဆေးပစ္စည်းများ
၂။ ဓာတ်ခွဲခန်းသုံးဆေးရည်များ
၃။ ဓာတ်မှန်ခန်းသုံးပစ္စည်းများ

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၁၉-၆-၂၀၁၅ရက်၊ ညနေ ၁၆း၀၀ နာရီထိ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဝယ်ယူမည့် ဆေးဝါး/ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရေးကော်မတီ**
**မြောက်ဥက္ကလာပဆေးရုံကြီး**
**ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၁-၉၆၉၀၂၉၅**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ |
|---|---|---|
| ၁ | 07/DHPI(P&W) 2015-2016<br>ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၊ မိုးမိတ်မြို့ရှောင် ဘေလီတံတားတည်ဆောက်ခြင်း | ၂၀၀ ပေ |
| ၂ | 08/DHPI(P&W) 2015-2016<br>အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ နားမခေါ်-တာလုံကျေးရွာ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်း | ၈ မိုင် |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၂၅-၅-၂၀၁၅ ရက် ၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** - ၁၅-၆-၂၀၁၅ ရက် ၁၅း၀၀နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊ အချိန်** - ၁၅-၆-၂၀၁၅ ရက် ၁၅း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀ ကျပ် နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**

## ယခင်ဆေးသိပ္ပံပညာဦးစီးဌာန

၁။ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန တက္ကသိုလ်များတွင် ဆေးအကြိုဘာသာရပ်များဖြစ်သော အောက်ဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသည့် နည်းပြ/သရုပ်ပြ(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးများ ဖြည့်စွက်ခန့်ထားရန် ရေးဖြေစာမေးပွဲကျင်းပမည့် ၂၁-၃-၂၀၁၅ ရက် (စနေနေ့)နှင့် ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)များတွင် မကျင်းပဖြစ်ကြောင်း ၁၄-၃-၂၀၁၅ရက်တွင် မြန်မာ့အလင်းသတင်းစာနှင့် ၁၅-၃-၂၀၁၅ရက်တွင် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

(က) မြန်မာစာဌာန
(ခ) အင်္ဂလိပ်စာဌာန
(ဂ) ရူပဗေဒဌာန
(ဃ) ဓာတုဗေဒဌာန
(င) ရုက္ခဗေဒဌာန
(စ) သတ္တဗေဒဌာန
(ဆ) သင်္ချာဌာန

၂။ ယခု အဆိုပါ နည်းပြ/သရုပ်ပြ ရာထူးများခန့်ထားနိုင်ရေး ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(က) **ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်/အချိန်** — **ဖြေဆိုရမည့်ဘာသာရပ်**
၁။ ၂၀-၆-၂၀၁၅ရက် (စနေနေ့) ၁၀း၀၀နာရီမှ ၁၂း၀၀နာရီ - ကျွမ်းကျင်မှုဘာသာရပ်
၂။ ၂၀-၆-၂၀၁၅ရက် (စနေနေ့) ၁၃း၀၀နာရီမှ ၁၅း၀၀နာရီ - မြန်မာစာ၊ အင်္ဂလိပ်စာ - အထွေထွေဗဟုသုတ

(ခ) **ရေးဖြေစာမေးပွဲပြုလုပ်မည့်နေရာ** - ဆေးတက္ကသိုလ်(၁) ရန်ကုန် (လမ်းမတော်)

၃။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် လမ်းမတော်တွင် ၁၈-၆-၂၀၁၅ရက်နှင့် ၁၉-၆-၂၀၁၅ရက်များတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

၄။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့ နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၅။ လူတွေ့နှုတ်ဖြေစာမေးပွဲကျင်းပမည့်ရက်ကို ရေးဖြေစာမေးပွဲအောင်စာရင်း ထုတ်ပြန်သည့်အခါ ထည့်သွင်းထုတ်ပြန်မည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉၊ Ext-၈၂၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ထုတ်ယူရမည့်ရက်** - ၁-၆-၂၀၁၅ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို ၁-၆-၂၀၁၅ ရက်မှ ၃၀-၆-၂၀၁၅ ရက်အထိ နေ့စဉ် ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၁၀၂၂၊ ၀၅၉-၂၁၃၄၈**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**ဟားခါးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ် ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ (ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း)၊ လျှပ်စစ်နှင့် စက်မှုပိုင်းဆိုင်ရာပစ္စည်းများဝယ်ယူခြင်းနှင့် ဓာတ်အားလိုင်းများတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသောကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ချင်းပြည်နယ်၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ၂၆-၅-၂၀၁၅ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၉-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ၀၇၀-၂၁၉၄၄
(ခ) ၀၇၀-၂၂၄၂၄

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်နယ်/ခရိုင်ရုံးများ၊ မြေသားလမ်းဆောင်ရွက်ရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) ပြည်နယ်ရုံး၊ သံကူကွန်ကရစ်(၂)ထပ်၊ (၈၂'×၇၆'×၂၂') ဟားခါးမြို့
(ခ) ဟားခါးခရိုင်ရုံး၊ သံကူကွန်ကရစ်(၁)ထပ်(၇၆'×၇၆'×၁၂')၊ ဟားခါးမြို့
(ဂ) ဖလမ်းခရိုင်ရုံး၊ သံကူကွန်ကရစ်(၁)ထပ်(၇၆'×၇၆'×၁၂')၊ ဖလမ်းမြို့
(ဃ) မင်းတပ်ခရိုင်ရုံး၊ သံကူကွန်ကရစ်(၁)ထပ်(၇၆'×၇၆'×၁၂')၊ မင်းတပ်မြို့
(င) ပလက်ဝ-ခဝဲရွာ ဆိုင်ကယ်လမ်း (၆/၀)မိုင်/ဖာလုံ၊ ပလက်ဝမြို့နယ်

၂။ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၁၉-၅-၂၀၁၅ရက်မှစ၍ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆေးရုံလမ်း၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၉-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ၎င်းရုံးသို့ပင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၇၀-၂၂၅၅၀၊ ၀၇၀-၂၂၅၅၁၊ ၀၉-၈၆၃၆၄၄၃

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စက်မှုလယ်ယာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ထွန်စက်ကြီးအပိုပစ္စည်းများ | 7Lot |
| (ခ) | ရိတ်သိမ်းခြွေလှေ့စက်အပိုပစ္စည်းများ | 3Lot |
| (ဂ) | ထယ်/ထွန်အပိုပစ္စည်းများ | 1Lot |
| (ဃ) | တာယာနှင့်ကျွတ်မျိုးစုံ | 1Lot |
| (င) | ဘက်ထရီ | 1Lot |
| (စ) | လက်တွန်းထွန်စက်အပိုပစ္စည်းများ | 3Lot |
| (ဆ) | စက်ဆီ၊ ချောဆီများ | 3Lot |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၉-၅-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၅ခုနှစ် ဇွန် ၂၆ရက် ၄း၀၀နာရီ ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ် ၅၀၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၃၁၂၄၃၊ ၀၆၇-၄၃၁၂၄၂၊ ၀၆၇-၄၃၁၂၄၅**

---


## ဘဏ်ဖွင့်၊ အရောင်းအဝယ်လုပ်ငန်း လုပ်ရန်ကောင်း

ရွှေပြည်သာမြို့အဝင်၊ အမှတ်(၄)လမ်းမကြီးအပေါ်၊ တညင်းကုန်းလမ်းဆုံ၊ ရထားသံလမ်းမှ တစ်မှတ်တိုင်ရှိ မြေကွက်

မျက်နှာစာ ပေ ၄၀×ပေ ၆၀ တွဲလျက်၊ နောက်တွင် ပေ ၁၀၀×ပေ ၆၀ အကွက်တွဲ L ပုံစံအကွက်ကြီး၊ ရှေ့မျက်နှာစာလမ်းမကြီးနှင့် နောက်လမ်းသွယ်ပေါက် လက်ရှိ ပေ ၂၀×ပေ ၅၀ show room နှင့် ပေ ၅၀×ပေ ၆၀ လုပ်ငန်းဂိုဒေါင်ပါရှိ။ လုပ်ငန်းသုံးပါဝါမီတာရှိ (ညှိနှိုင်းဈေး)

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၆၃၅၁၇၊ ၀၉-၇၃၀၄၂၆၄၅၊ ၀၉-၂၅၂၅၆၆၇၂၇**


---

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**
(က) စက်နှင့်စက်အရန်ပစ္စည်းများ - Fire Extinguisher(3)Items, Flexible Hose Pipe (23)Nos,Sewing Head (1)Set
(ခ) ကုန်ကြမ်းပစ္စည်းများ - (4 ½" x 6½" ) Plastic Bag (10,000)Lb, Candle Wick (5, 500)Viss
(ဂ) စက်ဆီ/ချောဆီ - Ultra Coolant Oil(400)Liter

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**
(က) ဓာတုဗေဒပစ္စည်းများ - Propylene Dichloride (PDC) (74)Kg

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၆-၂၀၁၅ ရက် ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## မိုးကုတ်ရတနာနယ်မြေ တစ်ပိုင်တစ်နိုင်ဖော်ထုတ် လုပ်ကွက်သက်တမ်းတိုးလျှောက်လွှာများ တင်သွင်းရန်

**ကြေညာချက် (၄/၂၀၁၅)**
**၁၃၇၇ခုနှစ် ကဆုန်လဆန်း ၁၃ရက်**
**(၂၀၁၅ခုနှစ် ဧပြီ ၃၀ရက်)**

အဆိုပါ ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲကြီးတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရိုးရာလက်ဝှေ့ကလပ်အသင်း ၁၅ ခုမှ လက်ဝှေ့ကျော် ၄၅ဦး ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်သည်။

ပထမနေ့ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ၆၃ ဒသမ ၅ ကီလို (လိုက်ဝယ်လ်သာတန်း) လေးပွဲ၊ ၅၇ ကီလို (ဖယ်သာဝိတ်တန်း) နှစ်ပွဲနှင့် ၅၄ ကီလို (ဘင်တန်ဝိတ်တန်း)နှစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး မေ ၃၁ ရက် ဒုတိယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ၇၁ ကီလို (လိုက်မစ်ဒယ်ဝိတ်တန်း)၌ သုံးဦးတည်း ဝင်ရောက် ယှဉ်ပြိုင်၍ ဆီမီးဖိုင်နယ်အဖြစ်တစ်ပွဲ၊ ၆၇ ကီလို (ဝယ်သာဝိတ်တန်း) ကွာတားဖိုင်နယ်ပွဲသုံးပွဲ၊ ၅၁ ကီလို (ဖလိုင်းဝိတ်တန်း) သုံးပွဲ၊ ၆၀ ကီလို(လိုက်ဝိတ်တန်း) နှစ်ပွဲ စုစုပေါင်းကိုးပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❒




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
R/488

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ မေ ၂၉ ရက်၊ သောကြာနေ့။




လူမှုစီးပွား

**မိုင်းကိုင်မြို့၏ အရှေ့စွန်းစွန်းမှ ရောင်နီထွန်းလေပြီ**

စာ - ၃



ပြည်တွင်းရေးရာ

**ဝယ်လိုအားကောင်းသော အစေ့ထုတ်ပြောင်းစိုက်ရန် ထယ်ရေးငင်**

စာ - ၄





# နွေရာသီ လှုပ်ခတ်မှုနဲ့ စတားလင်းရဲ့ အနာဂတ်

စာ - ၇

**စတားလင်းအနေနဲ့ လက်ရှိအသက်အရွယ်မှာ အခွင့်အရေး ဖန်တီးပေးနိုင်မှုဟာ မယှဉ်နိုင်တဲ့ ကစားသမားတွေကတော့ ဟာဇက်နဲ့ အိုဇေးလ်တို့ပဲရှိပါတယ်။ ဒါပေမယ့် ဒီနှစ်ရာသီမှာ လီဗာပူးအသင်းအနေနဲ့ ဂိုးရရှိဖို့အတွက် ရုန်းကန်နေရတဲ့ အခြေအနေတွေနဲ့ ရလဒ်တွေဆိုးရွားနေတဲ့ အခြေအနေမှာတောင် စတားလင်းအနေနဲ့ အခုလောက် စွမ်းဆောင်နိုင်တာက အတိုင်းထက်အလွန် ကောင်းလွန်းနေတယ်လို့ .....**



ဖယ်ကာအို၏ မန်ယူကစားသမားဘဝ အဆုံးသတ်ပြီဟု မန်ယူအသင်းအသိပေး

.................



ဘာစီလိုနာ ချန်ပီယံဖြစ်မှု နောက်ကွယ်က လာလီဂါရဲ့ မနက်ဖြန်

................................ စာ - ၂



အက်ဖ်အေဖလားဖိုင်နယ်ပွဲကို အာဆင်နယ်တိုက်စစ်မှူး ဝဲလ်ဘတ် လွဲချော်ဖွယ်ရှိနေ

................................ စာ - ၇

PUN HLAING SILOAM HOSPITALS

မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု

LIKE US ON facebook Pun Hlaing Hospital

အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကိုနိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ.....

- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း နှင့်
- အခြားအရိုးရောဂါများကိုကုသခြင်း

ဇွန်လ ( ၄ ) ရက်နေ့မှ ( ၈ ) ရက်နေ့အထိ



ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁ Email : marketing-phih@spa-mm.com

**လာ**လီဂါမှာ ဘာစီလိုနာချန်ပီယံဖြစ်တယ်။ အဲဒါနဲ့ပတ်သက်ပြီး ဘာများပြောစရာရှိသလဲ။ အထူးသဖြင့် လာလီဂါဟာ ဒီနှစ်လည်းကျိုးပြီးသား ခေါက်ရိုးကြားက ရုန်းမထွက်နိုင်ခဲ့ဘူး။ ဖြစ်နေကျအတိုင်း ဒီနှစ်လည်း ရီးရဲနဲ့ဘာစီလိုနာတို့သာ အားပြိုင်ခဲ့တဲ့ပွဲပဲ။ ဘာစီလိုနာက ချန်ပီယံဖြစ်တယ်။ ရီးရဲက ရာသီတစ်လျှောက်လုံး နံပါတ်တစ်စိန်ခေါ်သူအဖြစ်ရှိခဲ့တယ်။ ဒီလောက်ပဲ။ အဲဒီထက်ပိုပြီး ဘာမျှထပ်ပြောစရာမရှိဘူးဆိုတော့။ လာလီဂါရဲ့ မွဲပြာပုဆိုးဇာတ်။ အဲဒါဟာ လူပြောသူပြောများလာတယ်။ ဘာကြောင့်လဲ အရှင်းဆုံးပြောရရင် မနှစ်က လာလီဂါမှာ အက်သလက်တီကို ချန်ပီယံဖြစ်တယ်။ ဒီနှစ် အဲဒီချန်ပီယံ အက်သလက်တီကိုက ချန်ပီယံဆုကို ကာကွယ်နိုင်ဖို့မဆိုထားနဲ့ စိန်ခေါ်သူတောင်မဖြစ်ခဲ့ဘူး။ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်အတွက်တောင် အနိုင်နိုင်ရုန်းခဲ့ရတဲ့အခြေအနေ။ ဒီတော့ အက်သလက်တီကို ဘာဖြစ်ခဲ့သလဲ။ အဲဒါဟာ လာလီဂါအတွက် အဖြေပဲလို့ အကောက်အယူလုပ် ယုံကြည်လက်ခံကြတယ်။

# ဘာစီလိုနာ ချန်ပီယံဖြစ်မှုနောက်ကွယ်က လာလီဂါရဲ့မှန်ကန်ဖြန်



အထူးသဖြင့် အဲဒါကို ရာသီအစကတည်းက ကျွမ်းကျင်သူတွေက သုံးသပ်ခဲ့ပြီးသား။ အရှင်းဆုံးပြောရရင် အက်သလက်တီကိုဟာ မနှစ်က အက်သလက်တီကိုမဟုတ်တော့ဘူး။ ခနအင်အားနဲ့ ဖြိုခွဲမှုအောက်မှာ စနစ်တကျဖျက်ဆီးခံလိုက်ရတဲ့ အက်သလက်တီကိုဖြစ်လာတယ်။ အသင်းရဲ့ အဓိကအားသုံးခုကို တစ်ပြိုင်နက် ဆုံးရှုံးခဲ့ရတယ်။ တကယ်တမ်းပြောရမယ်ဆိုရင် အက်သလက်တီကိုဟာ ချန်ပီယံဖြစ်ပြီးတဲ့နောက်မှာ သူတို့ရဲ့ ဖွဲ့တည်မှုနဲ့ အဝန်းအဝိုင်းကို ပိုပြီး တိုးချဲ့ယူပြီး ရပ်တည်မှုကို ခိုင်မာသထက်ခိုင်မာအောင် လုပ်ယူရမယ့်အစား သူတို့ရဲ့အလုံးအရပ်က ပိုလျော့သွားခဲ့တယ်။

အဓိကကတော့ ခနပိုင်းဆိုင်ရာ တောင့်တင်းခိုင်မာမှုမရှိခြင်းဘဲ။ အဲဒါဟာ အက်သလက်တီကိုအတွက် အဖြေဖြစ်သလို လာလီဂါအတွက် အဖြေတစ်ခုလို့လည်းဆိုနိုင်တယ်။ ပြောမယ်ဆိုရင် လာလီဂါမှာ ဝင်ငွေပိုင်း ကွာဟမှုက သိပ်ကို ကြီးမားခြားနားလွန်းတယ်။ အဓိကကတော့ ရုပ်သံလွှင့်ခ ခွဲဝေမှုမှာ မမျှမတဆက်ဆံခံရခြင်းပဲ။ အရှင်းဆုံးပြောရရင် လာလီဂါရုပ်သံထုတ်လွှင့်ခရငွေအများစုကို ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာက အများဆုံးလက်ဝါးကြီးအုပ်ထားခဲ့တာ။ မနှစ်ကဆိုရင် ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာက ရုပ်သံလွှင့်ခဝင်ငွေအဖြစ် တစ်သင်းကို ယူရိုသန်း ၁၄၀ စီရကြတယ်။ အဲဒီလိုအချိန်မှာ ချန်ပီယံဖြစ်သွားတဲ့ အက်သလက်တီကိုက ယူရို သန်း ၄၀ ကျော်တယ်ဆိုရုံလေးပဲရတယ်။ တန်းဆင်းသွားရတဲ့ အယ်လ်မာရီဆိုရင် ယူရို ၁၈ သန်းပဲရတယ်။ ဘယ်လောက်အထိကွာဟမှုရှိသလဲ။

ပြောမယ်ဆိုရင် သာမန်အသင်းတစ်သင်းအတွက် ရုပ်သံထုတ်လွှင့်ခဝင်ငွေဆိုတာ အသင်းရဲ့ ပင်မရေသောက်မြစ်ပဲ။ ဘာကြောင့်လဲဆိုရင် အသင်းတစ်သင်းမှာ ကွင်းဝင်ကြေး၊ အမှတ်တရပစ္စည်းရောင်းချမှုနဲ့ စပွန်ဆာစာချုပ် ချုပ်ဆိုမှုဆိုတဲ့ အခြားအခြားသော ဝင်ငွေတွေရှိသော်ငြား အဲဒီလို သာမန်အသင်းတစ်သင်းအတွက် အဲဒီဝင်ငွေတွေဟာ ထိထိရောက်ရောက်မရှိဘူး။ လုံလုံလောက်လောက်မဖြစ်ဘူး။ အရှင်းဆုံးပြောရရင် အယ်လ်မာရီယာရဲ့ အခြေအနေကိုပဲကြည့်၊ အသင်းရဲ့အမည်နာမဟာ ပြည်တွင်းလောက်ကိုမကျော်ဘူး။ အဲဒီမှာ ပရိသတ်အခိုင်အမာရှိမှုအားနည်းတယ်။ ပြီးတော့ အိမ်ကွင်းမှာ နှစ်သောင်းကျော်လောက်သာ ဝင်ဆံ့တယ်။ အဲဒီမှာ အယ်လ်မာရီယာအနေနဲ့ ကွင်းဝင်ကြေး၊ ဂျာစီ ရောင်းချမှု၊ စပွန်ဆာ စာချုပ်၊ အမှတ်တရပစ္စည်းရောင်းချမှုဆိုတဲ့ အခြားဝင်ငွေရပေါက်ရလမ်းဆိုတာ အများကြီးမျှော်လင့်နိုင်စရာမရှိဘူး။ ဒီတော့ သူတို့မှာ အားပြုရာဆိုတာ ရုပ်သံထုတ်လွှင့်ခွင့်ရငွေသာရှိပြီး အဲဒီမှာ အဲဒီလို အဓိကအားထားရတဲ့ ရုပ်သံထုတ်လွှင့်ခွင့်ဆိုတာကလည်း ခေါင်းပုံဖြတ်ခံရမှုနဲ့အတူ ထိထိမိမိမရှိတဲ့အခါ အသင်းတိုးတက်ရေးနဲ့ ချဲ့ထွင်နိုင်ရေးအတွက် အတော်ခက်သွားရတယ်။


ပြောမယ်ဆိုရင် အဲဒီလိုဒဏ်ကို အယ်လ်မာရီယာလို အောက်အသင်းတွေသာ ခံရတာမျိုးမဟုတ်ဘူး။ ဗလင်စီယာ၊ အက်သလက်တီကိုတို့လို ချန်ပီယံ အဝန်းအဝိုင်းအတွင်း တိုးဝင် စိန်ခေါ်နိုင်တဲ့ အသင်း တွေကအစ ခံနေကြရတာ။ ဗလင်စီယာဆိုရင် ရည်ရွယ်ချက်ကြီးကြီးထားပြီး ကစားသမားကောင်းတွေ ခေါ်ခဲ့ပေမယ့် ဝင်ငွေနဲ့ထွက်ငွေမမျှတော့ အသင်းက တဖြည်းဖြည်း အကြွေးနွံမှာ နစ်လာပြီး ပြိုမလိုတောင်ဖြစ်လာတယ်။ အက်သလက်တီကိုဆိုရင်လည်း ပြောခဲ့ပြီးသလို ထပ်ဖြည့်ရမယ့်အချိန်မှာ မဖြည့်နိုင်တဲ့အပြင် အနုတ်သဘောဆောင်သွားတော့ ဒီနှစ် မနှစ်က အဆင့်မျိုးမရဘူး။ ဒီအတိုင်းဆိုရင် ထပ်ထပ်ကျရှုံးကလွဲလို့ အခြားမရှိဘူးလို့လည်း တွက်ကြတယ်။

အရှင်းဆုံးပြောရရင်တော့ အခြေခံပြဿနာဟာ ဝင်ငွေမညီမျှခြင်းပဲ။ အဲဒီရဲ့ အကျိုးဆက်အဖြစ် ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နဲ့ ကျန် ၁၈ သင်းက ကွာသထက် ကွာကွာလာတယ်။ ရီးရဲ၊ ဘာစီလိုနာတို့က တစ်ရာသီကို ပေါင် သန်း ၁၀၀ က နေ ပေါင် သန်း ၂၀၀ ကြား အသုံးပြုအားဖြည့်နေချိန်မှာ ဗလင်စီယာ၊ အက်သလက်တီကို၊ ဆီဗီလာတို့လို အသင်းတွေကအစ အသင်းကို တိုးတက်ရာတိုးတက်ကြောင်း ချဲ့ထွင်ဖို့ထက် ရှိပြီးသားအလုံးအရပ် လျော့မသွားအောင်တောင် မနည်းကျားကန်နေရတော့ လိဂ်ရဲ့ ပြိုင်ဆိုင်မှု အရည်အသွေးကိုပါ ထိခိုက်မှုပြင်းလာတယ်။ ဒီနှစ် ဘောလုံးရာသီတစ်လျှောက်လုံးကို ပြန်ကြည့်ရင် လာလီဂါအမှတ်ပေးဇယားကို ဒီရီးရဲနဲ့ ဘာစီလိုနာ နှစ်သင်းတည်းကသာ လွှမ်းမိုးခဲ့တာ။ ပွဲစဉ်(၁)ကနေပြီး ဆုံးသွားတဲ့ပွဲစဉ်(၃၈)အထိ ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာမဟုတ်တဲ့ အခြားအသင်းတစ်သင်း အမှတ်ပေးဇယားကို ဦးဆောင်ခဲ့တာဆိုလို့ တစ်ကြိမ်ပဲရှိတယ်။ အဲဒါက ပွဲစဉ်(၅)မှာ ဗလင်စီယာက ဦးဆောင်သူတက်ဖြစ်ခြင်းပဲ။ ဒါတောင် ပွဲစဉ်(၆)လည်းပြီးရော ဦးဆောင်သူက ဘာစီလိုနာပြန်ဖြစ်တယ်။ ချန်ပီယံ အက်သလက်တီကိုဆိုရင် ပြိုင်ပွဲကို တစ်ကြိမ်မှတောင် ဦးဆောင်ခွင့်မရခဲ့ဘူး။

ဒီတော့ လာလီဂါပုံရိပ်ကို ဆွဲမြှင့်ဖို့နဲ့ ဘာစီလိုနာရဲ့ပြိုင်ဆိုင်မှုကို မြှင့်တင်ဖို့ဆိုရင် အက်သလက်တီကို၊ ဗလင်စီယာ၊ ဆီဗီလာတို့လိုအသင်းတွေကို ပိုပြီးရပ်တည်နိုင်အောင် ဖန်တီးပေးနိုင်ဖို့လိုတယ်။ အဲဒီလိုလုပ်ဖို့ဆိုရာမှာလည်း အသင်းတွေရဲ့ ပင်မဝင်ငွေဖြစ်တဲ့ ရုပ်သံထုတ်လွှင့်ခွင့်ရငွေကို ပရီမီယာလိဂ်လို မျှမျှတတဖြစ်အောင် ဖန်တီးပေးနိုင်ဖို့လိုတယ်။ ဒါမှသာ အသင်းတွေဝင်ငွေခိုင်ခိုင်ခန့်ခန့်ရှိပြီး အသင်းကိုချဲ့ထွင်နိုင်ကာ တုံ့ပြန်အန်တုနိုင်မှုရှိမယ်။ ဒီလိုမှမဟုတ်ဘဲ အခုအတိုင်းဆက်သွားနေရင် လာလီဂါဟာ တစ်ခါလာ မွဲပြာပုဆိုးဇာတ်နဲ့ပုံရိပ်ဟာ တဖြည်းဖြည်းမှေးမှိန်လာဖို့သာ ရှိမယ်လို့ ဆိုရင်း . . . . . . ။

➤ ဝေမိုးဆက်

# ဖယ်ကာအို၏ မန်ယူကစားသမားဘဝ အဆုံးသတ်ပြီဟု မန်ယူအသင်း အသိပေး



**ဖယ်ကာအို၏ ပရီမီယာလိဂ်ပြိုင်ပွဲ စွမ်းဆောင်နိုင်မှု**

| | | |
|---|---|---|
| ကစားခဲ့သည့်ပွဲပေါင်း | - | ၂၆ ပွဲ |
| ကစားခွင့်ရခဲ့သည့် မိနစ်ပေါင်း | - | ၁၂၈၆ မိနစ် |
| သွင်းယူခဲ့သည့် ဂိုးပေါင်း | - | ၄ ဂိုး |
| ဂိုးတစ်ဂိုးရရန် ကြာချိန် | - | ၃၂၂ မိနစ် |
| ဂိုးပေါက်တည့်မှု | - | ၁၆ ကြိမ် |
| ဂိုးပေါက်လွဲချော်မှု | - | ၁၃ ကြိမ် |

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် တိုက်စစ်မှူး ဖယ်ကာအိုအား သူ၏ မန်ယူကစားသမားဘဝ အဆုံးသတ်ပြီဖြစ်ကြောင်း တရားဝင်အသိပေးပြောဆိုလိုက်ပြီဖြစ်သည်။ မန်ယူအသင်းက ပြီးခဲ့သည့် မေ ၂၄ ရက်တွင် ဟားလ်စီးတီးနှင့် ဂိုးမရှိသရေကျခဲ့သော ၂၀၁၄-၁၅ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ ရာသီပိတ်ပွဲအပြီးတွင် ကိုလံဘီယာတိုက်စစ်မှူး ဖယ်ကာအိုအား ယခုကဲ့သို့ အသိပေးပြောဆိုခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း မန်နေဂျာ လူးဝစ်ဗန်ဟားလ်ကလည်း ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပြုလုပ်ခဲ့သောအစည်းအဝေးတစ်ခု၌ မန်ယူအသင်းအနေဖြင့် ဖယ်ကာအိုအား ဆက်လက်ခေါ်ယူထားမည်မဟုတ်တော့ကြောင်း၊ တိုက်စစ်မှူး ဖယ်ကာအိုကို အသိပေးပြောဆိုခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

မန်နေဂျာ ဗန်ဟားလ်က ‘‘ဖယ်ကာအိုဟာ ထိပ်တန်းပရော်ဖက်ရှင်နယ် ကစားသမားပါ။ မန်ယူမှာရှိတဲ့သူတွေအားလုံးကလည်း သူ့ကို ချစ်ခင်မှုရှိပါတယ်။ ဖယ်ကာအိုအနေနဲ့ အနာဂတ်မှာ ကောင်းမွန်မှုတွေရရှိပါစေလို့ ဆန္ဒပြုပါတယ်’’ဟု ပြောဆိုခဲ့သည်။

မိုနာကိုအသင်းမှ မန်ယူသို့အငှားဖြင့် လာရောက်ကစားနေသည့် တိုက်စစ်မှူး ဖယ်ကာအိုသည် မန်ယူမှထွက်ခွာရရန် သေချာသွားပြီးနောက် အခြားပရီမီယာလိဂ်ကလပ် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေပြီး လန်ဒန်အခြေစိုက်ကလပ်တစ်သင်းသို့ ရောက်ရှိဖွယ်ရှိနေသည်ဟု ဆိုသည်။ သို့သော်လည်း တိုက်စစ်မှူး ဖယ်ကာအိုအနေဖြင့် ပရီမီယာလိဂ်ကလပ်တစ်သင်းတွင် ပါဝင်ခွင့်ရရှိရေးအတွက် မန်ယူတွင်ရရှိခဲ့သော တစ်ပတ်လုပ်ခငွေ ပေါင် ၂၈၀၀၀၀ အား လျှော့ယူရဖွယ်ရှိနေသည်။

တိုက်စစ်မှူး ဖယ်ကာအိုသည် မန်ယူတွင် ဆက်လက်ကစားရန် ဆန္ဒရှိသော်လည်း မန်နေဂျာ ဗန်ဟားလ်က ၂၀၁၄-၁၅ ခုနှစ် ဘောလုံးရာသီတွင် မန်ယူအတွက် စုစုပေါင်း ၂၉ ပွဲ ပါဝင်ကစားခဲ့ရာတွင် လေးဂိုးသာသွင်းယူနိုင်ခဲ့သည့် စွမ်းဆောင်ရည်သည် မန်ယူ၌ ဆက်လက်ပါဝင်ရန်မလုံလောက်ဟု တိုက်စစ်မှူး ဖယ်ကာအိုအား အသိပေးပြောဆိုခဲ့သည်။

မန်ယူမှ တိုက်စစ်မှူး ဖယ်ကာအိုထွက်ခွာမည်ဟု အတည်ပြုခဲ့ပြီးနောက် မန်ယူအသင်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည့် အသင်းကစားသမားစာရင်းမှ ဖယ်ကာအို၏ အမည်နှင့်ဓာတ်ပုံကို ဖယ်ရှားခဲ့သည်။ ■ အောင်က

ရှမ်းပြည်နယ်

# မိုင်းကိုင်မြို့၏ အရှေ့စွန်းစွန်းမှ ရောင်နီထွန်းလေပြီ



**ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်သည် လွိုင်လင်-ပန်ကေတု-သီပေါလမ်းမပေါ်တွင်တည်ရှိပြီး ရှမ်းပြည်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ကို ဆက်စပ်ပေးသည့် ကြားခံမြို့တစ်မြို့လည်းဖြစ်ပြီး သမိုင်းဝင် ရွှေမြင်ထင်မွေတော်ဘုရားကြီးကို တည်ထားကိုးကွယ်လျက်ရှိသော နေရာလည်းဖြစ်သည်။**

မြို့ပေါ်ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကျေးရွာပေါင်း ၃၄၈ ရွာ၊ လူဦးရေ ၆၁၆၃၃ ဦးနှင့် လယ်ယာစိုက်ပျိုး မြေဧက ၄၀၅၇၁ ရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် မြို့တစ်မြို့ဖြစ်ကြောင်း ထင်ရှားပေါ်လွင်လှပေသည်။

ဒေသတွင်း ထူးခြားသည့် လက်မှုပညာပစ္စည်းများဖြစ်သော ခုံမတ်မှုံကျေးရွာတွင် ဝါးခမောက်လုပ်ငန်း၊ ကုန်းကန်ကျေးရွာတွင် ရေတကောင်းလုပ်ငန်း၊ ဟိုနားကျေးရွာတွင် စဉ့်အိုးလုပ်ငန်း၊ နောင်အုံကျေးရွာတွင် ဓားလုပ်ငန်းစသည့် အသေးစား လက်မှုပညာလုပ်ငန်းများရှိသည့်အပြင် ချိုမြိန်လတ်ဆတ်သော သဘာဝအရသာများနှင့် ပြည့်စုံသည့် လိမ္မော်၊ နာနတ်၊ လက်ဖက်စသည့်ဒေသထွက်သီးနှံများ ဖြစ်ထွန်းပြီး မြို့နယ်အတွင်းရှိ ဒေသတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် ပြည်သူများပူးပေါင်းမှုဖြင့်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်လာကြသည်။

**ပညာရေးကဏ္ဍ**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးကျောင်းမှ အမကခွဲ အဆင့်တိုး ၁၇ ကျောင်း၊ အမကမှ မူလွန်အဆင့်တိုး ခြောက်ကျောင်း၊ ပေ (၆၀×၃၀) အုပ်ညှပ် RC တစ်ထပ်ကျောင်းဆောင်သစ် ငါးကျောင်းတို့ကို တိုးချဲ့နိုင်ခဲ့သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းဆောင်သစ် အဆောက်အအုံ သုံးကျောင်း၊ ဥပဓိရုပ်ပြင်ဆင်မှုတစ်ကျောင်း၊ မူကြိုကျောင်းဆောင်သစ် လေးကျောင်းတို့ကို ထပ်မံတိုးချဲ့ဆောက်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်။

**ကျန်းမာရေးကဏ္ဍ**

မိုင်းကိုင်မြို့နယ်၏ ကျန်းမာရေးကဏ္ဍအနေဖြင့် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကျန်းမာရေးဌာန တစ်ခု ၊ ကျေးလက်ကျန်းမာရေးဌာနသုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၀ ခုရှိသည်။ ဆရာဝန်နှင့် လူဦးရေ အချိုး ၁း၇၂၈၆၃၊ သူနာပြုဆရာမနှင့် လူဦးရေ အချိုး ၁း၄၅၅၃၊ လက်ထောက် ကျန်းမာရေးမှူးနှင့် လူဦးရေအချိုး ၁း၂၄၂၈၈ သာ ရှိခဲ့သဖြင့် ကျန်းမာရေးလွှမ်းခြုံမှုပေးရာတွင် နည်းနည်းနှင့် ကျဲကျဲဆောင်ရွက်ရသည့် အနေအထားရှိခဲ့သည်။

ထို့ကြောင့် ကျန်းမာရေးလွှမ်းခြုံမှု ပိုမိုရရှိစေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရဘတ်ဂျက် ငွေကျပ်သိန်းပေါင်း ၂၄၀၀ ဖြင့် ဝမ်မိုင်း၊ မိုင်းခွန်၊ ဝမ်ပွေ့အွမ်၊ ကုံးလုံး ကျန်းမာရေးဌာနခွဲ လေးခု ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် အရန်သားဖွားဆရာမသင်တန်းနှင့် မွမ်းမံသင်တန်း၊ လူထုကျန်းမာရေးလုပ်သားသင်တန်းနှင့် မွမ်းမံသင်တန်းများကိုလည်း လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ရေရရှိရေး**

မြို့နှင့် ကျေးလက်နေပြည်သူများ အဓိကအားထားရသည့် လယ်ယာစိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရ၏ ဒေသဖွံ့ဖြိုးရေး ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၃၀၀၊ စေတနာရှင် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၅၀၀ ဖြင့် စော်ဘွားကန်ကြီးကို ပြန်လည်ပြုပြင် တူးဖော်ခြင်း၊ လယ်ယာမြေဧက ၁၆၉၀ နှင့် တောင်သူဦးရေ ၄၀၀ ကျော်ကို အကျိုးပြုစေသည့် ဖိုင်မိုင်းဆည်နှင့် လယ်ယာမြေ ဧက ၈၃၀ ဒသမ ၉၉ ဧက၊ တောင်သူဦးရေ ၁၅၀ ကျော်ကို အကျိုးပြုသည့် ကုန်းဆာဆည်တို့ကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေကျပ်သန်းပေါင်း ၁၅၀ ဖြင့် ကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးခြင်း၊ မိုးစပါးစိုက်စရိတ် ချေးငွေကျပ်သိန်းပေါင်း ၁၇၀၀ ကို တောင်သူ ၂၈၅ ဦး တို့အား ထုတ်ချေးပေးနိုင်ခြင်း၊ စိမ့်စမ်းရေ သွယ်ယူခြင်းဖြင့် ကျေးလက်ရေပေးရေး ကျေးရွာ ငါးရွာတို့ကို သောက်သုံးရေဖူလုံမှု ရရှိစေရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍ**

ယခုက မြို့နယ်ချင်းဆက် လမ်းများဖြစ်သော လွိုင်လင်-ပန်ကေတု-သီပေါ ကတ္တရာလမ်းကို ပြန်လည်ပြုပြင်ခြင်း၊ လမ်းတစ်လျှောက်ရှိ ပေ ၁၀၀ တံတားတစ်စင်း၊ ပေ ၉၀ တံတားတစ်စင်း၊ ပေ ၉၀ အောက် တံတားငါးစင်းတို့ကို မူလသစ်သားတံတားမှ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးခြင်း၊ မိုင်းကိုင်မြို့တွင်းလမ်း နှစ်မိုင်ကို ၁၂ ပေ လမ်း မှ ၁၈ ပေ လမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ ဟိုပုံး-ဖလန်း-မိုင်းလင်း-တုံလောလမ်းပိုင်း လေးမိုင် လေးဖာလုံကို မြေသားလမ်းမှ အမာခံလမ်းအဖြစ် ခင်းကျင်းပေးခြင်းနှင့် ၎င်းလမ်းတစ်လျှောက်တွင် (၅× ၂၆) ပေ ကျောက်စီကမ်းကပ်ခုံ သံကူကွန်ကရစ် ရေထုတ်ပြွန် ၁၅ စင်းကို တည်ဆောက်ပေးခြင်း၊ ကွန်ဟိန်း-မိုင်းနောင်-ကျေးသီး-ပန်ကေတုလမ်းပိုင်းရှိ ပန်ကေတုနှင့် ဟမ်းငိုင်းကျေးရွာ နှစ်ရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးရွာချင်းဆက် လမ်းများဖြစ်သော မိုင်းကိုင်-ကတ်ဖွီးလမ်း လေးမိုင်ကို အမာခံလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ မိုင်းကိုင်-မတ်လန်းလမ်း တစ်မိုင် လေးဖာလုံ၊ မိုင်းကိုင်-ကုံးလုံးလမ်း သုံးမိုင်နှစ်ဖာလုံတို့ကို ကျောက်ချောလမ်းအဖြစ် ခင်းကျင်းခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် ရှေးယခင်ကထက် တိုးတက်ပြောင်းလဲမှုများရှိလာပြီ ဖြစ်သည်။

**လျှပ်စစ်မီးလင်းရေးကဏ္ဍ**

မိုင်းကိုင်မြို့တွင် ၁၉၈၉ ခုနှစ်မှစ၍ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် မြို့ပေါ်ရပ်ကွက် နှစ်ခုကိုသာ အလင်းရောင်ရရုံ ချွေတာသုံးစွဲနေရပြီး တစ်နေ့နှစ်နာရီနှုန်းဖြင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနေရာမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစ၍ ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် မြို့ပေါ်ရပ်ကွက် ငါးခု ၊ ဝမ်ဖွီးကျေးရွာအုပ်စု၊ ဆင်ခြေဖုန်းမြောက်ကျေးရွာအုပ်စု၊ ဆင်ခြေဖုန်းရှေ့ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာအထိ လျှပ်စစ်ဓာတ်အားများဖြန့်ဖြူးပေးပြီး အိမ်သုံးမီတာ၊ ပါဝါမီတာများတပ်ဆင်၍ စားဝတ်နေရေးအတွက်သာမက စီးပွားရေးလုပ်ငန်းများအတွက်ပါ အသုံးပြုနိုင်ပြီ ဖြစ်သည်။

ကျေးလက်မီးလင်းရေးနှင့် ပတ်သက်၍ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဦးစီးဌာန၏ ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ငွေကျပ်သန်းပေါင်း ၁၂၄ ဒသမ ၀၈၉ ဖြင့် ရေအားလျှပ်စစ် ၆၆ ရွာ ၊ ငွေကျပ်သန်းပေါင်း ၈၉ ဒသမ ၂ ဖြင့် ဆိုလာမီးလင်းရေး ငါးရွာတို့ကိုဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် အမည်နာမအမျိုးမျိုးဖြင့် တင်စားခေါ်ဆိုခြင်းခံခဲ့ရသည့် မိုင်းကိုင်မြို့၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သော မိုင်းကိုင်မြို့သည် ယခုအခါတွင် ရေတဖွေးဖွေး တေးတကြော်ကြော်နှင့် လုပ်ငန်းခွင်ဝင်နေသည့်တောင်သူများ၊ စာအံသံတညံညံနှင့် ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများ၊ လျှပ်စစ်မီးရောင် ထိန်ထိန်လင်း၍ လူနေမှုအဆင့်အတန်းမြင့်မားလာသော ပြည်သူများ၊ ကျန်းမာရွှင်လန်းစွာဖြင့် ဝမ်းမြောက်ဝမ်းသာရှိနေသည့် ပြည်သူတို့၏ မြင်ကွင်းများကိုကြည့်ရှုခြင်းအားဖြင့် "မိုင်းကိုင်မြို့၏အရှေ့စွန်းစွန်းမှ ရောင်နီထွန်းလေပြီ" ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

---

**စစ်ကိုင်းတိုင်းဒေသကြီး**

## ကန့်ဘလူမြို့နယ်၌ အလက(ခွဲ)ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီး

အခြေခံပညာကို လူတိုင်းသင်ယူခွင့်ရရှိစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာနေရာဒေသများတွင် ကျောင်းသား ကျောင်းသူများ၊ မိဘများ အခက်အခဲမဖြစ်စေရန် နိုင်ငံတော်မှ ကျောင်းများအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် ဘတ်ဂျက်ငွေကြေးများ ငွေလုံးငွေရင်းဖြင့် တိုးမြှင့်ချထားပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် လိတ္ထူကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ နှစ်ထပ်အာရ်စီကျောင်းဆောင်သစ်ကို စက်တင်ဘာလက စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၅ ခုနှစ် ပညာသင်နှစ်အမီ ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်ထပ်အာရ်စီကျောင်းဆောင်သစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ပညာရေးရန်ပုံငွေဖြင့် ပြည့်ဝခိုင်မာကုမ္ပဏီက တင်ဒါယူ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းကျောင်းဆောင်သစ်သည် ပေ(၁၃၀×၃၀)ရှိပြီး ကန့်ဘလူမြို့နယ်တွင် ပထမဦးဆုံးဆောက်လုပ်သည့်ကျောင်းဖြစ်သည်။

လိတ္ထူကျေးရွာအပြင်အနီးဝန်းကျင်ရှိ ကိုင်းတော၊ အင်ကြင်းစု၊ အင်ကြင်းမြိုင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ လာရောက်ပညာသင်ကြားလျက်ရှိသည်။ ၎င်းလိတ္ထူရွာ အလက(ခွဲ)ကျောင်း၌ ယခင်နှစ်က သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားကျောင်းသူပေါင်း ၃၉၂ ဦး တက်ရောက်ပညာသင်ကြားခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)

# ဝယ်လိုအားကောင်းသော အစေ့ထုတ်ပြောင်းစိုက်ရန် ထယ်ရေးငင်



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အရှေ့တောင်ခြမ်းဒေသ၊ မြောက်ခြမ်းနှင့်အနောက်ခြမ်းဒေသတို့မှ ပြောင်းစိုက်တောင်သူများသည် အိမ်နီးချင်းနိုင်ငံဈေးကွက်များမှ ဝယ်လိုအားကောင်းနေသဖြင့် စီပီအစေ့ထုတ်ပြောင်းများ စိုက်ပျိုးရန် ထွန်ရေး၊ ထယ်ရေးငင်လုပ်ငန်းခွင်ဝင်လျက်ရှိသည်ကို တိန်းချေတီးစံကျေးရွာအုပ်စု ကွန်ကျောင်းကျေးရွာ၌ မေ ၂၅ ရက်က တွေ့ရသည်။ **(အပေါ်ပုံ)**

စီပီအစေ့ထုတ်ပြောင်းစိုက်ပျိုးရေးလုပ်ငန်းများကို ရေသွင်းစိုက်ပျိုးမှုများပြုလုပ်စိုက်ပျိုးကာ သွင်းအားစုပံ့ပိုးမှုများလည်း ရှိနေသဖြင့် ရာသီမရွေးစိုက်ပျိုးလျက်ရှိသည်။ ယခုအခါ ရှမ်းပြည်နယ်ဒေသများတွင် မိုးစတင်ရွာသွန်းနေပြီဖြစ်၍ မိုးစပါးများ စိုက်ပျိုးခြင်းမပြုသေးမီ တောင်သူများအစေ့ထုတ်ပြောင်းများ စိုက်ပျိုးရန်အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီပီအစေ့ထုတ်ပြောင်း စိုက်ပျိုးကုန်ကျစရိတ်မှာ ပျမ်းမျှတစ်ဧကလျှင် ငွေကျပ် ၂၅၁၅၀၀ ရှိပြီး ယခုပေါက်ဈေးမှာ တစ်တင်းလျှင် ငွေကျပ် ၇၇၄၀၊ တစ်တန်လျှင် ငွေကျပ် ၃၀၄၆၀၉ ရှိကြောင်း ပြောင်းစိုက်တောင်သူ ဦးစိုင်းကြာထွန်းထံမှ သိရသည်။

**စိုင်း(သီပေါ)**

မကွေးတိုင်းဒေသကြီး

# ကျောက်ဆင်-ဟံသာဝတီကြိုးတံတား ယခု ဘဏ္ဍာနှစ်အတွင်းဆောက်လုပ်မည်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဟံသာဝတီကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက်ဆင်ကျေးရွာတို့ကို ဆက်သွယ်ပေးမည့် မြစ်သာမြစ်ကူး ကျောက်ဆင်-ဟံသာဝတီကြိုးတံတားကို ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျောက်ဆင်-ဟံသာဝတီကြိုးတံတားနှင့်ပတ်သက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုးက "ကြိုးတံတားက မြစ်သာမြစ်ကို ဖြတ်ပြီးတည်ဆောက်မှာပါ။ တံတားအရှည်က ပေ ၁၄၀၀ ရှိပါတယ်၊ ကျေး လက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ရန်ပုံငွေကျပ် ၃၃၆ သန်းဖြင့် တည်ဆောက်မှာ ဖြစ်ပါတယ်၊ ဒီဘက်ကျေးရွာတွေအတွက် ဒီကြိုးတံတားကြီးသာ ပြီးစီးသွားပြီဆိုပါက မြစ်သာမြစ်အရှေ့ ဘက် ကျေးရွာတွေအတွက် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြန်ဆန်လာမှာပါ" ဟု ပြောသည်။

"မြစ်သာမြစ်အရှေ့ဘက်မှာ ကျေးရွာပေါင်း ၂၀ ကျော်ရှိပါတယ်၊ မိုးရာသီဆို လမ်းပန်းဆက်သွယ်ရေးက အလွန်ခက်ပါတယ်၊ မဖြစ်မနေသွားကြရတော့မယ်ဆိုရင် ဆိုင်ကယ်တစ်ကြောင်း၊ စက်လှေတစ်ကြောင်းဖြင့် သွားကြရပါတယ်၊ အခုကျောက်ဆင်ကြိုးတံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ တည်ဆောက်မယ်ဆိုတာသိရလို့ အလွန်ဝမ်းသာမိပါတယ်၊ ဒီကြိုးတံတားကြီးသာ တကယ်အကောင်အထည်ဖော်ပြီးစီးလာပါက မြစ်သာမြစ်အရှေ့ဘက်က ပြည်သူတွေ သွားလမ်းသာလို့ လာလမ်းဖြောင့်သွားပါပြီ" ဟု ရေရှင်ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ကျောက်ဆင်-ဟံသာဝတီကြိုးတံတားသည် သုံးဘီးဆိုင်ကယ်နှင့် ကားလေးများ သွားလာ၍ရအောင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**သျှင်နေမင်း**

**နိုင်ငံ့တာဝန် ကျေပွန်အောင်**
**ကျသင့်အခွန် မှန်မှန်ဆောင်**



**စစ်ကိုင်းတိုင်းဒေသကြီး**

# မိုးရာသီတွင် ငါးမျိုးစိုက်ထည့်နိုင်ရန်နှင့် ရောင်းချရန် ငါးသားပေါက်ကောင်ရေ သိန်း ၂၀၀ ထုတ်လုပ်မည်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများ၊ ဆည်များနှင့် လယ်များအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ရန်၊ ကိုယ်တိုင်မွေးလိုသူပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင်များအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ ရေဦး၊ ရွှေဘိုနှင့် ထီးချိုင့်မြို့နယ် အင်ကြင်းကုန်း ငါးသားဖောက်စခန်းများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငါးသားပေါက်ကောင်ရေ သိန်း ၂၀၀ ထုတ်လုပ် ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

“တိုင်းဒေသကြီးအတွင်းမှာ ပုဂ္ဂလိက ငါးသားဖောက်စခန်းတွေလည်း ရှိတယ်၊ အများအားဖြင့် ရွှေဘိုခရိုင်အတွင်းမှာ ပိုပြီးများတယ်၊ ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ခံ ရေဦး၊ ရွှေဘိုမြို့များနှင့် ထီးချိုင့်မြို့နယ်မှာရှိတဲ့ အင်ကြင်းကုန်းကျေးရွာမှာရှိတဲ့ ငါးသားဖောက်စခန်းတွေကနေထုတ်မှာပါ၊ အဓိက ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးဟင်းငံခေါင်းပွ၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ တီလားပီးယား၊ ထိုင်းငါးခုံးမတွေကို အဓိကထားပြီး သားဖောက်ထုတ်လုပ်မှာပါ” ဟု တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးမှူးက ပြောသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဆိုပါ ငါးသားဖောက်များကို ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မူးမြစ်အတွင်းသို့လည်းကောင်း၊ ဆည်များ၊ ချောင်းပိတ်၊ မြောင်းပိတ်စနစ်များအတွင်းသို့ လည်းကောင်း၊ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်သွားမည်ဖြစ်သည်။ လာမည့် မိုးရာသီတွင် ငါးမျိုးစိုက်ထည့်နိုင်ရန်အတွက် ယခုကဲ့သို့ ငါးသားဖောက်ခြင်းကို အချိန်မီဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း သိရသည်။

“ငါးသားဖောက်ခြင်းလုပ်ငန်းကို အများအားဖြင့် သဘာဝငါးဥချတဲ့ အချိန်ကို မှီပြီး လုပ်ကြတယ်၊ ငါးသားဖောက်တဲ့အခါမှာ ရွှေဝါငါးကြင်းမျိုးကိုတော့ ဇန်နဝါရီ၊ ဖေဖော်ဝါရီလနှင့် မတ်လများတွင် သားဖောက်လုပ်ငန်းကို လုပ်ကြတယ်၊ ကျန်တဲ့ငါးမျိုးတွေကိုတော့ ငါးဥချတဲ့ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် လုပ်ကြတယ်၊ အဲဒီအချိန်တွေမှာငါးသားဖောက်လုပ်ရတာက ဟော်မုန်းဆေးထိုးစရာမလိုဘဲ သဘာဝအတိုင်း ဥချကြတယ်၊ ငွေကြေးအကုန်အကျလည်းနည်းတယ်၊ အောင်မြင်မှုနှုန်းလည်းများတယ်” ဟု အင်ကြင်းကုန်းငါးသားဖောက်စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်ကောင်ရေ သိန်း ၂၀၀ လျာထားလျက်ရှိရာ အကောင်ရေ ၁၃၄ သိန်းကို ရောင်းချမည်ဖြစ်ပြီး အကောင်ရေ ၆၆ သိန်းကို ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ မူးမြစ်နှင့် ဆည်များတွင်းသို့ ငါးမျိုးစိုက်ထည့်သွားမည် ဖြစ်သည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ လယ်များအတွင်းသို့ စိုက်ထည့်မွေးမြူသွားရန် လျာထားကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငါးသားပေါက်ကောင်ရေ သိန်း ၁၉၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**ကချင်ပြည်နယ်**

# နယ်စပ်ဖြတ်သန်းသွားလာမှု များပြားလာသည့် လွယ်ဂျယ်

ယူနန်ပြည်နယ်နှင့် နယ်နိမိတ်မျဉ်းတစ်ကြောင်းသာ ခြားနေသောလွယ်ဂျယ်မြို့သည် တစ်နှစ်ထက်တစ်နှစ် ကုန်သွယ်မှုဆက်ဆံရေးများပြားလာခြင်းကြောင့် ကချင်ပြည်နယ်ဒေသခံတို့၏ လူမှုစီးပွားဘဝများသည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

လွယ်ဂျယ်မြို့တွင် နယ်စပ်ဝင်/ထွက်ဂိတ်နှစ်ခုဖွင့်လှစ်ထားပြီး ဂိတ်(၁)တွင် ကုန်စည်ရောင်းဝယ်ကြသူများ၊ အလုပ်အကိုင်အတွက် သွားလာကြသူများ ဝင်ထွက်ခွင့်ရပြီး ဂိတ်(၂)တွင် သွင်းကုန်/ ထုတ်ကုန်သယ်ပို့နေသော ကားကြီး၊ ကားငယ်များ၊ ကုန်သည်ပွဲစားများ ဝင်ထွက်ခွင့်ပေးထားရာ ကချင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးများမှ လာရောက်ကြသူများ များပြားလျက်ရှိကြောင်း သိရသည်။ နယ်စပ်ဖြတ်သန်းရာတွင် ဖြတ်သန်းခွင့် BP စာအုပ်ကို မကဖ-၄ က စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ တစ်နေ့လျှင် ပျမ်းမျှလူဦးရေ ၂၀၀ ခန့်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့နိုင်ငံသားတွေ နယ်စပ်ဖြတ်သန်းဝင်ထွက်ရာမှာ အခက်အခဲမရှိစေရဘူး၊ လွယ်ကူချောမွေ့စေရမယ်၊ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းတွေမှာ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် ကုန်တင်ယာဉ်ကြီးတွေနဲ့ ယာဉ်မောင်း၊ ယာဉ်လိုက်တွေကို ဦးစားပေးဆောင်ရွက်ပေးနေပြီး ဒေသစုံက ရောက်ရှိလာကြတဲ့ နိုင်ငံသားတွေကိုလည်း ပြည်ပအတွေ့အကြုံနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိအောင် အသိပညာပေးခြင်းနဲ့ အထူးသဖြင့် အမျိုးသမီးငယ်တွေကို လူကုန်ကူးမှုမခံရအောင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး ကြပ်မတ်စိစစ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံသားတွေကလည်း နယ်စပ်ဖြတ်သန်းခွင့်ရဖို့ အထောက်အထားခိုင်လုံပြည့်စုံဖို့ လိုပါတယ်။ ပြီးတော့ နယ်စပ်စည်းမျဉ်းဥပဒေတွေကို အလေးထားလိုက်နာရပါလိမ့်မယ်။ ဒါမှ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာပြီး နယ်စပ်ဒေသ အေးချမ်းမှုရလာမှာဖြစ်ပါတယ်။ နယ်စပ်ဖြတ်သန်းခွင့်ကို သတ်မှတ်ချက်နှင့်အညီ ပိတ်ရက်မရှိ (One Stop Service)အချိန်တိုအတွင်း ဆောင်ရွက်ပေးနေပါတယ်” ဟု လွယ်ဂျယ် မကဖ-၄ ဦးစီးမှူး ဦးကျော်စိုးက ခရီးသွားပြည်သူများနှင့် တွေ့ဆုံရာတွင် အသိပညာပေးပြောကြားသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**



## အထက ကျောင်းဆောင်သစ်များ ဆိပ်ဖြူမြို့နယ်၌ ဆောက်လုပ်ပြီးစီး

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် လက်ဆည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် အသစ်တည်ဆောက်သည့် စာသင်ခန်းသုံးခန်းပါ ပေ ၉၀၊ပေ ၃၀ အာရ်စီတစ်ထပ် ကျောင်းဆောင်သစ်ကို တင်ဒါရ မြခိုင်မာကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးသောကြောင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသား၊ကျောင်းသူများ အဆိုပါ ကျောင်းဆောင်သစ်တွင် ပညာသင်ကြားနိုင်မည်ဖြစ်ပြီး ကျောင်းဆောင်သစ်ကို ငွေကျပ်(၄၈၆) သိန်း ကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဆိပ်ဖြူမြို့နယ်တွင် အလားတူ ကျောင်းဆောင်သစ်များ မယ်ဇလီကွေ့ကျေးရွာနှင့် ညောင်ဝွေးဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးနေပြီဖြစ်၍ ဒေသခံပြည်သူများက မျှော်မှန်းထားသည်ထက် အရည်အသွေးမြင့် ပိုမိုကောင်းမွန်သော ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးသည့်အတွက် အထူးကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ထန်တလန်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာထပ်မံရွေးချယ်

ထန်တလန်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာကို မေ ၁၈ ရက်က မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် ကော်သုံးကော်အစည်းအဝေး၌ ရွေးချယ် အတည်ပြုခဲ့ကြသည်။

မြစိမ်းရောင် စီမံကိန်းသည် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးပြီး ဆင်းရဲမှုနှုန်းလျှော့ချနိုင်ရေးရည်ရွယ်ချက်ဖြင့် အရင်းမပျောက်မတည် ရင်းနှီးငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀ ထုတ်ပေးခြင်းဖြစ်ရာ ထန်တလန်မြို့နယ် တောင်ကြောကိုးကြောမှ သတ်မှတ်စံနှုန်းနှင့် ပြည့်မီသည့် တလန်ခွါး၊ ဆိုပွမ်း၊ ဖုန်က၊ ဟရိန်ခန်း၊ ဆလင်း၊ ဟရီဖီး(ခ) ငါဖိုင်သဲ၊ ဖန်ထင်၊ ကြောင်ထီယားနှင့် လေတပ်ကျေးရွာများကို ရွေးချယ်ခြင်းဖြစ်သည်။

မြစိမ်းရောင်စီမံကိန်းကို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အိမ်ခြေ ၁၀၀ ကျော်ရှိသည့် ကျေးရွာများကို ဦးစားပေး ရွေးချယ်ထားခြင်းဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ထန်တလန်မြို့နယ် နှာရိန်း၊ ဖာရွန်း၊ ဇဲဖိုင်နှင့် တလန်ပီးကျေးရွာများ၌ ထုတ်ချေးပြီးဖြစ်ရာ ယခုတင်ပြသည့် ကျေးရွာများကို ထပ်မံထုတ်ချေးပေးပါက ထန်တလန်မြို့နယ်တွင် ကျေးရွာ ၁၄ ရွာရှိ ဒေသခံပြည်သူများ အကျိုးခံစားရတော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စွယ်တော် စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်






- ရန်ကုန်မြို့တော်၏မြောက်ဘက် အဝိကဝင်ပေါက်၊ အမှတ်(၃)လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ သီရိရတနာ လက်လီလက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာတွင်တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ **Royal Mingalardon Golf Resort** တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အချာကျသောနေရာ ဖြစ်သည်။




- မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင် တည်ဆောက်သွားမည့် စီမံကိန်းဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များအနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။
- ခေတ်မီပိုသုကာဒီဇိုင်း၊ ခေတ်မီ **Post -Tensioned** စနစ်ဖြင့် **10" Concrete Slab**၊ ငလျင်ဒဏ်ခံနိုင်သည့် **Shear wall** များ ထည့်သွင်းဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အအုံတိုင်းတွင် **2500 sq-ft** ခန့် ကျယ်ဝန်းသော **Lobby** ပါရှိပါမည်။




900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms

- အဆောက်အအုံတိုင်းတွင် **Schindler** အမျိုးအစား ဓာတ်လှေကား(၄)စီး၊ **Security System, CCTV, Fire protection & Fire alarm system,Back up Generator system** များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံးအတွင်း **Under ground cable** များ ကိုသာအသုံးပြုသွားပါမည်။
- ရေကူးကန်များ၊စားသောက်ဆိုင်၊ **Fitness center** ၊ **SPA**၊ **Steam**၊ **Sauna**၊ **Jacuzzi**၊ **Convenience Store** ပါဝင်သော **Clubhouse** တစ်ခုနှင့် ကလေးကစားကွင်း၊ လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်ပါမည်။



- (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့်လမ်းများနှင့်အဆောက်အအုံ ပတ်လည်တွင်သာယာလှပသောပန်းခြံဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။







**(တစ်)ပေပတ်လည်လျှင် ကျပ် ၇၅,၀၀၀ မှစ၍ ရောင်းချပေးနေပါသည်။**

ဆက်သွယ်ရန် - ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ်(၂၄၅)၊ဗားကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။

09-797-332211, 09-797-221133
09-799-332211, 09-799-221133

# နွေရာသီလှုပ်ခတ်မှုနဲ့ စတားလင်းရဲ့ အနာဂတ်



အောင်က

မကြာသေးခင်ကပင် ပရီမီယာလိဂ်ရာသီက ပြီးသွားပြီဆိုတော့ နွေရာသီခြေနှစ်ချောင်းဈေးကွက်က ပြန်လည် ဦးမော့လာပြီဆိုရမှာပါ။ လက်ရှိအသင်းတွေထဲမှာမှ လှုပ်ခတ်မှုအရှိဆုံး ကစားသမားကို ပြောပါဆိုရင်တော့ လီဗာပူး လူငယ်ကစားသမား ရာဟီးစတားလင်းက ထိပ်ဆုံးကနေ မပါမဖြစ်ပါနေမှာဖြစ်ပါတယ်။ လီဗာပူးအသင်းအနေနဲ့ အသင်းရဲ့ ပါရမီရှင် လူငယ်ကစားသမား စတားလင်းကို တစ်ပတ်လုပ်ခ ပေါင် ၇၀၀၀၀ ကနေ ပေါင် ၉၀၀၀၀ အထိ တိုးမြှင့်ပေးခဲ့ပေမယ့် စတားလင်းကတော့ အသင်းနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုဖို့မရှိဘူးလို့ ငြင်းဆိုထားပါတယ်။ ဒါကြောင့်လည်း ဥရောပအသင်းတွေရဲ့ အာရုံစိုက်မှုဟာ စတားလင်းအပေါ် ပိုမိုအာရုံစိုက်လာခဲ့ကြပါတယ်။ ဒါတွေကြောင့်လည်း စတားလင်းရဲ့ ပြောင်းရွှေ့ကြေးဟာ အစောပိုင်းက ပေါင် သန်း ၄၀ လောက်အထိ ရှိနေခဲ့ပေမယ့် အခုအချိန်မှာတော့ ပေါင်သန်း ၆၀ လောက်အထိတောင် ရှိလာနေပြီလည်းဖြစ်ပါတယ်။


ရာဟီးစတားလင်းဟာ အသက် ၁၇ နှစ် အရွယ် ကတည်းက အင်္ဂလန် လက်ရွေးစင်အသင်းမှာ ပါဝင်ကစားခွင့် ရရှိခဲ့တဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ်မှာလည်း ဥရောပရဲ့ ရွှေရောင်လူငယ်ဆုကို ရရှိခဲ့သူဖြစ်ပါတယ်။ လက်ရှိအချိန်မှာ စတားလင်းရဲ့ အသက်ဟာ ၂၀ သာရှိနေသေးတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း လက်ရှိ ဘောလုံးလောကရဲ့ အကောင်းဆုံး ကစားသမားတွေဖြစ်တဲ့ မက်ဆီ၊ ရော်နယ်ဒိုတို့ အသက် ၂၀ တုန်းက အခြေအနေနဲ့ နှိုင်းယှဉ်ပြီး စတားလင်းရဲ့ လက်ရှိအခြေအနေတွေကို ချိန်ထိုးကြည့်မိပါတယ်။ လက်ရှိအချိန်မှာ စတားလင်းရဲ့ ခြေစွမ်းတွေဟာ လူငယ်ကစားသမားတွေကြားထဲမှာတော့ ထူးထူးခြားခြား ခြေစွမ်းပြနေတဲ့ ကစားသမားတစ်ဦးလို့ ဆိုရမှာဖြစ်ပါတယ်။

စတားလင်းဟာ ဒီနှစ်ရာသီမှာ လီဗာပူးအသင်းနဲ့အတူ စုစုပေါင်း ကစားထားတဲ့ပွဲတွေဟာ ၅၁ ပွဲရှိပြီး ၁၈ ဂိုး သွင်းယူထားတာလည်း ဖြစ်ပါတယ်။ အဲဒါကို ရာခိုင်နှုန်းနဲ့ ပြရမယ်ဆိုရင်တော့ မိနစ် ၉၀ တိုင်းမှာ ဂိုးရရှိမှုဟာ ၀ ဒသမ ၂၃ ဂိုး ရရှိတယ်လို့ပြောရမှာပါ။ ဒါ့အပြင် ဘောလုံးရရှိအောင် ပံ့ပိုးပေးနိုင်မှုမှာလည်း ၁၄ ကြိမ်ရှိခဲ့တာကြောင့် မိနစ် ၉၀ တိုင်း ၀ ဒသမ ၁၈ ရာခိုင်နှုန်း ပံ့ပိုးပေးနိုင်တယ်လို့ ပြောရမှာပါ။ ဒီရာသီအတွင်းမှာ သူဟာ အသက် ၂၀ ပြည့်ခဲ့ပြီဖြစ်ပြီး ယခုနှစ်ရာသီတွင် ပါဝင်ကစားခဲ့တဲ့ ပရီမီယာလိဂ် ၃၄ ပွဲမှာ ခုနစ်ဂိုးသွင်းယူပေးကာ ဂိုးရရှိဖို့အတွက် (၇)ကြိမ် ပံ့ပိုးပေးခဲ့ပြီး အခွင့်အရေးရရှိဖို့ကိုလည်း (၇၅)ကြိမ်တိုင် ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဆွာရက်ဇ်အသင်းကနေ ထွက်ခွာသွားသလို စတာရစ်ကလည်း ဒဏ်ရာနဲ့ ရုန်းကန်နေရတဲ့ လီဗာပူးအသင်းမှာ အခုလို ရလဒ်ကောင်းတွေ ပိုင်ဆိုင်အောင် စွမ်းဆောင်ထားနိုင်တာကတော့ စတားလင်းရဲ့ခြေစွမ်းကို ချီးကျူးရမှာလည်း ဖြစ်ပါတယ်။

အထူးသဖြင့် ဒီရာသီမှာ စတားလင်းဟာ ၃၄ ပွဲမှာ အခွင့်အရေး ဖန်တီးပေးမှု (၇၅)ကြိမ်ရှိခဲ့တာကတော့ သူ့ရဲ့ အရည်အချင်းဟာ အထင်းသားပေါ်လွင်လို့နေပါတယ်။ ရော်နယ်ဒိုအသက် ၂၀ ရှိချိန် မန်ယူအသင်းမှာ ကစားစဉ်ကဆိုရင် ၃၃ ပွဲမှာ အခွင့်အရေးဖန်တီးပေးနိုင်မှု (၄၉)ကြိမ်သာရှိခဲ့ပြီး ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီဆိုရင်လည်း ၂၈ ပွဲမှာ အခွင့်အရေး ဖန်းတီးပေးနိုင်မှုဟာ အကြိမ် (၄၀)ပဲ ရှိတာကိုတွေ့ရပါတယ်။ အခြားမှတ်တမ်းတင်ထားတဲ့ ကစားသမားတွေကတော့ ဒေးဗစ်ဆေးလ်ဗားဆိုရင် ၃၄ ပွဲမှာ အခွင့်အရေးဖန်းတီးပေးနိုင်မှု အကြိမ် (၄၀)၊ ဂါရတ်ဘေးလ်ဆိုရင် ၂၃ ပွဲမှာ (၃၉) ကြိမ်နဲ့ ဝေါလ်ကော့ဆိုရင် ၂၅ ပွဲမှာ (၂၂)ကြိမ်သာရှိတာကို တွေ့ရပါတယ်။ သူတို့တွေ အားလုံးနဲ့ယှဉ်ရင်တော့ စတားလင်းရဲ့ စွမ်းဆောင်မှုဟာ အားလုံးရဲ့ထိပ်ဆုံးမှာ ရှိတယ်လို့ ပြောရမှာပါ။

ဒါပေမယ့် စတားလင်းအနေနဲ့ လက်ရှိအသက်အရွယ်မှာ အခွင့်အရေးဖန်တီးပေးနိုင်မှုဟာ မယှဉ်နိုင်တဲ့ ကစားသမားတွေကတော့ ဟာဇက်နဲ့ အိုဇေးလ်တို့ပဲရှိပါတယ်။ ဒါပေမယ့် ဒီနှစ်ရာသီမှာ လီဗာပူးအသင်းအနေနဲ့ ဂိုးရရှိဖို့အတွက် ရုန်းကန်နေရတဲ့ အခြေအနေတွေနဲ့ ရလဒ်တွေဆိုးရွားနေတဲ့ အခြေအနေမှာတောင် စတားလင်းအနေနဲ့ အခုလောက် စွမ်းဆောင်နိုင်တာက အတိုင်းထက်အလွန် ကောင်းလွန်းနေတယ်လို့ ပြောရမလိုဖြစ်နေပါတယ်။ ဒါပေမယ့် အမှန်အတိုင်းပြောရမယ်ဆိုရင် အခွင့်အရေးဖန်တီးပေးနိုင်မှုတွေမှာသာ အကောင်းဆုံးရှိနေပေမယ့် ဂိုးသွင်းနိုင်မှုနဲ့ ဂိုးရရှိအောင် ဖန်တီးပေးနိုင်မှုတွေမှာတော့ စတားလင်းဟာ အကောင်းဆုံးရှိမနေသေးတာကိုတော့ တွေ့ရပါတယ်။ ဘာစီလိုနာရဲ့ နာမည်ကြီးတိုက်စစ်မှူး မက်ဆီ အသက်၂၀ အရွယ်မှာဆိုရင် လေးပွဲမှာ သုံးဂိုးလောက်ကို သွင်းယူနိုင်ပြီး သူ့ရဲ့နောက်မှာတော့ ဟာဇက်နဲ့ ရော်ဘင်တို့ ရှိနေခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိစွမ်းဆောင်မှုတွေကို ကြည့်မယ်ဆိုရင် စတားလင်းဟာ အားလုံးထက် သိသိသာသာကောင်းမွန်ခြင်းမရှိပေမယ့် သူ့ရဲ့ လက်ရှိအခြေအနေတွေကတော့ တိုးတက်ဖို့အတွက် အလားအလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ ကစားသမားတစ်ဦးအဖြစ် ရှိနေတာကတော့ အမှန်ပါပဲ။

ဒါပေမယ့် ရော်နယ်ဒိုရဲ့အသက် ၂၀ အရွယ်ကဆိုရင် ပရီမီယာလိဂ် ၆၄ ပွဲမှာ ကိုးဂိုးပဲသွင်းယူနိုင်ပြီး အဲဒါကို ရာခိုင်နှုန်းနဲ့ပြောရမယ်ဆိုရင်တော့ မိနစ် ၉၀ တိုင်းမှာ ဂိုးသွင်းနိုင်မှုဟာ ၀ ဒသမ ၂ ရာခိုင်နှုန်းပဲရှိပါတယ်။ ဒါ့အပြင် ဂိုးရရှိဖို့အတွက် ဖန်တီးနိုင်မှုကလည်း ရှစ်ကြိမ်သာရှိတာကြောင့် မိနစ်၉၀တိုင်းမှာ ၀ ဒသမ ၁၈ ရာခိုင်နှုန်းပဲ ဖန်တီးနိုင်တယ်လို့ ဆိုရမှာပါ။ အဲဒီရလဒ်တွေနဲ့ယှဉ်ရင်တော့ လက်ရှိ စတားလင်းရဲ့ စွမ်းဆောင်မှုတွေဟာ ကောင်းမွန်သာလွန်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း စတားလင်းဟာ ဘောလုံးလောကသမိုင်းရဲ့ အသက် ၂၃ နှစ်အောက် ကစားသမားတွေထဲမှာတော့ တန်ကြေးအမြင့်ဆုံး ကစားသမားအဖြစ် ရှိလာနိုင်တဲ့ ကစားသမားတစ်ဦးအဖြစ် ရှိနေတာလည်းဖြစ်ပါတယ်။ ဒါကြောင့်ဒီနွေရာသီမှာတော့ လီဗာပူးအသင်းရဲ့ လူငယ်ကစားသမား စတားလင်းရဲ့ အနာဂတ်ဟာ ဘယ်လိုရှိမလဲဆိုတာကတော့ စိတ်ဝင်စားစွာနဲ့ စောင့်ကြည့်ရမှာလည်း ဖြစ်ပါတယ်။



# အက်ဖ်အေဖလားဖိုင်နယ်ပွဲကို အာဆင်နယ်တိုက်စစ်မှူး ဝဲလ်ဘက် လွဲချော်ဖွယ်ရှိနေ

ဒူးဒဏ်ရာပြဿနာနှင့်ကြုံတွေ့နေရသည့် အာဆင်နယ်အသင်း တိုက်စစ်မှူး ဒန်နီဝဲလ်ဘက်သည် ယခုချိန်အထိ အသင်းနှင့်အတူ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နိုင်ခြင်းမရှိသေးသောကြောင့် မေ ၃၀ ရက်တွင် အာဆင်နယ်က အက်စ်တွန်ဗီလာအသင်းနှင့် ကစားရမည့် ၂၀၁၄-၁၅ ခုနှစ် ဘောလုံးရာသီ အက်ဖ်အေဖလားဖိုင်နယ်ပွဲတွင် ပါဝင်နိုင်ရန် အလားအလာနည်းပါးကြောင်း အာဆင်နယ်အသင်း မန်နေဂျာ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောဆိုလိုက်သည်။

အင်္ဂလန်တိုက်စစ်မှူး ဝဲလ်ဘက်သည် အာဆင်နယ်အသင်း နောက်ဆုံးကစားခဲ့သည့် ပရီမီယာလိဂ်ပွဲ ငါးပွဲတွင်လည်း ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။

မန်ယူတိုက်စစ်မှူးဟောင်း ဝဲလ်ဘက်သည် အက်ဖ်အေဖလား ဖိုင်နယ်ပွဲတွင် ပါဝင်နိုင်မည်လားဟု မေးမြန်းမှုကို မန်နေဂျာအာစင်ဝင်းဂါးက “အက်ဖ်အေဖလား ဖိုင်နယ်ပွဲမှာ တိုက်စစ်မှူး ဝဲလ်ဘက်ပါဝင်နိုင်ဖို့ အခွင့်အရေး နည်းပါးပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ အခုချိန်အထိ လေ့ကျင့်မှုမပြုလုပ်နိုင်သေးလို့ပါပဲ”ဟု ဖြေဆိုသွားသည်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဝဲလ်ဘက်သည် ယခုနှစ် အက်ဖ်အေဖလားပြိုင်ပွဲတွင် အာဆင်နယ်အတွက် သုံးပွဲပါဝင်ကစားထားပြီး တစ်ဂိုးသွင်းယူထားသူဖြစ်သည်။

တိုက်စစ်မှူး ဝဲလ်ဘက်သည် ဒဏ်ရာပြဿနာကြောင့် အက်ဖ်အေဖလားပြိုင်ပွဲ ဖိုင်နယ်ပွဲကို လွဲချော်ရဖွယ်ရှိနေသည့်အပြင် ဇွန် ၇ ရက်တွင် အိုင်ယာလန်အသင်းနှင့်ကစားမည့် ခြေစမ်းပွဲ၊ ဇွန် ၁၄ ရက်တွင် အဝေးကွင်း၌ ဆလိုဗေးနီးယားအသင်းနှင့် ယူရို ၂၀၁၈ ခြေစစ်ပွဲများကစားရမည့် အင်္ဂလန်အသင်းတွင်လည်း ပါဝင်ကစားနိုင်ရန် မသေမချာဖြစ်နေသည်။

အင်္ဂလန်လက်ရွေးစင်အသင်း မန်နေဂျာ ရွိုင်းဟော့ဂ်ဆန်က အိုင်ယာလန်နှင့် ခြေစမ်းပွဲတွင် မန်ယူအသင်းတိုက်စစ်မှူး ဝိန်းရွန်နေအား အသုံးမပြုဘဲ အနားပေးထားမည်ဟု ပြောဆိုထားသည်။ ထို့ကြောင့် အဆိုပါပွဲတွင် အင်္ဂလန်အသင်း၏ တိုက်စစ်၌ လက်စတာစီးတီးအသင်းတိုက်စစ်မှူး ဂျိမ်းစ်ဗာဒီနှင့် ကျူပီအာအသင်း တိုက်စစ်မှူး ချာလီအော်စတင်တို့အနက်မှ တစ်ဦး ပွဲထွက်ပါဝင်ခွင့် ရရှိဖွယ်ရှိနေသည်။ ဂျိမ်းစ်ဗာဒီ(၂၈နှစ်)နှင့် ချာလီအော်စတင်(၂၆နှစ်)တို့သည် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပါဝင်ကစားဖူးခြင်း မရှိသေးသူများဖြစ်သည်။

# ARSENAL  ASTON VILLA

Competition - FA Cup : Date- 30 May 2015 : Kick-off - 23:00 : Venue- Wembley Stadium(London)

လာမယ့် မေ ၃၀ ရက်မှာ ၂၀၁၅ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို ကျင်းပသွားဖို့ရှိပြီး အာဆင်နယ်နဲ့ အက်စ်တွန်ဗီလာတို့ ဆုံတွေ့ယှဉ်ပြိုင်ကစားသွားမှာဖြစ်ကာ ဘယ်အသင်းကနိုင်ပွဲရပြီး ဗိုလ်စွဲသွားမလဲဆိုတာ စောင့်ကြည့်သွားရမယ်။

## PREDICTED TEAM

အာဆင်နယ်ဟာ လက်ရှိအချိန်မှာ အက်စ်အေဖလားကို (၁၁)ကြိမ် ရယူထားနိုင်ပြီး မန်ယူနဲ့အတူ အအောင်မြင်ဆုံးအသင်းအဖြစ် ပူးတွဲရပ်တည်နေကာ တကယ်လို့ ဒီပွဲမှာသာ အနိုင်ရဗိုလ်စွဲခဲ့ရင် (၁၂)ကြိမ်မြောက် အောင်ပွဲခံနိုင်ခြင်းဖြစ်မယ့်အပြင် မန်ယူထက်တစ်ကြိမ်အသာရကာ ပြိုင်ပွဲသမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအဖြစ် တစ်သင်းတည်းရပ်တည်သွားနိုင်မှာပါ။

## KEY PLAYER



အာဆင်နယ်ကို ရောက်စနှစ်ဖြစ်တဲ့ မနှစ်က ဘောလုံးရာသီမှာ ထင်သလောက်ခြေစွမ်းမပြနိုင်ခဲ့သလို ဒီရာသီရဲ့ အစောပိုင်းကာလတွေမှာလည်း ဒဏ်ရာကြောင့် ပွဲကစားခွင့်နည်းပါးခဲ့ပေမယ့် အခုအချိန်မှာတော့ အိုဇေးလ်ဟာ အသင်းရဲ့ ကွင်းလယ်အတွက် အဓိကကျသူတစ်ဦးဖြစ်လာနေပါပြီ။

## PREDICTED TEAM

ဗီလာဟာ ဒီအက်ဖ်အေဖလားကို (၇)ကြိမ် ရရှိခဲ့ပေမယ့် အဲဒီ (၇)ကြိမ်အနက် နောက်ဆုံးရခဲ့တာက ၁၉၅၇ ခုနှစ်ကပါ။ အဲဒီပွဲအပြီး နောက်ပိုင်းမှာ ဗီလာဟာ ၂၀၀၀ ပြည့်နှစ်မှာ အက်ဖ်အေဖလား ဗိုလ်လုပွဲကို တက်နိုင်ခဲ့ပေမယ့် ချယ်လ်ဆီးကိုရှုံးပြီး ဒုတိယသာရခဲ့ပါတယ်။ တကယ်လို့ ဒီတစ်ကြိမ်မှာ ဗီလာဗိုလ်စွဲခဲ့ရင်တော့ ယူရိုပါလိဂ်ဝင်ခွင့်ပါရသွားမှာပါ။

## KEY PLAYER



ဒီနှစ်ဘောလုံးရာသီမှာတော့ ဘန်တီကီဟာ ဗီလာရဲ့ မရှိမဖြစ်တိုက်စစ်မှူးပဲ။ သူ့ရဲ့ သွင်းဂိုးတွေဟာ ဗီလာကို တန်းမဆင်းရအောင် ကယ်တင်နိုင်ခဲ့သလို ဒီပြိုင်ပွဲမှာလည်း ဗိုလ်လုပွဲအထိ တက်စေခဲ့ကာ ဒီရာသီမှာတော့ ဘန်တီကီဟာ ပြိုင်ပွဲအရပ်ရပ်မှာ ဗီလာအတွက် ၁၅ ဂိုးသွင်းယူပေးထားပါတယ်။

## PREDICTION

ဗီလာဟာ တင်ရှားဝုဒ်လက်ထက်မှာ ကစားပုံပြောင်းလဲလာခဲ့ပြီး ပရီမီယာလိဂ်မှာ တန်းဆင်းဇုန်က အလွတ်ရုန်းနိုင်ခဲ့ပေမယ့် လိုအပ်ချက်အချို့ကတော့ရှိနေဆဲပါ။ အထူးသဖြင့် ဗီလာရဲ့ခံစစ်ကြောင်းဟာ ကျစ်လျစ်မှုမရှိသေးဘဲ ဆောက်သမ်တန်ကို ခြောက်ဂိုး၊ အဲဗာတန်ကို နှစ်ဂိုး၊ မန်စီးတီး၊ မန်ယူ၊ ကျူပီအာတို့ကို သုံးဂိုးစီ ပေးခဲ့ရတာကြည့်ရင် ဗီလာခံစစ်ကြောင်းဟာ လုံခြုံမှုမရှိတာ ထင်ရှားသလို အာဆင်နယ်ရဲ့ ဖိအားပေးမှုကို ပွဲချိန်ပြည့် ထိန်းချုပ်ကစားနိုင်ဖို့ဆိုတာ ခက်ခဲမှုတွေရှိလာမှာပါ။ အာဆင်နယ်ကသာ နိုင်ပွဲနဲ့အတူ ချန်ပီယံ ဆုကို ကာကွယ်သွားနိုင်ပါလိမ့်မယ်။

**အာဆင်နယ်၏ ချန်ပီယံဖြစ်ခဲ့မှုများ**

၁၉၃၀၊ ၁၉၃၆၊ ၁၉၅၀၊ ၁၉၇၁၊ ၁၉၇၉၊ ၁၉၉၃၊ ၁၉၉၈၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၅၊ ၂၀၁၄

**ဗီလာ၏ ချန်ပီယံဖြစ်ခဲ့မှုများ**

၁၈၈၇၊ ၁၈၉၅၊ ၁၈၉၇၊ ၁၉၀၅၊ ၁၉၁၃၊ ၁၉၂၀၊ ၁၉၅၇

## POSSIBLE LINEUP (4-5-1) ARSENAL




| | | | | | | | |
|---|---|---|---|---|---|---|---|
| 13 | အော့စပီနာ | 6 | ကိုစီနီ | 16 | ရမ်ဆေး | 12 | ဂီရောက်ဒ် |
| 4 | မာတီဆက်ကာ | 3 | ကီရန်ဂစ် | 19 | ကာဇိုလာ | 19 | ဆန်းချက်ဇ် |
| 39 | ဘယ်လာရင် | 10 | ဝီရှီးရား | 11 | အိုဇေးလ် | | |

## POSSIBLE LINEUP (4-3-3) ASTON VILLA




| | | | | | | | |
|---|---|---|---|---|---|---|---|
| 31 | ရှေးဂစ်ဗင် | 4 | ရွန်ဗယ်လာ | 40 | ဂရေ့လစ်ချ် | 7 | ဘာကူနာ |
| 5 | အိုကိုရီ | 16 | ဒဲလ် | 8 | ကလီဗာလေ | 20 | ဘန်တီကီ |
| 21 | ဟက်တန် | 28 | ဇာဘီယာ | 15 | ဝက်စ်ဝုဒ် | | |

## FA CUP MATHCES

| | | |
|---|---|---|
| တတိယအဆင့် | ဟားလ်စီးတီး | ၂-၀ |
| စတုတ္ထအဆင့် | ဘရိုက်တန် | ၃-၂ |
| ပဥ္စမအဆင့် | မစ်ဒယ်ဘရော့ | ၂-၀ |
| ကွာတား | မန်ယူ | ၂-၁ |
| ဆီမီး | ရီးဒင်း | ၂-၁ |

## FA CUP MATHCES

| | | |
|---|---|---|
| တတိယအဆင့် | ဘလက်ပူးလ် | ၁-၁ |
| စတုတ္ထအဆင့် | ဘုန်းမောက် | ၂-၁ |
| ပဥ္စမအဆင့် | လက်စတာစီးတီး | ၂-၁ |
| ကွာတား | ဝက်စ်ဘရွန်း | ၂-၀ |
| ဆီမီး | လီဗာပူး | ၂-၁ |

# မန်စီးတီးတိုက်စစ်မှူး အဂူရိုကို ကမ်းလှမ်းရန် ရီးရဲမက်ဒရစ်အသင်းစီစဉ်

ရီးရဲမက်ဒရစ်အသင်းသည် လာမည့်နွေရာသီ ဈေးကွက်ကာလအတွင်းတွင် မန်စီးတီးအသင်း တိုက်စစ်မှူး ဆာဂျီယိုအဂူရိုအား ပြောင်းရွှေ့ကြေးယူရို သန်း ၉၀ ဖြင့် ခေါ်ယူရေးအတွက် မန်စီးတီးအသင်းထံ ကမ်းလှမ်းမှုပြုလုပ်မည်ဖြစ်ကြောင်း စပိန်နေ့စဉ် အားကစားသတင်းစာ AS တွင် ရေးသားဖော်ပြထားသည်။

ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်ဇ်သည် အာဂျင်တီးနားတိုက်စစ်မှူး အဂူရို (၂၆နှစ်)၏ ခြေစွမ်းကို နှစ်သက်သူဖြစ်ပြီး ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း အက်သလက်တီကိုမက်ဒရစ်အသင်း၌ တိုက်စစ်မှူး အဂူရို ပါဝင်ကစားနေခဲ့ချိန်များအတွင်းကပင် ခေါ်ယူရန် ကြိုးစားခဲ့ဖူးသည်။ သို့သော်လည်း တိုက်စစ်မှူး အဂူရိုသည် ရီးရဲမက်ဒရစ်အသင်း၏ မြို့ခံပြိုင်ဘက်အသင်းတွင် ပါဝင်ကစားနေမှုက ရီးရဲအတွက် အဟန့်အတားဖြစ်ခဲ့ရပြီး ခေါ်ယူနိုင်ခြင်းမရှိခဲ့ပေ။

တိုက်စစ်မှူး အဂူရိုက ရီးရဲမက်ဒရစ်အသင်းအပေါ် လေးစားမှုရှိကြောင်း ယခင်က ဖွင့်ဟပြောဆိုခဲ့ဖူးသည်။ အာဂျင်တီးနား ဂန္ထဝင်ကစားသမားကြီး ဒီယေဂိုမာရာဒိုနာကလည်း အဂူရိုသည် ရီးရဲမက်ဒရစ်အသင်းတွင် ပါဝင်ကစားရန် ထိုက်တန်သူဖြစ်ပြီး အက်သလက်တီကိုအသင်းတွင် အဂူရိုပါဝင်ကစားခဲ့မှုသည် ရီးရဲမက်ဒရစ်သို့ အဂူရိုပြောင်းရွှေ့ရေးနှင့် မပတ်သက်ကြောင်း ပြောဆိုခဲ့သည်။

၂၀၁၄-၁၅ ခုနှစ် ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်း၏ အဓိက တိုက်စစ်မှူးဖြစ်သူ ဘင်ဇီမာ ဒဏ်ရာရရှိနေခဲ့ခြင်းကြောင့် ရီးရဲမက်ဒရစ်အသင်းတိုက်စစ်ပိုင်း အကောင်းဆုံးစွမ်းဆောင်နိုင်ရန် ရုန်းကန်ခဲ့ရသည်။

တိုက်စစ်မှူး အဂူရိုသည် ၂၀၁၄-၁၅ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၂၆ ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ၂၀၁၄-၁၅ ခုနှစ် ပရီမီယာလိဂ်ဘောလုံးရာသီ၏ ဂိုးသွင်းအများဆုံး ကစားသမားဆု (Golden Boot)ကို ရရှိခဲ့သူဖြစ်သည်။

မန်စီးတီးအသင်းကမူ တိုက်စစ်မှူး အဂူရိုအားမည်သည့်ပြောင်းရွှေ့ကြေးနှင့်မျှ ရောင်းချမည်မဟုတ်ဟု ပြောဆိုထားသည်။ တိုက်စစ်မှူး အဂူရိုနှင့် မန်စီးတီးအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ လာမည့် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင်မှ ကုန်ဆုံးမည်ဖြစ်သည်။

